ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

# ဓမ္မဝီရဂျာနယ်

Dhamma Vira Journal

ဓမ္မဝီရ
ရသအမှန် တရားမှန်သော
အာနန္ဒြိုးပြည့်ဝ နှလုံးသည်
ဘဝအနေ၊ အလုဝလျက်
အနေလည်းထတ်
အသေမြတ်အောင်
မချွတ်သောက်ပံ့၊ ကူညီအံ့း
ဓမ္မဝီရ

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ( ၁၀ )ရက် | အတွဲ ( ၁၅ ) အမှတ် ( ၁၀ ) | ၂၀၀၉ ခုနှစ်၊ ဇွန်လ ( ၂ ) ရက်

## မဲထီးဆရာတော်ဘုရားကြီး၏
## ငေဂဂရုဂါဒ္ဓသာသနာဆက် အလင်းပြဝံ့သဒီပနီ



(ယခင်အပတ်မှအဆက်)

### ဆဗ္ဗဂ္ဂီရဟန်းများဝတ်ရုံပုံ

ဝတ်ခြင်း,ရုံခြင်းသည် ဘုရားသခင်လက်ထက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူတို့ကဲ့သို့ ရှေ့နောက်တွဲလျားချ၍ဝတ်ခြင်း, ဆင်နှာမောင်းကဲ့သို့ ချက်မှချ၍ဝတ်ခြင်း, ငါးမြီးကဲ့သို့တဘက်မှအဆာတစ်ဘက်မှအကွင်းကိုချ၍ဝတ်ခြင်း, ထန်းရွက်အပြားကဲ့သို့ အပြားအပြား တွဲလျားချ၍ဝတ်ခြင်း, ကျေးမိန်းမတို့ကဲ့သို့ ခါးစည်းခါးရမ်းကြိုးထား၍ ဝတ်ခြင်း, ရှည်သောပုဆိုးကို အကြိမ်များစွာ ခွေ၍ အောက်ပိုးပြုသဖြင့် ဝတ်ခြင်း, လက်ဝဲ, လက်ယာနံပါးတို့၌တွဲလျားချ၍ဝတ်ခြင်း, လက်ပန်းသမား တို့ကဲ့သို့ အောက်ပိုးကြိုက်၍ဝတ်ခြင်း ဤသို့ အစရှိသဖြင့် လူတို့ကဲ့သို့ဝတ်ခြင်းကြောင့် ရဟန်းတို့ အားမအပ်ဟု ပညတ်တော်မူ၍ အဝန်းညီစွာ ဝတ်ရမည်ဟု ပညတ်တော်မူသည်။

ဘုရားသခင်လက်ထက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပုဆိုးဖြူကို ထက်ဝက်သောအစဉ်ဖြင့် နိဂဏ္ဌရုံသကဲ့သို့ ရုံကုန်သည်၊ အချို့သော ပရိဗ္ဗာဇက တို့သည် ရင်ကိုဖွင့်၍ ပခုံးစွန်းနှစ်ဘက်တို့၌အဝတ်ကိုထားဘိသကဲ့သို့ရုံသည်၊ တစ်ထည်သောပုဆိုးကို လူတို့သည် တစ်ခုသောအစွန်းဖြင့် ကျောက်ကုန်း

စာမျက်နှာ ၁၄ သို့



မြန်မာ့ဌာနီ တို့တိုင်းပြည်
ထိပ်သို့ရောက်မည် မဝေးတည်း

ဒီပါကျွန်းလုံး၊ သိမ့်သိမ့်မှုန်းအောင်
ဘုန်းတော်ရောင်လက်၊ ဓမ္မစက်ဖြင့်
မိန့်မြွတ်ဟောကြား၊ တရားစည်ကြီး
ရိုက်ဆော်တီးသော်၊ ပြည်ကြီးပြည်ငယ်
အသွယ်သွယ်၌၊ ရှေးဝယ်ကာလ
မိုက်မဲကြလည်း၊ ဓမ္မမိစ္ဆာ
အဖြာဖြာကို၊ ပယ်ခွာစွန့်ပစ်
တရားသစ်ကို၊ အစစ်အမှန်
လိုက်နာရန်ဟု၊ တစ်သံတည်းအော်
ကမ္ဘာပေါ်တွင်၊ ထင်ပေါ်များစွာ
ဘာသာမခြား၊ လူအများတို့
တရားကိုယ်စီ၊ တည်သောကာလ
သမယ၌၊ မြန်မာ့ဌာနီ
တို့တိုင်းပြည်ကား၊ မဟီတစ်သောင်း
တိုက်အပေါင်းက၊ ခညောင်းပူဇော်
တရားတော်ကြောင့်၊ အမော်အမောက်
ထိပ်သို့ရောက်မည်၊ မဝေးတည်း. . .။

လယ်တီဆရာတော်ဘုရားကြီး

DISPLAY & MAKE-UP BY KHIN MAUNG MOE, TAUNGGYI

အင်္ဂါနေ့တိုင်း ထုတ်ဝေသည်

**ဗုဒ္ဓါဟောစေယျံ**

သစ္စာတရားကိုငါသိသလို၊ ဝေနေယျတို့သိစေရမည်

**မုတ္တော မောစေယျံ**

ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို ဝေနေယျတို့ လွတ်စေရမည်

**တိဏ္ဏော တာရေယျံ**

သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို ဝေနေယျတို့ ကူးမြောက်စေနိုင်ရမည်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

## Address

*Hlaing Kyi Phyu Dhamma Vira Publishing House*

*Head Office: Blk (1), Rm(R6), Myanmar Info-Tech,*

*Hlaing Ts, Yangon.*

*Branch Office: No. 50, 2nd Fl. Bank St,*

*Kyauktada Ts, Yangon.*

*Ph: 0980 23992 , 0950 01401*

*e-Mail - dhammavira@gmail.com*

## ဓမ္မဝီရဂျာနယ်

**ဩဝါဒါစရိယဆရာတော်များ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ

ဒုတိယပါမောက္ခချုပ်ဆရာတော်(စိမ်)

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက(M.A)

ဒုတိယပါမောက္ခချုပ်ဆရာတော်(ပညာ)

အဘိဓမ္မာပိဋကမဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိန္ဒ(M.A)

ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(M.A)

သုတ္တန္တပိဋကတ်မဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန(M.A)

ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

**စာတည်းချုပ်**

မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)

**စာတည်းအဖွဲ့၊** ပြည်စိုး၊ ဓမ္မထက်ကို

**စီမံရေးရာ၊** ဖြိုးမာမာ

**ထုတ် ဝေ သူ**

တင်စိုး(မြဲ -၀၄၂၆၆) လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်

**အပြင်အဆင် ကွန်ပျူတာ**

မိုးကြီး၊ ဖြိုးဖြိုးဇာခြည်၊ မြတ်နိုးပိုင်

**ဖြန့်ချိရေး**

လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်

ဖုန်း- ၀၉၈၀ ၂၃၉၉၂၊ ၀၉၅၀ ၀၁၄၀၁၊ ၀၁-၅၀၇၂၀၈

မိုးကောင်းကင်စာပေ၊

အမှတ်(၁၃၄)၊ အခန်း(၆)၊ ၃၆-လမ်း(လယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၅၃၂၅၅

ထွန်းဦးစာပေ(မွန္တလေး) ဖုန်း ၀၂-၃၉၈၀၁

**ပုံနှိပ်**

တင်အောင်ဝင်း၊ ဘိုးရာဇာပုံနှိပ်တိုက်

အမှတ်(၁၆၂)၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**ဖလင်**

Empire Colour Repro

**ယခုအပတ် ဖတ်စရာ**

**ကဏ္ဍ**

| ကလောင်ရှင်များ | စာမျက်နှာ |
|---|---|
| - လယ်တီဆရာတော်ဘုရား - - - | ၂၀ |
| - အရှင်ဇနကာဘိဝံသ - - - - - | ၃၃ |
| - ပခုက္ကူဆရာတော် - - - - - - - | ၁၇ |
| - အယ်ဒီတာအာဘော် - - - - | ၃ |
| - ဦးသီလာစာရ - - - - - - - | ၅ |
| - မုံရွာနေဇာ - - - - - - - | ၄ |
| - ရှင်ဉာဏ(ဖျာပုံ) - - - - - - - | ၆ |
| - အရှင်ကောဝိဒဓဇ - - - - - - | ၁၉ |
| - အရှင်သီလာစာရ(ပဲခူး) - - - - | ၂၆ |
| - ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ - | ၂၄ |
| - အရှင်သုစိတ္တသာရ - - - - - - | ၈ |
| - ဝံသဒီပနီ - - - - - - - - - | ၁ |
| - တက္ကသိုလ်သျှင်သီရိ - - - - - - | ၇ |
| - သက်ပိုင်ငြိမ်း(ရုက္ခဗေဒ) - - - - | ၁၀ |
| - ဗုဒ္ဓါရသအရှင်ကင်္ကန္ဒာစရိယ - - - | ၁၁ |
| - နိုင်ခင်ရွှေ(ဧဒင်) - - - - - - - - | ၁၃ |
| - ဓမ္မဝီရ-သန္တာ - - - - - - - - | ၄၀ |
| - ဟိတေသီနာဂသိန် - - - - - - | ၃၇ |
| - လူအေး(တမာမြေ) - - - - - - | ၃၀ |
| - ငြိမ်းချမ်းဦး - - - - - - - - - | ၃ |
| - ဇော်နောင် - - - - - - - - - - | ၃၉ |
| - မြင့်သိန်း(မော်ကျွန်း) - - - - - | ၂၈ |
| - တက္ကသိုလ်လှမောင် - - - - - - | ၃၁ |
| - ခင်သူဇာမြင့် - - - - - - - - | ၃၇ |
| - ဟိန်းမင်ထက် - - - - - - - - | ၃၅ |
| - နိုင်ခင်ရွှေ(ဧဒင်) (ကဗျာ) - - - | ၁၈ |

တို့၏အထူးဆောင်းပါး၊ သတင်းနှင့် ကဗျာများ။

ရာစုသစ်၏ စိန်ခေါ်မှုမျိုးစုံကို ငြိမ်းချမ်းသောစိတ် ရဲရင့်တည်ကြည်သော လောကအမြင်ဖြင့် ဘဝကို ရင်ဆိုင်လျက် အောင်မြင်စွာဖြတ်သန်းနိုင်ကြဖို့ ဓမ္မဝီရဂျာနယ် ဖတ်ကြစို့

## အယ်ဒီတာအာဘော်

# ရဲရင့်သောဓမ္မ၏ ဓမ္မရဲရင့်မှုကို အရအပိုင်ယူကြပါ

လူ့လောက လူ့သဘာဝ၌ လူသားဟူသည်ကို ဖွင့်ဆိုရာ၌ မနုဿ= မန+ဥဿ- စိတ်ဖြင့် ဦးစွာအားထုတ်ရသော သတ္တဝါဟူ၍လည်းကောင်း၊ ဖြစ်တတ်ပျက်တတ်သောကြောင့် လောက မည်၏ ဟူသောစကား၌ လောမှ ဩသရကို ဦ-ပြု၍ လ+ူ= လူ ဖြစ်တတ်ပျက်တတ်သော သဘာဝရှိသောကြောင့် လူဟူ၍လည်းကောင်း၊ လောဘ- လိုချင်မှု၌ လောတွင် ဧါ သရကို ူသရပြု၍= လ+ ူ= လူ= လိုချင်မှုဖြင့် ဘဝကို စတင်ခဲ့သော သတ္တဝါဖြစ်သောကြောင့် လူဟူ၍လည်းကောင်း၊ ဟိတာဟိတံ မနတိ ဇာနာ တီတိ မနုဿောဟူသော အဆိုအရ အကောင်း အဆိုး အကြောင်းအကျိုးကို သိတတ်သောကြောင့် လူဟူ၍လည်းကောင်း ဆိုထားပါသည်။

ထိုလူကို ရှေးက လူတော် လူကောင်းဟူ၍ ဆိုရိုးစကားရှိပါသည်။ ယနေ့ခေတ်တွင်မူ လူကောင်း လူတော်သည်သာ အရေးကြီးလှသည်ဟု ဆိုလေ့ရှိလာပါသည်။

ဗုဒ္ဓ၏ တရားတော်အရတွင်မူ လူဟူသည် အကြားအမြင်ဗဟုသုတရှိပြီး အကျင့်သီလ ကောင်းသူကို လူတော်လူကောင်းဟူ၍ အများက ချီးမွမ်းကြလေ့ရှိသည်။ ထို့ကြောင့် အကြား အမြင် ဗဟုသုတများပြီး အကျင့်သီလကောင်းသူဖြစ်အောင် ကြိုးစားအားထုတ်ကြရသည်ဟု ဆိုထားပါသည်။

လောကသဘာဝတွင် အသိပညာ ဗဟုသုတကြွယ်ဝသော်လည်း အကျင့်သီလ မကောင်းပါက လူသားကောင်းကျိုးကို မသယ်ပိုး မဆောင်ရွက်နိုင်သလို အကျင့်သီလ ကောင်းသော်လည်း အကြားအမြင်ဗဟုသုတနည်းပါးပါကလည်း ကြီးပွားရေး၊ စီးပွားရေးစသည့် လုပ်ငန်းလုပ်ရာ၌ မအောင်မြင်နိုင်ပါ။

ယနေ့ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားနေသော ဤမြန်မာနိုင်ငံဝယ် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ပြီး သူတော်ကောင်းတရားတို့လည်း အထင်အရှားရှိနေဆဲဖြစ်ပါသည်။ ထိုသူတော် ကောင်းတရားတို့ကို ဟောပြောပို့ချသင်ကြားပြသပေးနေသော ဆရာတော် သံဃာတော်များ ရှိနေသလို စာအုပ်စာပေများကလည်း များစွာရှိနေပါသည်။ တရားရှိမှု၊ တရားအသိပေးမှုများက အခွင့်သာနေသော်လည်း ယူတတ်သူက ယူတတ်ကြပါမှ အမှန်တရားကို သိရှိရယူတတ်ကြ ပါမည်။

ယနေ့မြန်မာနိုင်ငံတွင် တရားဓမ္မအနှစ် သာရအစစ်ဖြစ်သော သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ အမြတ်တရားတို့သည် ထင်ရှားပေါ်လွင်ဆဲဖြစ်နေပါသည်။ ထိုတရားတို့ကိုလည်း ယနေ့ရဟန်းပညာရှိ လူပညာရှိတို့က ဟောပြောသင်ပြဆဲဖြစ်သလို ရေးသားထုတ်ဝေဖြန့်ချိဆဲ ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးက

-ခွင့်သာခိုက်မှာ မလိုက်ချင်လျှင် အမိုက်နင့်ပြင်ရှိ သေးရှာလိမ့်လား

-ခွင့်သာတုံးမှ မရုန်းချင်လျှင် အရှုံးနင့်ပြင်ရှိသေး ရှာလိမ့်လား

-ခွင့်သာဆဲမှာ မခဲချင်လျှင် အလွဲနင့်ပြင်ရှိသေးရှာလိမ့်လားဟု ဆိုဆုံးမထားသည်ကို တွေ့ရပါသည်။

ဤလောကရှိ လူသားများ လူတော် လူကောင်းများဖြစ်လာရန်နှင့် ထိုလူတော် လူကောင်းတို့က ဗုဒ္ဓ၏ ဓမ္မအနှစ်သာရတို့ကို မှန်ကန်စွာသိရှိနိုင်ရန် ဓမ္မဝီရက ထုတ်ဝေဖြန့်ချိ သာသနာပြုလျက်ရှိနေပါသည်။

ထို့ကြောင့် လူတော် လူကောင်းများ ဖြစ်လာနိုင်ရေးအတွက် ရဲရင့်သော ဓမ္မ၏ ဓမ္မရဲရင့်မှုကို လက်ကိုင်ရရှိနိုင်ကြစေရန် ခွင့်သာတုန်းမှာ ဆွဲယူစားသုံးနိုင်ကြပါဟု တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အယ်ဒီတာ

## အတိတ်၏ကျေးကျွန်

**သူ့တွင် အတိတ်သမိုင်း၏ သံချိုင်း အား မကြာခဏ တူးဆွရင်း၊ သင်ခန်းစာနှင့် သံဝေဂပွားတတ်သော အလေ့အထဖြင့် အကျင့်ဖြစ်နေလေပြီ။ ဤအလေ့အထသည် ကောင်းလှသည်တော့ မဟုတ်ဟု သူထင်သည်။ သူသည် သူကိုယ်တိုင် လူ့ဘောင် သမိုင်း၏ ကျေးကျွန်မဖြစ်လို။ ထို့အတူ သူ၏ မျိုးဆက်ကို လည်းကောင်း၊ လူတိုင်း သတ္တဝါတိုင်းကို လည်းကောင်း၊ ကံကြမ္မာ၏ ကျေးကျွန်မဖြစ် စေလို။ သမိုင်းကို လှပအောင်၊ တိုးတက်အောင်၊ ငြိမ်းချမ်းအောင် ဖန်တီး တည်ဆောက်သူ၊ မိမိတို့၏ ကံကြမ္မာကိုလည်း မိမိတို့ကိုယ်တိုင် ပြုပြင်သူ၊ ဖန်တီးတည်ဆောက်သူ ဖြစ်ချင်သည်၊ ဖြစ်စေချင်သည်။**

သူသည် သံချိုင်းမြေအားကျောခိုင်း လိုက်သည်။ အတွေးဖြင့်လေးဖင့်စွာ လျှောက် လှမ်းရင်း၊ ကွယ်လွန်သူအားလုံးကို နှုတ်ဆက် အမျှဝေမိသည်။ "ပညာကြီးခြင်း၊ ဉာဏ်ကြီးခြင်း ဖြင့် လောကကို ဖန်တီးတည်ဆောက်သူတွေ၊ ဘဝကိုဖန်တီးတည်ဆောက်သူတွေ၊ ဖန်တီး တည်ဆောက်နိုင်စွမ်းသူတွေ၊ သံသရာမှ လွတ်မြောက်၍ သန္တိသုခကို ရယူနိုင်ကြသူတွေ ဖြစ်ကြပါစေ"ဟူ၍။

မီးရထားသံလမ်းကူးမှ မြို့စွန် ရပ်ကွက် ကို ကောင်းစွာမြင်နေရသည်။ လုပ်ငန်း ခွင်အသီးသီးမှ အိမ်ပြန်ဝင်ကြ ရောက်ကြပြီဖြစ် သည်။ ရပ်ကွက်မီးရောင်သည်၊ ပြုံးစေ့စေ့။ ယခုရက်ပိုင်းအတွင်း၌ပင် မီးပုံမှန်ရနေလေပြီ။ အိမ်ပေါက်စေ့မျှ မီးထွန်းနိုင်ပြီထင်၏။ သူသည် မပီပြင်ဝိုးတဝါး ဇလီဖားတုံးလေးများပေါ် ခြေချ လျှောက်လှမ်းနေရသည်ကို အရသာတွေ့ နေသည်။ သတိလေးဖြင့် အမှတ်ကလေးဖြင့်။

ဤအသိလေးကပင် သူကျောခိုင်း ထွက်လာသော သံချိုင်းမြေ၌ သတိလေး အမှတ် လေး တို့မထားဘဲ၊ ဘဝတစ်ခု ဖြုတ်သန်းချိန် တစ်လျှောက်၊ အလကား နေသွားသူ ဘယ်နှဦး များ ပါမလဲ၊ သန်းပေါင်း ခြောက်ထောင်ကျော် သော လူများအတွင်းမှာရော ဘယ်လောက် များစွာ ပါမလဲဟု သူတွေးမိသေးသည်။

**ငြိမ်းချမ်းဦး၏ ဖြုတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်းမှ ကောက်နုတ်ချက်။**

# နောင်ဘဝဆိုတာရှိပါတယ်(၄)



ဘဒ္ဒန္တဇနိန္ဒသာရ (မုံရွာနေဇာ)

**(ယခင်အပတ်မှ အဆက်)**

အရှင်။ ။ ဒကာမြို့စားမင်း. .။ အဲဒီလိုပဲ သင်မြို့စားမင်းဟာ ဆင်ခြင်တုံတရားကင်းမဲ့စွာ သတ်သေသွားတဲ့ မိန်းမလို ပျက်စီးပေလိမ့်မယ်။

အကျင့်သီလနဲ့ပြည့်စုံတဲ့ သမဏ၊ ဗြဟ္မဏတွေဟာ အသက်ရှည်ကြာစွာနေရတဲ့အတွက် ကုသိုလ်ကောင်းမှုတွေကို များများပြုနိုင်တယ်။ သူခပ်သိမ်းတို့ရဲ့ အကျိုးစီးပွားအလို့ငှာ ကျင့်တော်မူနိုင်ကြပေတယ်။ ဒါ့ကြောင့် ကိုယ့်ကိုကိုယ် သတ်သေခြင်းမပြုကြလေဘူး။

ဒီဥပမာစကားတွေကို ထောက်ထားပြီး သင်မြို့စားမင်းရဲ့ တိမ်းပါးရွဲ့စောင်း အယူဝါဒဟောင်းကို စွန့်ပယ်ပစ်သင့်ပါပြီ။ မြို့စားမင်းကလည်း အလျှော့မပေးပါ။

မြို့စား။ ။ အိုး. . အရှင်။ သင့်ရဲ့စကားတွေဟာ နားထောင်လို့ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်ုပ် မသာယာပါဘူး။ ဒီအပြောအဆိုလောက်နဲ့ ကျွန်ုပ်ရဲ့ အယူဝါဒကို မေ့ဖျောက်ပြီး အရှင့်ထံ ဒူးထောက်အရှုံးပေးလိမ့်မယ်လို့တော့ မမျှော်လင့်ပါနဲ့။

ကျွန်ုပ်ရဲ့ အယူဝါဒဟာ သံနဲ့စွဲထားသလို ခိုင်မြဲတယ်။ လက်တွေ့သာဓကတွေလည်း ကျွန်ုပ်မှာ အပြည့်အစုံရှိတယ်။ အရှင့်မှာ ဥပမာစကားတွေရှိသလို ကျွန်ုပ်ထံမှာလည်း အကိုးအကားအထောက်အထား အတွေ့အကြုံတွေ၊ သုတေသနပြုချက်တွေ အမြောက်အမြားရှိနေပါတယ်။

အရှင်။ ။ သင် မြို့စားမင်းရဲ့ အတွေ့အကြုံ သာဓကတွေရှိရင်ပြောပြပါလား။

မြို့စား။ ။ အိုး. . အရှင်။ တစ်နေ့သ၌ ကျွန်ုပ်ရဲ့ မင်းမှုထမ်းများဟာ ခိုးသူတစ်ဦးကို ဖမ်းဆီးရမိပြီး ဘယ်လိုစီရင်ရမည်နည်းလို့ ကျွန်ုပ်ထံမှာ အမိန့်တောင်းခံတဲ့အခါ ကျွန်ုပ်က နောက်ဘဝရှိ မရှိ စမ်းသပ်ကြည့်တဲ့အနေနဲ့ ဒီလိုစီမံကြည့်ခဲ့ဖူးပါတယ်။

အဲဒီရာဇဝတ်သားကို အရှင်လတ်လတ် အိုးစရည်း (စဥ့်အိုးကြီး) ထဲ ထည့်ခိုင်းပြီး အလုံပိတ်လိုက်တယ်။ အိုးကို မြေသရွတ်ကိုင်ကာ မီးဖုတ်ခိုင်းပါတယ်။ အိုးထဲမှာရှိတဲ့ သူခိုးသေလောက်ပြီထင်တဲ့အခါ အိုးကိုဖွင့်ခိုင်းပြီး အားလုံးဝိုင်းကြည့်နေကြတယ်။ "သူ့ရဲ့အသက် ဘယ်နေရာက ထွက်သလဲ" လို့ ဝိုင်းကြည့်နေကြပေမယ့် ဘယ်သူမှ မမြင်ကြပါဘူး။ ဒါ့ကြောင့် နောင်ဘဝဆိုတာ မရှိပါဘူး အရှင်. .။

အရှင်။ ။ ဒါဖြင့်ရင် သင်မြို့စားမင်းကို ငါမေးမယ်။ သင် မြို့စားမင်းဟာ နေ့အခါ အိပ်ဖူးတယ် မဟုတ်လား။ အိပ်ပျော်သွားတဲ့အခါ အိပ်မက်တွေလည်း မက်ဖူးမှာပေါ့။

မြို့စား။ ။ အိပ်ဖူးပါတယ်။ အိပ်မက်တွေလည်း မက်ခဲ့ဖူးပါတယ်. . အရှင်။

အရှင်။ ။ မြို့စားမင်း အိပ်စက်နေတဲ့အခါ. . အိပ်မက်တွေမက်နေတဲ့အခါမှာ သင့်အပါးဝယ် မောင်းမမိဿံ အခြွေအရံအစောင့်အရှောက်တွေ ရှိမှာပဲ။

မြို့စားမင်း။ ။ရှိပါတယ် အရှင်. .။

အရှင်။ ။ ဒါဆိုရင် သင့်ရဲ့ နဘေးမှာရှိကြတဲ့ မောင်းမမိဿံတွေဟာ သင်မြို့စားမင်း အသက်ရှူနေတဲ့ ဝင်သက်၊ ထွက်သက် မြင်ကြသလား။

မြို့စား။ ။ အိုး. . အရှင်။ ကြံကြံဖန်ဖန် ဘယ်မှာမြင်ရန် အကြောင်းရှိပ့ါမလဲ။

အရှင်။ ။ ဒကာ မြို့စား. .။ စဉ်းစားပါ၊ အသက်ထင်ရှားရှိနေသေးတဲ့ သင့်ရဲ့ဝင်သက်၊ ထွက်သက်ကိုတောင် မမြင်ရပါဘဲလျက် သေသွားတဲ့သူရဲ့ ဝင်သက်နဲ့ထွက်သက်ကို ဘယ်မှာမြင်နိုင်ကြပ့ါမလဲ။

အဲဒီသာဓကဥပမာကို ထောက်ရှုပြီး သင့်ရဲ့မှားယွင်းဖောက်ပြန်မမှန်ကန်တဲ့ တစ်ယူသန်ဝါဒအစွဲကို စွန့်လွှတ်လိုက်တော့။

မြို့စားမင်းရဲ့ နောက်ပါ ပရိသတ်များဟာ အချက်ကျကျ ဥပမာပြကာ ပြောကြားလာတဲ့ အရှင်ကုမာရကဿပရဟန္တာ မထေရ်မြတ်ရဲ့စကားကို လက်ခံလာကြသော်လည်း မြို့စားမင်းကား အယူဝါဒစွဲကာ ခေါင်းမာနေဆဲ။

မြို့စား။ ။ မစွန့်လွှတ်နိုင်ပါ အရှင်. .။ ကျွန်ုပ်နောက်ထပ်တင်ပြစရာ သာဓက ရှိပါသေးတယ်။ အဲဒါကတော့-

မင်းချင်းယောကျ်ားတွေဖမ်းထားတဲ့ ခိုးသားတစ်ဦးကို အရှင်လတ်လတ်ချိန်ခွင်ကြီးထဲ ထည့်ချိန်ကာ အလေးချိန်ကို တိတိကျကျမှတ်သားခိုင်းလိုက်တယ်။ ပြီးတော့ ထွက်သက်မရှိအောင် (အသက်မထွက်နိုင်အောင်) ခိုးသားရဲ့ လည်မျိုကို လွန်ကြိုးနဲ့ တအားကုန်ဖျစ်ညှစ်ပြီး သတ်လိုက်တယ်။ သေသွားတဲ့အခါ ချိန်ခွင်ထဲထည့်ပြီး ပြန်ချိန်ကြည့်တယ်။ အဲဒီမှာ အဖြေပေါ်တာပဲ။ ပေ့ါမသွားဘဲ အသက်ရှင်စဉ်ကထက် ပိုပြီးလေးလာတာကို တွေ့ရတယ်။ တကယ်လို့သာ အသက်ထွက်သွားရိုးမှန်ရင် ပေ့ါသွားရမှာမဟုတ်လား။ ခုတော့ ပိုလို့တောင် လေးလာသေးတယ်။ ဒါဟာ တမလွန်လောက နောက်ဘဝမရှိကြောင်း သာဓကပဲအရှင်။

**ရဲရဲပူတဲ့ သံတုံးခဲ ဥပမာ-**

အရှင်။ ။ သင်တင်ပြသွားတဲ့ သူသေကောင် ဥပမာနဲ့ပတ်သက်လို့ စဉ်းစားစရာအချက်ရှိလာ တယ်။ သင် မြို့စား စဉ်းစားပါ။ ဥပမာနဲ့ပြောရင် သဘောပေါက်လွယ်တယ် မဟုတ်လား။

လူတစ်ယောက်ဟာ သံတုံးခဲတစ်ခုကို မီးဖုတ်တယ်ဆိုပါစို့။

မီးပူရှိန်ကြောင့် သံတုံးခဲဟာ ရဲရဲပူလာ

တယ်။ အဲဒီ ရဲရဲပူတဲ့ သံတုံးခဲကို မီးထဲကဆယ်ယူကာ ချိန်ခွင်မှာ ချိန်ကြည့်ပါ။ တစ်ခါ အအေးခံပြီးတော့မှ တစ်ဖန် ပြန်ချိန်ကြည့်လိုက်ပါ။ ပူနေတဲ့အခါ ပေါ့ပေါ့ပျောင်းပြီး ပေါ့နေပါလိမ့်မယ်။ အေးသွားတဲ့အခါမှာတော့ လေးနေတာကို တွေ့ရလိမ့်မယ်။

ပေါ့တာ တေဇောဓာတ်နဲ့ ဝါယောဓာတ်ကြောင့် ဖြစ်တယ်။

လေးတာက ပထဝီဓာတ်နဲ့ အာပေါဓာတ်တို့ကြောင့် ဖြစ်တယ်။

ဒကာ မြို့စား. . ဟောဒီ ခန္ဓာကိုယ်တွေမှာလည်း သံတုံးခဲလိုပါပဲ။

အာယု. . ဆိုတဲ့ အသက်ဓာတ်၊ ဉသ္မာ-ဆိုတဲ့ အပူငွေ့ဓာတ်၊ ဝိညာဏ်- ဆိုတဲ့ အသိဓာတ်တွေရှိလို့ လူဟာအသက်ရှင်နေတဲ့အခါ ပေါ့ပျောင်းလာတယ်။ ပူတယ်၊ လှုပ်ရှားသွားလာနိုင်တယ်။

အဲ. . အာယု. . ဉသ္မာ. . ဝိညာဏ်လို့ဆိုတဲ့ အသက်. . အပူငွေ့ဓာတ်. . အသိမရှိတော့တဲ့အခါ သေတာပါပဲ။ သေသွားတဲ့အခါ လူမှာ အပူငွေ့လည်း မရှိတော့ဘူး။ ပေါ့ပျောင်းမှုလည်း မရှိတော့ဘူး။ အေးစက်ပြီး မာခဲသွားတဲ့သဘောရှိတော့တယ်။ ဒီဉပမာကိုသာ သင်သဘောပေါက်အောင် စဉ်းစားပါ။ အဖြေဟာ ထွက်လာပါလိမ့်မယ်။

မြို့စား။ ။ အရှင်ရဲ့စကားဟာ ပျားသကာလိုချိုပေမယ့် ကျွန်ုပ်အတွက် ခါးတမာလိုဖြစ်နေပါတယ်။ စကားအရာမှာ သာယာနာပျော်ဖွယ်ရှိပါတယ်။ ဒါပေမယ့် အနှစ်သာရအနေနဲ့တော့ဖြင့် ကျွန်ုပ်လက်မခံနိုင်ပါ။ ကျွန်ုပ်ဆက်၍ ဆိုပါမည်။ အရှင်နားထောင်ပါ။

(ဆက်လက်ဖော်ပြပါမည်။)

**ဘဒ္ဒန္တဇနိန္ဒသာရ**
**(သဒ္ဓမ္မဇောတိကဓဇ)**

# ဗုဒ္ဓဂီတိကာ

ဆရာတော် ဦးသီလာစာရ
(ရိုးမတိမ် မဟာအောင်မြေကျောင်း)

## အညတရ ဗြဟ္မဏဝတ္ထု

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ရိတ်ခါနီးသောလယ်ကို တစ်နှံမျှ မကျန်ရအောင် ရေဖျက် ဆီးသောကြောင့် စိုးရိမ်သောက နှိပ်စက်၍ နေသော မထင်ရှားသော (အည တရ) ပုဏ္ဏားကို ဆုံးမခြင်းငှာ "တဏှာယ ဇာယတီသောကော" စသော ဂါထာ ကို ဟောတော်မူသည်။ ပုဏ္ဏားသည် သောတာပန်တည်လေသည်။

တဏှာယ ဇာယတီ သောကော၊
တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

### မြန်မာကဗျာ

တပ်မက်ခြင်းကြောင့် စိုးနှောင့်ဖြစ်လာ၊
တပ်မက်ခြင်းတွက် ကြောက်မက်ရပါ။
တပ်မက်ကြောင်းရင်း လွတ်ကင်းသူမှာ၊
စိုးရိမ်ခြင်း ကြောက်ခြင်းမရှိရာ။

From craving springs grief, from craving springs fear; for him who is wholly free from craving there is on grief, much less fear.

**စကားပြေ**။ ။ တပ်မက်ခြင်း တဏှာကြောင့် စိုးရိမ်ခြင်းဖြစ်၏။ တပ်မက်ခြင်း တဏှာကြောင့် ကြောက်ရွံ့ခြင်းဖြစ်သည်။ တပ်မက်ခြင်း တဏှာမှ လုံးဝသန့်ရှင်းလွတ်ကင်းသော သူအတွက် စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းသည် ဘယ်မှာရှိပါတော့အံ့နည်း။

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မတရားစစ် တရားမှန်
ထွန်းကားရန်ဖြစ်သည်ဆိုသည့် ခံယူချက်နှင့်အညီ
လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မှ ၂၀၀၉ ခုနှစ်၊
မတ်လအတွင်း ဖြန့်ချိထုတ်ဝေလိုက်ပြီ

၁။ ဓမ္မဝီရ၏ ဓမ္မသံစဉ်များ (ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ)
၂။ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း (ငြိမ်းချမ်းဦး) (ဒုတိယအကြိမ်)
၃။ ဆရာကြီးဦးရွှေအောင်၏ စာပေကောက်နုတ်ချက်စာစု (ဓမ္မပဒ) (ငြိမ်းချမ်းဦးနှင့် စိုးမြင့်လတ်)
၄။ ဗုဒ္ဓယဉ်ကျေးမှုရတနာ အရှင်သီလာစာရ(ဖားကန့်)
၅။ သူတော်ကောင်းတို့အလှူပေးနည်း အရှင်သီလာစာရ(ဖားကန့်)



# တောနေရဟန်း

**ရှင်ဉာဏ(ဖျာပုံ)**



တောအတွင်း၌ ရဟန်းများ တစ်ပါးနေကျောင်းဆောက်ကာ နေထိုင်ကြခြင်းသည် ဘုရားလက်ထက်တော်အခါကလည်း ရှိသကဲ့သို့ မျက်မှောက်ခေတ်မှာလည်း ရှိနေပေသည်။ ထိုကဲ့သို့ တော၌ နေခြင်းသည် တောထွက်ခြင်းဖြစ်သည်။

(၁) တစ်စုံတစ်ရာအကြောင်းအကျိုးမသိဘဲ၊ ဉာဏ်နုံ့နဲ့ မိုက်မဲသောကြောင့် တော၌နေခြင်း

(၂) ငါတော၌သွားနေလျှင် တောနေပုဂ္ဂိုလ်ဟူ၍ များစွာလှူဒါန်းကြလိမ့်မည်. . ဤသို့စသည်ဖြင့် ယုတ်မာသောအလိုဆိုးရှိ၍ တော၌နေခြင်း

(၃) စိတ်ရူးသွပ်သောကြောင့် တော၌နေခြင်း

(၄) ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော အရာဖြစ်သည်ဟူ၍ တော၌နေခြင်း

(၅) အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း အစရှိသည့် တရားကောင်းတို့ကို အမှီပြု၍တော၌နေခြင်း. . ဟူ၍ တော၌နေခြင်း (၅) မျိုးရှိကြောင်းကို (ဝိ၊ ၅၊ ၂၃၃ နှင့် ၃၃၅) ဝိနယ၊ ပရိဝါရပါဠိ၊ ဧကုတ္တရိက နယ၊ ပဉ္စကနှင့်ဉပါလိပဉ္စာ၊ ဓုတင်ဂ်ဝဂ်တို့တွင် မြတ်စွာဘုရား ဟောကြားတော်မူ၏။

အထက်တွင်ဖော်ပြအပ်သော ရှင်ရဟန်းတို့ တောထွက်၍နေထိုင်ကြခြင်းငါးမျိုးတွင် နောက်ဆုံးနှစ်မျိုးကိုသာ ချီးမွမ်းအပ်သော တော၌နေခြင်း (တောထွက်ခြင်း) ဟူ၍ မှတ်ယူအပ်ပေသည်။ ကိလေသာကာမမှ ထွက်မြောက်ခြင်း= နေက္ခမ္မပါရမီကို နေရာဌာနအားဖြင့် ဝေဖန်စရာမလို၊ ကိလေသာကာမဟူသည် မည်သည့်နေရာမှာမဆို နှစ်သက်ဖွယ်အာရုံတို့ကို နှစ်သက်မက်မောခြင်းသဘောဖြစ်ပေါ်လာတတ်၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော ကိလေသာကာမကို ဖြစ်ပေါ်ရာနေရာ၌ပင် ဆက်လက်၍ မဖြစ်စေပဲ ပယ်ရှားပစ်ရ၏။ ထိုသို့ ပယ်ရှားလိုက်သဖြင့် ထိုကိလေသာ ကာမ,မှ လွတ်မြောက်ခြင်းသည် နေက္ခမ္မသဘော ဖြစ်၏။

ဝတ္ထုကာမမှ ထွက်မြောက်ခြင်း နေက္ခမ္မကိုကား သုမေဓာပညာရှိ၊ ဟတ္ထိပါလညီနောင်စသည်တို့မှာ ဟိမဝန္တာရောက်အောင် တောထွက်သွားတော်မူကြ၏။ ထို့ကြောင့် 'ဝတ္ထုကာမမှ ထွက်မြောက်ခြင်း-နေက္ခမ္မပါရမီကို ဖြည့်ကျင့်လိုပါက ဟိမဝန္တာတိုင်အောင် တောထွက်မူကြရမည်လော' ဟု တွေးတောစဉ်းစားဖွယ်ရှိ၏။ အကြောင်းညီညွတ်၍ သွားနိုင်ပါမူ သွားဖို့ပင်ဖြစ်သည်။ တောထွက်ခြင်းနှင့် စပ်၍ ဟောကြားတော်မူအပ်သော ဇာတ်နိပါတ်တော်တို့မှာ- ဟိမဝန္တာအရောက် တောသို့ထွက်ကြသည့်ပုဂ္ဂိုလ်မှာ အများစုဖြစ်သည်။ အကြောင်းညီညွတ်၍ သွားရောက်ကြခြင်းဖြစ်၏။

ဧကကနိပါတ်လာ မဃဒေဝဇာတ်၊ မဟာနိပါတ်လာ- နိမိဇာတ်တော်တို့၌ကား- မဃဒေဝမင်းမှ စပြီး နိမိမင်းတိုင်အောင် ဘုရင်မင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် မိမိတို့ဦးခေါင်းမှ ဆံပင်ဖြူတစ်ချောင်းပေါက်လျှင် တောထွက်ကြသည်ချည်းဖြစ်၏။ သို့သော် ထိုမင်းများတောထွက်တော်မူရာတွင် ဟိမဝန္တာတောသို့ရောက်အောင် တောထွက်တော်မမူကြဘဲ မိမိတို့စိုးပိုင်သော မိထိလာပြည်၏အနီးရှိ မင်း၏သရက်ဉယျာဉ်တော်မှာသာ တောထွက်တော်မူကြပြီး ဈာန်အဘိညာဏ်တရားများအားထုတ်၍ ရရှိကာ ဗြဟ္မာပြည်သို့ ကပ်ရောက်ကြရကြောင်း ကျမ်းဂန်၌ပြဆိုပေသည်။

ဤရှေးမင်းတို့၏ နေက္ခမ္မပါရမီ ဖြည့်ကျင့်ခြင်းအကြောင်းအရာကို ထောက်ဆကြည့်လျှင် ဟိမဝန္တာ တောကို ရောက်အောင်မသွားသော်လည်း မိမိ၏ ကိလေသာကာမ ကျက်စားရာနယ်ပယ်ဌာနမှ လွတ်မြောက်အောင် တောထွက်လျှင်ပင်၊ နေက္ခမ္မ ပါရမီအောင်မြင်သည်ဟု မှတ်ယူအပ်ပေသည်။ မဃဒေဝဇာတ်အရ၊ မဃဒေဝ-အစပြုသော မင်းတို့သည် 'ထီးနန်း စည်းစိမ်တို့ကို အာလပြတ်စွန့်ပစ်ကာ" သရက်ဉယျာဉ် တော် တော၌နေခြင်းသည်ပင်- 'နေက္ခမ္မပါရမီ'ထမြောက်အောင်မြင်တော်မူခဲ့ကြကြောင်း ဇာတ်သာဓကကို ထောက်ဆလျက်အသိအမှတ်သတိပြုအပ်ပေသည်။

သို့ဖြစ်၍ မည်သူမဆို မိမိတို့ ကိလေသာကာမဖြင့် ကျက်စားရာနယ်ပယ်ကို အာလယပြတ်စွန့်ပစ်ကာ ထိုနယ်ပယ်မျိုး အသစ်တစ်ဖန်မထူထောင်ဘဲ ကိလေသာကာမ, မှ လွတ်ကင်းရာ သင့်လျော်သော တစ်နေရာ၌နေခြင်းသည်ပင်လျှင် တောထွက်ခြင်း= နေက္ခမ္မပါရမီဖြည့်ကျင့်ရာ မည်ပေသည်။ နေက္ခမ္မ= တောထွက်ခြင်း၌လည်း (၁) ပျိုရွယ်သူတို့ တောထွက်ခြင်း (၂) လူအို (အိမ်ထောင်ရှိသူ) တောထွက်ခြင်းဟူ၍ နှစ်မျိုးရှိပြန်ရာ၊ သုမေဓာပညာရှိနှင့် ဟတ္ထိပါလညီနောင်စသည်တို့မှာ မိမိတို့ရရှိပိုင်ဆိုင်သော ထီးနန်းစည်းစိမ် ဉစ္စာပစ္စည်းတည်းဟူသော ဝတ္ထုကာမတို့မှ လွတ်မြောက်ရန် တောထွက်ခြင်းဖြစ်၍ နေက္ခမ္မပါရမီကို ဖြည့်ဆည်းသော ပုဂ္ဂိုလ်များဟူ၍ ဇာတ်တော်များ၌ အထင်အရှားလာရှိသော်လည်း သူတို့သည် အိမ်ရာမထောင်ရသေးသည့် လုလင်ပျိုများသာဖြစ်ကြ၏။

လုလင်ပျိုတို့မှာ- ထီးနန်းစည်းစိမ်၊ ဉစ္စာပစ္စည်းတည်းဟူသော ဝတ္ထုကာမများရှိနေစေကာမူ ထိုဝတ္ထုကာမတို့က အတင်းအကြပ်အဖွဲ့အနှောင်ခံနေရသည်ဟု မဆိုသာချေ။ သားမယားရှိသော လူအိုများမှာသာ သားမယားစသော ဝတ္ထုကာမတို့က အတင်းအကြပ်အဖွဲ့အနှောင်ခံကြရလေသည်။ ဤအချက်ကိုထောက်ဆကြည့်လျှင် လုလင်ပျိုတို့ တောထွက်ကြခြင်းထက် လူအိုများ တောထွက်ရခြင်းက ပို၍ခက်သည်ဟု ဆိုဖွယ်ရာရှိ၏။ အလောင်းတော် -တေမိယမင်းသားမှာ တောထွက်ခွင့်ရအောင် မဆွံ့ပဲ ဆွံ့သယောင်၊ မအပဲ အ, နေသယောင်၊ နားမပင်းပဲ၊ နားပင်းနေသယောင်ဆောင်ကာ အတိဒုက္ခ- ခံပြီးမှ တောထွက်ရသောကြောင့် တေမိယမင်းသား၏ တောထွက်ခြင်းသည် အလွန်ခဲယဉ်းသော တောထွက်ခြင်းဖြစ်ဟူ၍ ဆိုနိုင်မည်ဖြစ်သော်လည်း ဝတ္ထုကာမ အဖွဲ့အနှောင်ကား မရှိသေးသလောက်ပင်ဖြစ်ပေသည်။

သို့ဖြစ်၍ တောထွက်ရအောင် ကြံဆောင်ရာ၌ များစွာအတိဒုက္ခခံရသော်လည်း တောထွက်သောအခါ ဝတ္ထုကာမအနှောင်အဖွဲ့နည်းပါးသည့်အတွက် အလွန်အမင်းခက်ခဲလှသည်ဟု ဆိုဖွယ်ရာမရှိချေ။ ထို့ကြောင့်ပင် အဋ္ဌသာလိနီအဋ္ဌကထာ၌- ဘုရားအလောင်းတော်တို့ ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီတော်တို့ကိုပြဆိုရာ နေက္ခမ္မပါရမီခဏ်းတွင် သောမနဿမင်းသားဖြစ်သောအခါ, ဟတ္ထိပါလမင်းသားဖြစ်သောအခါ, အယောဃရမင်းသားဖြစ်သောအခါ စသည်ဖြင့် မရေတွက်နိုင်သော ဘဝတို့၌ နေက္ခမ္မ-တောထွက်ခြင်း ပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူ၏။ အထူးအားဖြင့်မူ စူဠသုတသောမမင်းဖြစ်သောအခါ တောထွက်ခြင်း= နေက္ခမ္မပါရမီသည် ထူးမြတ်လှသည်ဖြစ်၍ 'ပရမတ္ထပါရမီ' ဟူ၍ပင် ခေါ်သင့်ကြောင်း ဖွင့်ပြထားတော်မူပေသည်။

ဤတောထွက်ခြင်း- နေက္ခမ္မပါရမီ၏ အဓိပ္ပာယ်သဘောကိုသိမြင်ပြီးမှသာ တစ်ပါးတည်း

**စာမျက်နှာ ၉ သို့**

# ဗုဒ္ဓဂေါတမ၏ စကြဝဠာ(ကမ္ဘာ)အမြင်

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ B.A)



**အခန်း(၂)**

**သိပ္ပံအမြင်အနန္တစကြဝဠာ**

**စကြဝဠာ(ကမ္ဘာ)ဖြစ်ပေါ်လာမှု**

ဗုဒ္ဓသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဤ(၃၁)ဘုံတည်ရှိရာ နေရာကို မာဂဓဘာသာ(ပါဠိဘာသာ)အားဖြင့်

"စက္ကမိဝ ဝါဠတေ ပ္လဝတေတိ

စက္ကဝါဠော =စက်ဝန်းကဲ့သို့ ရေမှပေါ်၍နေသော အလုံးအဝိုင်းဖြစ်သည့် ရုပ်ဒြပ်ကြီး၊

စက္ကဝါဠ= အဝန်း၊ အဝိုင်း၊ စကြဝဠာတောင်၊ စကြဝဠာတိုက်

စက္ကဝါဠဂဗ္ဘ=စကြဝဠာတိုက်

စက္ကဝါဠပရိစ္ဆေဒ=စကြဝဠာအပိုင်းအခြား

ဟူ၍ ဟောကြားခဲ့ပြီး ထိုစကြဝဠာကြီးသည် အနန္တစကြဝဠာ(အတိုင်းအဆမရှိ အဝန်းအဝိုင်း)ကျယ်ပြန့်ပြီး ဖြစ်လိုက်၊ ပျက်လိုက်ဖြစ်နေသည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရှိခဲ့ကြောင်း ဥပမာလူသား၏ ခန္ဓာကိုယ်အတွင်းရှိ ကလာပ်စည်းများသည် စက္ကန့်မလပ် အဟောင်းအဟောင်းများ ပျက်စီးချုပ်ငြိမ်းသွားပြီး အသစ်အသစ်များဖြစ်ပေါ်လာသကဲ့သို့ ဤကမ္ဘာကြီးသည် အဟောင်းအဟောင်းများ ပျက်စီးချုပ်ငြိမ်းပြီး အသစ်အသစ်ဖြစ်ပေါ်လာခဲ့သည်ဟု ဟောကြားထုတ်ဖော်ခဲ့သည်။

ယင်းကို သိပ္ပံပညာရှင်တို့က (၂၀)ရာစုနှစ်ပိုင်းရောက်မှသာလျှင် မှန်ကန်ကြောင်း သက်သေပြနိုင်သည်။

သိပ္ပံပညာရှင်တို့၏ စကြဝဠာဆိုသည်မှာ အဆုံးအစမရှိလောက်အောင် အလွန်အမင်း ကျယ်ဝန်းလှသည်။ လဟာပြင် ဟင်းလင်းနှင့် (Space) ထဲတွင် မျောပါလှည့်လည်နေကြသော ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ကြယ်၊ နဂါးငွေ့တန်း (Milky way)၊ ဂလက်ဆီ(Glaxy) တွင်းနက်(blackhole) စသည့် ရုပ်ဒြပ်များနှင့် ဟင်းလင်းခွင်ကြီးကို ဆိုလိုပါသည်။ ထိုဟင်းလင်းခွင်ကြီးသည် အဆုံးအစမသိရလောက်အောင် ကျယ်ဝန်းသကဲ့သို့ ယင်း၏အတွင်း၌ ရုပ်ဒြပ်များ မရေမတွက်နိုင်လောက်အောင် အများအပြားရှိသည်ဟုဆိုပါသည်။

သိပ္ပံပညာရှင်များ၏ အယူအဆအရ လွန်ခဲ့သောနှစ်ပေါင်း (၂၀) ဘီလီယံခန့်က မဟာပေါက်ကွဲမှုကြီး (BIGBANG) တစ်ခုဖြစ်ပေါ်ခဲ့သည်။ ထိုပေါက်ကွဲမှုကြီးသည်ပင်လျှင် စကြဝဠာကြီး၏ အစပင်ဖြစ်ခဲ့သည်ဟုဆိုပါသည်။

ထိုမဟာပေါက်ကွဲမှုကြီးဖြစ်သည်မှာ ရုပ်ဒြပ်များ အလွန်သိပ်သည်းကျစ်လစ်သွားသည် (သို့မဟုတ်) သုညနီးပါး ရောက်ရှိသွားသည်။ ထိုအခါ ရုပ်ဒြပ်များ၏ စွမ်းအင်များမှာလည်း အလွန်အမင်း ကြီးမားလှရကား ထိုအနေအထားတွင် ကြာရှည်စွာရပ်တည်နိုင်ခြင်းမရှိသောကြောင့် ပေါက်ကွဲမှုကြီးဖြစ်ပေါ်လာရသည်။

ထိုပေါက်ကွဲမှုကြီးမှ အလွန်ပူပြင်းသည့် မီးတောက်မီးလျှံများထွက်ပေါ်လာပြီးနောက် လျင်မြန်စွာ ပြန့်ကားသွားပါသည်။ ပထမ ငါးမိနစ်အတွင်း၌ ရုပ်ပိုင်းဆိုင်ရာ ဥပဒေသများနှင့်အညီ စွမ်းအင်နှင့် ရုပ်ဒြပ်များ အလွန်အမင်းပြောင်းလဲလာခဲ့ပါသည်။ ထိုမိနစ်များ၏ နောက်ပိုင်းတွင် စကြဝဠာကြီး၏ အခြေခံ ရုပ်ဒြပ်များဖြစ်သော ဟိုက်ဒရိုဂျင် (Hydrogen) ဟီလီယံ (Helium) လစ်ဆီယံ (Lithium) များစတင်ဖြစ်ပေါ်လာသည်ဟုဆိုပါသည်။

အရာရာသည် အလွန်သိပ်သည်းကျစ်လစ်ပြီး အလွန်ပူလောင်လျက်ရှိပါသည်၊ ဓာတ်ရောင်ခြည်ဖြာမှုများသာ စကြဝဠာကြီးအား လွှမ်းမိုးနေပါသည်။ တည်ငြိမ်သော အဏုမြူများမရှိသေးဘဲ အစစအရာရာသည် ဖောက်ထွင်း၍မြင်၍မရလောက်အောင် ပိတ်ပိတ်ပိန်းနေပါသည်။ ထုတ်သမျှ စွမ်းအင်များကို စုပ်ယူထားပြီး လွတ်နေသော အီလက်ထရွန်(Free Electrons) များအဖြစ် ပြန်လည်ထုတ်လွှတ်ပါသည်။ စကြဝဠာကြီး ပြန့်ကားလာသည်နှင့်အမျှ သိပ်သည်းမှုနှင့် အပူချိန်တို့လည်း လျော့နည်းကျဆင်းလာခဲ့သည်။

ထိုပေါက်ကွဲမှုကြီးဖြစ်ပြီးနောက် နှစ်ပေါင်းသိန်းအနည်းငယ်ခန့်ကြာသောအခါ အီလက်ထရွန်များနှင့် နူကလိယာများပေါင်းစပ်ပြီး တည်ငြိမ်သော အဏုမြူများဖြစ်နိုင်လောက်အောင် စကြဝဠာကြီးများအေး၍ အေး၍လာပြီး ဖောက်ထွင်းမြင်နိုင်လောက်သောအနေအထားသို့ရောက်ရှိလာပါသည်။ ထိုအခါပိတ်လှောင်ထားသော ဓာတ်ရောင်ခြည်များလည်း လွတ်မြောက်၍လာကြပါသည်။

ထိုမှတစ်ဆင့် ဒြပ်စင် ဒြပ်ပေါင်းများဖြင့် ရုပ်ဝတ္ထုများစတင်ဖြစ်ပေါ်လာသည်။ နောက်ဆုံးတွင် ကမ္ဘာ၊ လ၊ နက္ခတ်၊ တာရာ၊ နေ၊ ကြယ်၊ နဂါးငွေ့တန်း၊ ဂလက်ဆီ၊ တွင်းနက်၊ ကွေဆာ(Quasar) စသော စကြဝဠာရုပ်ဒြပ်များ စတင်ထွက်ပေါ်လာပြီး ပီပြင်သော စကြဝဠာကြီးဖြစ်ပေါ်လာခဲ့သည်။

ထိုစကြဝဠာဒြပ်များသည် ပုံစံအားဖြင့် လုံးဝန်းသော သဏ္ဍာန်ရှိပြီး မူလမဟာပေါက်ကွဲမှုကြီး၏ အရှိန်ကြောင့် လဟာပြင် ဟင်းလင်းခွင်ကြီးထဲတွင် မျောပါနေကြသည်။ ယင်းတို့သည် မိမိတို့၏ ဝင်ရိုးစွန်းအသီးသီးအပေါ်တွင် လည်ပတ်နေကြသကဲ့သို့ တစ်စုံတစ်ခုသော နေရာများကို သီးခြားစီဗဟိုပြုပြီး လှည့်ပတ်လျက်ရှိပါသည်။

စကြဝဠာကြီး၏ အကျယ်အဝန်းမှာ ၂၀ ဘီလီယံအလင်းနှစ်မျှသာရှိပါသည်။ စကြဝဠာကြီးသည် ထိုထက်မက ဆက်လက်ကျယ်ပြန့်လျက်ရှိသေးသည်ဟု သိပ္ပံပညာရှင်တို့ ယူဆကြသည်။

**စာမျက်နှာ ၉ သို့**

# မျိုးဆက်သစ်တို့နှင့် အနာဂတ်သာသနာခရီး

အရှင်သုစိတ္တသာရ (မုတ်ကျွန်းရတနာ)



ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာရေး အခမ်းအနားများ ကျင်းပပြုလုပ်ကြသည့်အခါ အခမ်းအနားပြီးစီးသွားပြီဆိုလျှင် တညီတညွတ်တည်း စုပေါင်း၍ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" ဟူ၍ သုံးကြိမ်သုံးခါ ရွတ်ဆိုဆုတောင်းလေ့ရှိကြပါသည်။ ဗုဒ္ဓသာသနံ= ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသည်။ စိရံ= ကာလကြာမြင့်စွာ။ တိဋ္ဌတု= တည်ပါစေသတည်း"။ ဟု သာသနာတော်ကြီးကို အရှည်ခံ့တည်တန့်စေခြင်းငှာ မိမိတို့၏ အလိုဆန္ဒကို ထုတ်ဖော်တိုင်တည်ခြင်း (ဝါ) ကြွေးကြော်ကြခြင်းပင်ဖြစ်သည်။

ဘာသာတရားကို ယုံကြည်လေးစားတန်ဖိုးထားကြကုန်သော ဗုဒ္ဓဘာသာဝင် တိုင်းသည် သာသနာတော်ကို ကာလကြာမြင့်စွာ ထာဝစဉ်တည်မြဲလိုကြမည်ဖြစ်သည်။ သတိပြုရမည့် အချက်မှာ သာသနာတော်ကို ထာဝစဉ်တည်မြဲစေလိုလျှင် သာသနာတော်တည်စေနိုင်မည့် အကြောင်းတို့ကို သိမြင်တတ်ဖို့နှင့် လက်တွေ့လုပ်ဆောင်နိုင်ဖို့သည် အလွန်အရေးကြီးပါသည်။ **လုပ်ငန်းတစ်ခုကို ပြီးမြောက်အောင် လုပ်ဆောင်ရာတွင် စိတ်ဖြင့်ကြံစည်ကာမျှ နှင့်လည်း မပြီးပါ။ နှုတ်ဖြင့်ပြောဆိုကာမျှဖြင့် လည်းမပြီးပါ။ ကာယကံမြောက် ကိုယ်တိုင် လုပ်ကိုင်နိုင်ပါမှ ပြီးမြောက် အောင်မြင်နိုင်ပေသည်။ ထိုနည်းတူစွာ သာသနာတည်တံ့ခိုင်မြဲစေလိုလျှင် နှုတ်မှ ရွတ်ဆိုဆုတောင်းကာမျှဖြင့် မရပါ။ လက်တွေ့ ဒိဋ္ဌဓမ္မ ပြုလုပ်နိုင်ကြဖို့လည်း လိုအပ်ပါသည်။**

## ဗုဒ္ဓသာသနာနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် ထွန်းကားလျက်ရှိသော ထေရဝါဒဗုဒ္ဓသာသနာကို ယခုမျက်မှောက်ကာလတိုင်အောင် မပျောက်မပျက်အောင် ထိန်းသိမ်းလာနိုင်ခဲ့ခြင်းကို လေ့လာကြည့်လျှင် တိုင်းပြည်အုပ်ချုပ်သော မင်းများနှင့်တကွ ရဟန်းရှင်လူ ပြည်သူအများတို့က အလေးအနက်ထား၍ ကြိုးစားအားထုတ်ခဲ့ကြောင်းကို တွေ့မြင်နိုင် မည်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော် ကာလက အနောက်မဇ္ဈိမ (အိန္ဒိယ) ဒေသမှ ပွင့်ထွန်းပေါ်ပေါက်လာသော ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံ၌ စတင်ပြန့်ပွားလာသည့် အချိန်ကာလနှင့် သမိုင်းကြောင်းကိုပြန်ကြည့်လျှင် ဗုဒ္ဓမြတ်စွာပွင့်ထွန်းစကပင် မြန်မာပြည် ဥက္ကလပ တိုင်းသား 'တဖုဿနှင့် ဘလ္လိက' ကုန်သည်ညီနောင် တို့ မဇ္ဈိမဒေသသို့ ကုန်သွယ်အသွား၌ ဖူးတွေ့ခွင့်ရ ခဲ့သည်မှစ၍ ဗုဒ္ဓသာသနာတော်ကို ကြည်ညို မှီခို ခွင့်ရခဲ့ကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း 'စေဥတီ ရခိုင်ပြည်' နှင့် 'ရာမညတိုင်း သုဝဏ္ဏဘုမ္မိ (သထုံ)' သို့ကြွရောက်သာသနာပြုတော်မူခဲ့သည်။ သို့သော် ထိုကာလများက မြန်မာပြည်တွင် ပရိယတ္တိသာသနာနှင့် သံဃာရတနာမပေါ်ထွန်းသေးပါ။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာသက္ကရာဇ် (၂၁၈) ခု ဘီစီ (၃၂၆) တွင် မဇ္ဈိမဒေသ ပါတလိပုတ်ပြည်၌ ထီးနန်းဆက်ခံခဲ့သော သီရိဓမ္မာသောကမင်းသည် တူတော် နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်လာခဲ့သည်။ ထို့နောက် သာသနာတော် စင်ကြယ်သန့်ရှင်းစေရန် 'အရှင်မောဂ္ဂလိပုတ္တတိဿ' မထေရ်မြတ် ကြီးမှူး၍ ရဟန္တာ (၁၀၀၀)တို့ဖြင့် သာသနာသက္ကရာဇ် (၂၃၅) ခု ဘီစီ (၃၀၉) တွင် 'တတိယသံဂါယနာ' ကို တင်စေပြီး သာသနာပြန့်ပွားစေရန် ကိုးတိုင်း ကိုးဌာနသို့ ရဟန်းတော်များအား သာသနာပြု စေလွှတ်တော်မူခဲ့သည်။ 'သောဏ နှင့် ဥတ္တရ' အမည်ရှိသော မထေရ်မြတ် နှစ်ပါးသည် နောက်ပါတပည့်သုံးပါး တို့နှင့်တကွ ရာမညတိုင်း သုဝဏ္ဏဘုမ္မိ (သထုံ) သို့ ကြွရောက် သာသနာပြုခဲ့သည်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ထေရဝါဒ သာသနာထွန်းကားလာခြင်းသည် မွန်တို့ဌာနီ ရာမညတိုင်း၌သာလျှင်ရှိသေး၍ မြန်မာတစ်နိုင်ငံလုံးသို့ ပြန့်နှံ့ခြင်း မရှိသေးချေ။ အထက်မြန်မာပြည် သရေခေတ္တရာ (ပျူခေတ်)၌ ထွန်းကားခဲ့သော ဗုဒ္ဓသာသနာမှာ မြောက်ပိုင်း မဟာယာနသာသနာဖြစ်သည်ဟု သမိုင်းသုတေသီတို့က သတ်မှတ်ကြသည်။

မြန်မာနိုင်ငံသို့ ထေရဝါဒဗုဒ္ဓ သာသနာ ပြန့်ပွားရောက်ရှိခဲ့ချိန်မှာ ပုဂံခေတ်အုပ်ချုပ် ခဲ့သော မင်းများအနက် (၄၂) ဆက်မြောက်ဖြစ် သော အနော်ရထာမင်းစော အေဒီ (၁၀၄၄- ၁၀၇၇) ထီးနန်းဆက်ခံခဲ့သည့်အချိန်ကျမှ သထုံမှ ရှင်အရဟံမထေရ်ကြွရောက်၍ သာသနာပြုခဲ့ခြင်းဖြစ်သည်။ အနော်ရထာမင်းသည် ပုဂံ၌ လွှမ်းမိုးနေသော အရည်းကြီးသာသနာကို သုတ်သင်ဖယ်ရှား၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကို တစ်ပြည်လုံးကိုးကွယ်စေခဲ့သည်။ ထိုမင်းလက်ထက်၌ပင် မြန်မာစာ အရေးအသားပေါ်ပေါက်လာခဲ့ပြီး ပထမဦးဆုံးအနေဖြင့် မြန်မာ့သမိုင်းကို ကျောက်စာအဖြစ် အက္ခရာတင်နိုင်ခဲ့သည်။

ထိုသို့ ပုဂံခေတ်၊ အင်းဝခေတ်မှ အစပြု၍ မျက်မှောက်ခေတ်ကာလတိုင်အောင် မင်းအဆက်ဆက်တို့ သာသနာတော်ကို အထူးအလေးထား ချီးမြှောက်ထောက်ပံ့ခဲ့ကြပြီး ပဉ္စသံဂါယနာနှင့် ဆဋ္ဌသံဂါယနာတို့ကိုပင် တင်နိုင်ခဲ့ကြသည်။ ရဟန်းရှင်လူ အပေါင်းတို့သည်လည်း သာသနာတော်ကို မတိမ်းမစောင်းရအောင် လက်ဆင့်ကမ်းသယ်ဆောင်၍ သာသနာတော်အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသဖြင့် ယနေ့တိုင် နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပလျက် ရှိနေပေသည်။ ထိုကဲ့သို့ပင် မိမိတို့လက်ထက်၌လည်း နောင်အနာဂတ်ကာလတိုင်အောင် သာသနာတော်ကြီး သန့်ရှင်းစွာဖြင့် အရှည်ခံ့တည်တံ့နိုင်မည့် နည်းလမ်းကောင်းများကို ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုမျှမကသေး သာသနာတော်ကို ဆက်လက်ထိန်းသိမ်းကြရမည့် မျိုးဆက်သစ် လူငယ်၊ လူရွယ်များကိုလည်း ဘာသာရေးအခြေခံကောင်းများ ပြည့်စုံလာရန် လေ့ကျင့်သင်ကြားပေးရမည် (ဝါ) လက်ဆင့်ကမ်းအမွေကို ပေးကြရမည် ဖြစ်ပေသည်။

## ဆယ်ကျော်သက်များအပေါ် ဘာသာရေးသုံးသပ်ချက်

ယခုခေတ် လူငယ်လူရွယ်များကိုကြည့်လျှင် ဘာသာရေးနှင့်ပတ်သက်၍ အားရကျေနပ်စရာများရှိသကဲ့သို့ အားနည်းချက်များလည်း အများအပြားရှိသည်ကို တွေ့ရပါသည်။ ကျေနပ်စရာအနေအားဖြင့်ကြည့်လျှင် ကလေးသူငယ်များနှင့် လူငယ်ပိုင်း၊ လူလတ်ပိုင်းအတော်များများသည် ဘာသာရေးဘက်ကိုလိုက်စားမှု အားကောင်းလာကြသည်ကို တွေ့ရသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ အဘိဓမ္မာသင်တန်းများ၊ ဝိပဿနာတရားအားထုတ်မှုလုပ်ငန်းများနှင့် ဓမ္မစကြာဝတ်အသင်း၊ ဝေယျာဝစ္စအသင်း၊ ဆွမ်းလောင်းအသင်းစသော ဘာသာရေးနှင့်သက်ဆိုင်သော အသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလာကြသည်ကို အားရဖွယ်ရာတွေ့လာရသည်။ စာရေးသူတို့ လှည်းတန်းရှိ ရပ်ကွက်များ၊ လမ်းများတွင် ဆွမ်းလောင်းအသင်းများရှိကြပေသည်။ ထိုအထဲတွင် (၈) ရပ်ကွက် ရှောက်ပင်ခြံဆွမ်းလောင်းအသင်းမှာ

ထူးထူးခြားခြား လူငယ်အများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အင်အားတောင့်တင်းသည့်အပြင်၊ စည်းလုံးညီလှသဖြင့် လုပ်ဆောင်ချက်များမှာ အားရစရာ၊ ချီးကျူးစရာအလွန်ကောင်းသည်။ ဤအချက်များမှာ လူငယ်များ၏ အတုယူအားကျစရာ စွမ်းဆောင်ချက်များပင်ဖြစ်သည်။

အားနည်းချက်များ အနေအားဖြင့်ကြည့်လျှင် ယခုခေတ်လူငယ်၊ လူရွယ်များတွင် ဘာသာရေးဗဟုသုတနည်းပါးလာခြင်း၊ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့အပေါ်၌ ရိုသေကိုင်းရှိုင်းမှု နည်းပါးလာခြင်း၊ ဝတ်စားဆင်ယင်မှုတို့၌ ယဉ်ကျေးသိမ်မွေ့မှု နည်းပါးလာခြင်း၊ ဆိုဆုံးမ, ခက်ခြင်းတို့ပင်ဖြစ်သည်။ ခေတ်လူငယ်အများစုသည် လောကီအတတ်ပညာသင်ယူခြင်းဖြင့်သာ အချိန်ပြည့်လုံးပမ်းနေရသဖြင့် ဘာသာရေးနှင့်အလှမ်းဝေးခဲ့လာခဲ့ကြသည်။ လူငယ်တို့သဘာဝ ပျော်မှုပါးမှုများ၌သာ အာရုံကျမှု၊ လိုက်စားမှုများနေသဖြင့် ကျောင်းကန်ဘုရားသို့ မရောက်ကြသည်ကသာများသည်။ ဘာသာရေးဗဟုသုတဖြစ်စေမည့် စာပေများကိုလည်း ပျင်းစရာကောင်းသည်ဟု သဘောထားကာ ဖတ်လေ့မရှိကြပါ။ ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်၍ ဟုတ်ဟုတ်ငြားငြား ဘာမျှမတတ်ချေ။ ခက်ခဲသောအရာများကို အပထား ဘုန်းကြီး၊ ရဟန်းများနှင့်ပင် စကားကို အမြီးအမောက်တည့်အောင် မပြောနိုင်ကြ။ လူအချင်းချင်းပြောသကဲ့သို့ ပြောဆိုလာကြသည်။ ဗုဒ္ဓဘာသာဝင်များအတွက် ဤချက်သည် အရေးကြီးပါသည်။ ရှင်ရဟန်းတို့မှာ ဝိနည်းတော်အရ လူတို့က ဘာသာရေးအသုံးအနှုန်း မဟုတ်သော စကားများဖြင့် ပြောဆိုလာခြင်းကြောင့် အာပတ်သင့်နိုင်သော အကြောင်းများရှိပါသည်။ ဥပမာ ဒကာတစ်ယောက်မှ 'တပည့်တော်အိမ်ကို အလှူခံကြွပါ' ဟု လျှောက်ထားရမည့်အစား 'အိမ်ကိုလာပါ' ဟု ပြော၍လိုက်သွားလျှင် အာပတ်သင့်သည်။ 'ဆွမ်းဘုဉ်းပေးကြွပါ' ဟု ပြောရမည့်အစား 'ထမင်းစားကြွပါ'ဟုပြော၍ လိုက်စားမိလျှင် အာပတ်သင့်သည်။

ထို့ကြောင့် လူတို့သည် ဘုန်းကြီး ရဟန်းများနှင့်မှန်ကန်သော ဝေါဟာရစကားများကို ပြောဆိုတတ်ဖို့လိုပါသည်။ "တပည့်လိမ္မာ ဆရာအာပတ်လွတ်" ဟူသော စကားပုံပင်ရှိပါသည်။ အချို့ကလည်း မပြောတတ်လို့ပါ မသိလို့ပါဟု ဆင်ခြင်ပေးကြသေးသည်။ ခက်ခဲသော လောကီအတတ်မျိုးစုံကိုပင် သင်ကြားတတ်မြောက်နေပါလျက်၊ အနည်းငယ်မျှသော စကားလုံးတို့ကို မပြောတတ်လို့ပါဟု ဆိုခြင်းမှာ လက်ခံနိုင်စရာအကြောင်း မရှိဟုထင်ပါသည်။ မြန်မာလူမျိုးတို့တွင် ဘာသာတရား၏ အဆုံးအမအရ လိမ္မာယဉ်ကျေးစွာ ပြောဆိုတတ်ခြင်းကို လွန်စွာတန်ဖိုးထားကြသည်။ ပုဂ္ဂိုလ်အလိုက်နေရာအလိုက် သုံးနှုန်းရမည့် ဝေါဟာရစကားလုံးများကိုလည်း သတ်မှတ်ထားပြီးဖြစ်သည်။ ပြောချင်သလို ပြော၍မရပါ။ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်၊ ရဟန်း စည်းကမ်း၊ ရဟန်းကျင့်ဝတ်အတိုင်းလိုက်နာလုပ် ဆောင်တတ်ဖို့လိုပါသည်။ သို့မှသာ ဘာသာတရားကို တန်ဖိုးထားရာရောက်ပါသည်။ အကယ်၍ မသိနားမလည်လျှင်လည်း လူကြီးသူမ၊ ရဟန်းသံဃာတို့ထံ မေးမြန်းရပါမည်။ စင်စစ်အားဖြင့် အတတ်ပညာဆိုသည်မှာ မွေးကတည်းက သူ့အလိုလို တတ်လာခြင်း မဟုတ်ပါ။ မိမိကိုယ်တိုင် လေ့လာဆည်းပူးသင်ယူမှ ကောင်းမွန်စွာ တတ်မြောက်နိုင်သော အရာဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် လူမှုဆက်ဆံရေး နယ်ပယ်၌သာ အားနည်းသည်မဟုတ်သေး။ ဝတ်စားဆင်ယင်မှုများမှာလည်း ဘာသာတရားနှင့် ဗီလာဆန့်ကျင်ဖြစ်လာသည်။ ခေတ်၏ရေစီးကြောင်းအရ တိုင်းတစ်ပါးယဉ်ကျေးမှု လောင်းရိပ်အောက်တွင် မှိုင်းမိနေကြသည့် လူငယ်လူရွယ်တို့ ဝတ်စားဆင်ယင်မှုများသည် မြန်မာ့ယဉ်ကျေးမှုနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် အမျိုးသမီးငယ်အချို့၏ ဝတ်စားမှုသည် မိဘမောင်ဘွားနှင့် ရဟန်းသံဃာတော်များ အမြင်မတော်လောက် အောင်ဖြစ်လာသည်။ ရပ်ထဲ၊ ရွာထဲ ဝတ်စားသည်ကို အပထား ဘုရားကျောင်းကန်ကို လာသည့်အခါတွင်တော့ ဆင်ခြင်သင့်ပါသည်။ တန်ခိုးကြီးဘုရားများတွင် ဆိုင်းဘုတ်ထောင်၍ ဟန့်တားရသည် အထိ အခြေအနေဆိုးလာသည်။ "အဂါရဝ"ဖြစ်၍ ဘာသာတရားအပေါ် မလေးစားရာရောက်သည်မို့ အထူးသတိပြုသင့်လှပေသည်။

**လက်ဆင့်ကမ်းအမွေ ထိန်းသိမ်းကြစေချင်**

ဒေသနာတော်လာ လောကကို စောင့်ရှောက်သော တရားနှစ်ပါးမှာ "ဟိရီနှင့် ဩတ္တပ္ပ" ဟူ၍ ဖြစ်သည်။ ယင်းကို 'ဒေဝဓမ္မ' ဟုလည်း ခေါ်သည်။ နတ်တို့နှစ်သက်သော တရားဖြစ်သောကြောင့်ပင်တည်း။ 'ဟိရီ' ဆိုသည်မှာ မကောင်းမှုမှ ရှက်ခြင်းဖြစ်၍၊ 'ဩတ္တပ္ပ' ဆိုသည်မှာ မကောင်းမှုမှ ကြောက်ခြင်းဖြစ်သည်။ လူသားတို့ မကောင်းမှုပြုရာ၌ 'အရှက်တရား၊ အကြောက်တရား' မရှိကြတော့ဘူးဆိုလျှင် လောကကြီးပျက်စီးကြောင်းပင်ဖြစ်သည်။ အရှက်တရား၊ အကြောက်တရားကို ထိန်းသိမ်းခြင်းသည် လောကကို စောင့်ရှောက်ရာလည်းရောက်သည်။ သမာဒေဝနတ်တို့ကလည်း နှစ်သက်ကြမည်။ မိမိတို့လူသားများမှာလည်း နတ်တို့နှစ်သက်သည်ဖြစ်၍ နတ်များဒေဝ၏ကူညီစောင့်ရှောက်မှုကို ရကြမည်ဖြစ်သည်။

ဤသို့လျှင် အကျိုးကြီးသော "လောကပါလတရား" ကို လူတိုင်းတန်ဖိုးထားသင့်ပါသည်။ ထို့ကြောင့် အုပ်ထိန်းသူ လူကြီးများကလည်း မိမိတို့၏ မျိုးဆက်သစ်များအား ဘာသာရေးအခြေခံကောင်းများ ရရှိလာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ အစဉ်အလာကောင်းများကိုလည်း လူငယ်တို့အား လက်ဆင့်ကမ်းအမွေကို ပေးကြရမည်ဖြစ်သည်။ မျိုးဆက်သစ်တို့ကလည်း ဘာသာတရားနှင့် မိဘ၊ ဘိုးဘွား၊ ဆရာသမားများ၏ အဆုံးအမတို့ကို တစ်သွေမတိမ်း လိုက်နာကျင့်သုံး၍ တန်ဖိုးရှိသော ဘိုးဘွားတို့၏အမွေအနှစ်ဖြစ်သည့် သာသနာတော်မြတ်ကြီးကို ပျောက်ကွယ်မသွားရလေအောင် လက်ဆင့်ကမ်းသယ်ဆောင်၍ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြပါမှ ဗုဒ္ဓဘာသာဝင်တို့ မျှော်လင့်တောင့်တခဲ့ကြသည့် သာသနာတော်အရှည်ခံ၍ တည်တံ့စေလိုသော အာသီသကို ဖြည့်ဆည်းပေးရာရောက်သကဲ့သို့ "သာသနာတော်မြတ်ကြီး၏ အနာဂတ်ခရီး" သည်လည်း ထာဝစဉ် သာယာဖြောင့်ဖြူး နေမည်သာတည်း။

**အရှင်သုစိတ္တသာရ (မုတ်ကျွန်းရတနာ)**

---

**စာမျက်နှာ ၆ မှ**

သော တောထွက်ကာ တောရကျောင်းမှာ တစ်ပါးတည်း ကမ္မဋ္ဌာန်းတရားအကျင့်ဖြင့် ကျင့်ကြံကြိုးစားပွားများ အားထုတ်နေထိုင်ရမည်ဖြစ်သည်။ သို့မှသာ တော၌နေခြင်းငါးမျိုးအနက် နောက်ဆုံးနှစ်မျိုးဖြင့် ကောင်းသောတောထွက်ခြင်း 'နေက္ခမ္မပါရမီ' ဖြည့်ကျင့်ရာရောက်မည်ဖြစ်မည်။ သို့မဟုတ်ပါမူ တော၌နေခြင်းငါးမျိုးမှ- နံပါတ် (၁) တစ်စုံတစ်ရာ အကြောင်းအကျိုးမသိဘဲ ဉာဏ်နုံ့နှေးမိုက်မဲသောကြောင့် တော၌နေခြင်း (၂) ငါတော၌သွားနေလျှင် တောနေပုဂ္ဂိုလ်ဟူ၍ များစွာလှူဒါန်းကြမည်ဟူသော အလိုဆိုးရှိ၍ တော၌နေခြင်း (၃) စိတ်ရူးသွပ်သောကြောင့် တော၌နေခြင်း. . ဟူသော- အချက်သုံးချက်နှင့် ညီစွန်းနေသော တောထွက်ခြင်း= နေက္ခမ္မသာ ဖြစ်နေပေလိမ့်မည်။ ။

**ကျမ်းညွှန်။ ။ မဟာဗုဒ္ဓဝင်- အနုဒီပနီကျမ်း။**

**ရှင်ဉာဏ (ဖျာပုံ)**

---

**စာမျက်နှာ ၇ မှ**

သို့ရာတွင် ထိုကျယ်ပြန့်မှုသည် နောက်ပိုင်းရပ်သွားပြီး တဖြည်းဖြည်းပြန့်ပြူးလာမည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုကျုံ့လာသော ရုပ်ဒြပ်များအလွန်အမင်း သေးငယ်လာပြီး သုညသို့မဟုတ် သုညနီးပါးအထိ ရောက်လာမည်ဖြစ်ပါသည်။

သိပ်သည်းလွန်းပြီး စွမ်းအင်များစွာရှိသော ရုပ်ဒြပ်များမှာ ထိုအခြေအနေမျိုးတွင် ကြာရှည်စွာရပ်တည်နေနိုင်ခြင်းမရှိသောကြောင့် နောက်ထပ်တစ်ဖန်ထပ်မံပြီး ပေါက်ကွဲမှုကြီးဖြစ်ရပါသည်။

ဤနည်းဖြင့် စကြဝဠာကြီးသည် တစ်ခုချုပ်ငြိမ်းလိုက် အသစ်တစ်ခုဖြစ်လိုက်နှင့် အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အောင်ပင်ရှိသည်ဟု သိပ္ပံပညာရှင်များက ဆိုကြပါသည်။

**တက္ကသိုလ်သျှင်သီရိ**

**(ဓမ္မာစရိယ၊ ဘီ-အေ)**

# ရွှေမလှိုင်မြို့က မေတ္တာလှမ်းခြုံ သာသနာပြု စခန်းရိပ်မြုံ

## ကိုယ်တွင်းရောဂါ၊ ကိလေသာ၊ ကိုယ်မှာရှိလို့နေ

### သက်ပိုင်ငြိမ်း(ရက္ခဗေဒ)

\- မသစ်ချင့်သစ်၊ သစ်ချင်သစ်၊သစ်ကြမျက်နှာရေ

မျက်စိ၊ နား၊ နှာ၊ လျှာနှင့် အာ ကိုယ်မှာ ချေးညှော်တွေ၊

\- မစားချင်စား၊ စားချင်စား၊ ဆေးဝါးဓာတ်စာတွေ၊

၉၆ ဖြာ ဘေးရောဂါ၊ ကိုယ်မှာ ရှိလို့နေ၊

\- မပြုချင်ပြု၊ ပြုချင်ပြု၊ ကောင်းမှုကုသိုလ်တွေ၊

ကိုယ်တွင်းရောဂါ၊ ကိလေသာ ကိုယ်မှာ ရှိလို့နေ။

သာသနာနှစ် ၂၅၅၂ ခုနှစ် မြန်မာနှစ် ၁၃၇၁ ခုနှစ် ခရစ်နှစ် ၂၀၀၉ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့ မြန်မာနှစ်ဆန်းနှစ်ရက်နေ့တိုင်အောင် ရွှေမလှိုင်မြို့ ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ရွှေမြင်တင်ဓမ္မရိပ်သာ ၁၅ ကြိမ်မြောက် ဒုလ္လဘ ၇ ရက်တရားစခန်းကို ဖွင့်လှစ်ခဲ့ပါသည်။

အထက်ဖော်ပြပါ တရားဒေသနာတော်မှာ ရွှေမလှိုင်မြို့ သာသနာ့ ဝေပုလ္လလေးမျက်နှာ ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယကဆရာတော် "စူဠဂန္ထဝါစက၊ ပဏ္ဍိတ" ဘဒ္ဒန္တဓမ္မိက အရှင်သူမြတ်က ရွှေမြင်တင်ဓမ္မရိပ်သာ ဒုလ္လဘ ၇ ရက်တရားစခန်းတွင် 'ရွှေရတုဓမ္မဗိမာန်တော်'၌ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

သင်္ကြန်တွင်း ဒုလ္လဘရဟန်းဝတ်ကြသူများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြသည်ကို တွေ့မြင်ရပါသည်။ အများသူငါ ရေသဘင်ပွဲ ဆင်နွှဲပျော်ရွှင်နေကြချိန်ဝယ်၊ ယခုကဲ့သို့ ဘုရားအရိပ် တရားအရိပ်၊ ကျောင်းအရိပ်သို့ လာရောက်ခိုလှုံကြပြီး ဒုလ္လဘရဟန်းဝတ်ကြသူအပေါင်းတို့ကို ဆရာတော်အရှင်သူမြတ် ညီနောင်နှစ်ပါးက နွေးထွေးသော မေတ္တာ ကရုဏာတော်များဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက်ရှိနေပါသည်။

အကိုတော်ဖြစ်သည့် လေးမျက်နှာ ဆရာတော်ကြီး၏ လမ်းညွှန်ချက်များကို လိုက်နာလျက် ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် 'ဂန္ထဝါစက ပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ' ဘဒ္ဒန္တကဥ္စန အရှင်သူမြတ်က ဒုလ္လဘ တရားစခန်းတွင် စည်းကမ်းချက်များ သတ်မှတ်ပေးထားပြီး ရိုသေလေးစားစွာ လိုက်နာကျင့်သုံးကြရပါသည်။ နေ့စဉ် နံနက် ၄ နာရီ ၃၀ မိနစ်အချိန်မှစ၍ ည ၉ နာရီတိုင်အောင် ဘုရားရှိခိုးချိန်၊ ဆွမ်းခံကြွချိန်၊ တရားထိုင်ချိန်၊ စင်္ကြံလျှောက်ချိန်၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ စားချိန် ရေချိုးချိန်မှစ၍ အချိန်နာရီ အတိအကျ လိုက်နာဆောင်ရွက်ကြရပါသည်။ တရားဟောကြားသည့်အချိန်များတွင် ဆရာတော်အရှင်သူမြတ်များကိုယ်တိုင် ဟောပြောဆိုဆုံးမ၍ တရားပြပေးတော်မူကြပါသည်။

အထူးသဖြင့် မေတ္တာပွားများချိန်များတွင် မေတ္တာပို့နည်း အမျိုးမျိုးကို ၅၂၈ သွယ်သော မေတ္တာပို့နည်းများပါ မကျန်စေရ၊ ၃၁ ဘုံ ကျင်လည်နေကြကုန်သော သုခိတ၊ ဒုက္ခိတ ဝေနေယျ သတ္တဝါအပေါင်းနှင့်တကွ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ကို စိတ်ရောကိုယ်ပါနှစ်၍ အထူးမေတ္တာပို့သပြီး အမျှပေးဝေကြရပါသည်။

ဒုလ္လဘရဟန်း ၂၅၀ ခန့်၊ ဝေယျာဝစ္စပြုလုပ်ကြသူများ၊ ကျောင်းတိုက်နှစ်တိုက်လုံးတွင် သီတင်းသုံးနေထိုင်ကြသူ ရှင်ရဟန်းအပေါင်းတို့၏ ဆွမ်းဘောဇဉ်များအတွက် စေတနာသဒ္ဓါတရား ထက်သန်စွာ လာရောက် ဆွမ်းကပ်အလှူဒါနပြုကြသူများမှာလည်း ပေါများလွန်းလှပါသည်။ ဆရာတော်အရှင်သူမြတ် ညီနောင်နှစ်ပါးနှင့်အတူ စာချဆရာတော် ဦးသုဘောဂ(လေးမျက်နှာ)၊ ဦးအာစိဏ္ဏ(ရှစ်မျက်နှာ) ဆရာတော်အရှင်မြတ်များ ကိုယ်တိုင် အားချိန် နားချိန်ဟူ၍မထား တရားဒေသနာချီးမြှင့်ပေးတော်မူကြပါသည်။ ဆရာတော်အရှင်သူမြတ်တို့၏ ကြီးမားလှစွာသော စေတနာနှင့် မေတ္တာအရိပ်၊ တရားအရိပ်ကား သောကအားလုံး လွင့်စင်ကွယ်ပျောက်စေကာ အေးချမ်းခြင်းသုခရတနာကို ရရှိခံစားကြစေပါတော့သည်။

များသောအားဖြင့် ဒုလ္လဘရဟန်းဝတ်ကြသူများမှာ ချမ်းသာသော သူဌေးကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ကုန်သည်ပွဲစားကြီးများ၊ စက်ပိုင်ရှင်ကြီးများ၊ ပညာရေးဝန်ထမ်းများ၊ ရုံးဝန်ထမ်းများအပြင်၊ သေရည်သေရက် သောက်စားကြသူများ၊ သင်္ကြန်ကာလဝယ် အိမ်မှာထိန်းသိမ်းမရနိုင်ကြသူများ၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး မပြေလည်ကြသူများ၊ ဈေးသည်များ၊ တောင်သူလယ်သမားများ၊ မိဘများ စိတ်ချမ်းသာကြစေရန် ဝတ်ကြသူများ၊ သူများဝတ်၍ (အဖော်ကောင်း၍) လိုက်ဝတ်ကြသူများစသည်ဖြင့်ထန်းသမားများပင် မကျန်၊ အဆင့်မျိုးစုံ အလွှာမျိုးစုံ၊ ပတ်ဝန်းကျင်မျိုးစုံမှလာရောက်ကြသူများဖြစ်၍ ဖြူ၊ နီ၊ ပြာ၊ ဝါ၊ စိမ်း၊ ခရမ်း၊ အမဲစသည်ဖြင့် အရောင်အသွေးစုံ၊ အဆင်လည်းစုံလင်လှပါတော့သည်။

မည်မျှပင် အရောင်အသွေးစုံလင်ကြသူများဖြစ်ကြပါစေ၊ ရွှေမြင်တင် ဓမ္မရိပ်သာသင်္ကြန်တွင်းဒုလ္လဘ ၇ ရက်တရားစခန်းအတွင်း ဝင်ရောက်လာကြသူအားလုံး 'အဖြူ' ရောင်သက်သက် တသွေးတည်း တသားတည်း တစ်စိတ် တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြစ်နေကြစေရန် ကြိုးပမ်းဆောင်ရွက်ပေးတော်မူ နိုင်ကြသည့် ဆရာ့သခင် အရှင်သူမြတ်ကြီးများ၏ ဘုန်းတန်ခိုးအရှိန်၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာ၊ အရောင်အဝါတို့မှာ အံ့ချီး၍ပင်မကုန်နိုင်တော့ပါပေ။

'မေတ္တာ' ၏ စွမ်းအင်ကြောင့် ယခုကဲ့သို့ 'သာသနာပြုလုပ်ငန်းများ' အောင်မြင်လာရခြင်းဖြစ်ပါသည်ဟု ဆရာတော်က မိန့်တော်မူပါသည်။ 'မေတ္တာသတ္တော၊ အနန္တော' ဟု မြတ်ရှင်စောကိုယ်တိုင် ဟောကြားတော်မူခဲ့ပါသည်။ 'မေတ္တာလွှမ်းခြုံမှ ရန်လုံပါမည်'၊ မေတ္တာနှင့် စေတနာမှန်ကန်လျှင် မိမိတို့ ပြုလုပ်သမျှ 'ကံ' လည်း ကောင်းမွန်လာမည်မှာ အမှန်ဖြစ်ပါတော့သည်။

**ကံကောင်းမှ အထက်တန်းကျမည်၊**
**အထက်တန်းကျမှ မျက်နှာပန်းလှပါသည်၊**
**စေတနာကောင်းလျှင် ကံကောင်းပါမည်၊**
**စေတနာဆိုးလျှင် ကံလည်းဆိုးပါမည်၊**
**အကြောင်းကောင်းမှ အကျိုးကောင်းပါမည်၊**

မိမိတို့၏ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံများရှိခဲ့ကြပါသည်။ မိမိတို့၏ 'ကိုယ်ပြုသမျှကံ၊ ကိုယ့်ထံပြန်လာပေမည်' ဤကားကုသိုလ်၊ အကုသိုလ်ဟူ၍ ခွဲခြားသိမြင်တတ်ပြီး ကိုယ်ချင်းစာ စိတ်အရင်းခံထားကာ 'မေတ္တာ' ပေးနိုင်ပါက ထိုသူ၏ ဘဝ 'အရတော်ပေစွ တကား' ဟု အောက်မေ့ကြပါဟု မိန့်တော်မူပါသည်။

ယခုကဲ့သို့ ရွှေမြင်တင် ဓမ္မရိပ်သာ ဒုလ္လဘတရားစခန်းကို ရောက်ရှိလာကြသူအပေါင်းမှာ 'ကံ' ကောင်းကြ၍သာဖြစ်သည်။ 'လူ' ဆိုသည်မှာ မိမိတို့လျှောက်လှမ်းကြရမည့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းအမြဲအစဉ် ဖြောင့်ဖြူးကောင်းမွန်နေကြမည်မဟုတ်ပေ၊ မကောင်းမှုအကုသိုလ်များကိုပယ်ပြီး ကုသိုလ်တရားကောင်းမှုများကိုသာ စိတ်ဝယ်အစဉ်ကိန်းအောင်းနေစေပြီး 'သတိတရား' လက်ကိုင်ထားလျက် 'သမာဓိ' နှင့် ဆင်ခြင်အောက်

**စာမျက်နှာ ၁၆ သို့**

# အရှင့်မှာတမ်းတရားစခန်းဝင်

## (မဟာဗောဓိမြိုင်ဆရာတော်)

ဗုဒ္ဓေါရသအရှင်ဣန္ဒာစရိယ



အရညဝါသီတောမှီလျက်ရှိသော မဟာဗောဓိမြိုင်ဆရာတော်ကို ဘုရားကြီးနှင့်လက်ရင်းတပည့် ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယတို့အား၊ မဟာမြိုင်တောတွင်း ခေါင်နန်းပလ္လင်တောရကျောင်းမှ ဆွမ်းခံကြွစဉ်ဖူးတွေ့ရပုံ

အရညဝါသီတောရမှီလျက်ရှိသော မဟာဗောဓိမြိုင်ဆရာတော် ဦးဥေယျ ဓမ္မသာမိသည် ၁၃၆၁- ခုနှစ်ကတည်းက၊ ပုလဲမြို့နယ် ဝါးသုံးရုံတောရစခန်းမှသည် မဟာမြိုင်တောဂနိုင်အတွင်း၊ ခေါင်နန်းပလ္လင်တောရကျောင်းအထိ၊ (၁၀) နှစ်တိုင်တိုင် အဓိဋ္ဌာန်ခရီးပြင်းနှင်တော်မူခဲ့လေသည်။ လောကဓံနှင့် ကျင့်ဉာဏ်တို့ သူတပြည်န်ကိုယ်တပြန် အရှုံးမခံ၊ ဓမ္မထုံးစံလက်ကိုင်ထားလျက် အားခဲ၍ ကြိုးပမ်းတော်မူခဲ့ရသည်။

ရပ်ဝေးရပ်နီးမှ ဒကာဒကာမတွေမှာလည်း (၁၀) နှစ်ကာလအတွင်း ဆရာတော်အားဖူးတွေ့နိုင်ရန် မျှော်လင့်ခြင်းများစွာဖြင့် မျှော်ခဲ့ကြရပေသည်။ မိမိတို့အားထားကြည်ညိုခဲ့ကြရသော ဆရာတော်မည်သည့်အရပ် မည်သည့် ဒေသ၌ ရောက်ရှိနေသည်ကို နားစွင့်နေခဲ့ကြရသည်။

**မဟာမြိုင်ခေါင်နန်းပလ္လင်တောမှ တောင်ခြေဇရပ်သို့**

ယခု ၁၃၇၁-ခုနှစ် ကဆုန်လဆန်းရက်ပိုင်းများအရောက်တွင် ဆရာတော်သည် မဟာမြိုင်တောအတွင်း ခေါင်နန်းပလ္လင်တောရတောင်ခြေဇရပ်သို့ ဆွမ်းတော်ခံကြွတော်မူ၍ အဖူးအမျှော်ခံတော်မူသည်။ တရားဓမ္မများလည်း ချီးမြှင့်ပေးတော်မူသည်ဟု တဆင့်စကား အဆင့်ဆင့်ကြားကြရာမှ၊ ဆရာတော်၏ ဒကာရင်း ဒကာမရင်းများ ထိုတောင်ခြေဇရပ်သို့ စုပြုံရောက်ရှိသွားကြလေသည်။

**ဆရာတော်အား ရှာဖွေ၍တွေ့ကြရလေပြီ**

မဟာမြိုင်တောအတွင်းရှိ ခေါင်နန်းပလ္လင်တောင်ခြေမှ ဆွမ်းလောင်းဇရပ်သို့ ဒကာဒကာမများ ရောက်ရှိကြခိုက်တွင် ဆရာတော်ဆွမ်းတော်ခံကြွတော်မူသည်နှင့်ကြုံကြ၍ ဖူးမြင်ကြရသည်။ လှူဒါန်းပူဇော်ကြရသည်။ တရားတော် နာကြားကြရသည်။

**ဆက်ဆံရေးအဆင်မချောသည့် သဘောမျိုးလော**

သို့သော် ဆရာတော်သည် ဒကာဒကာမများ၏ ၁၀ နှစ်တာ အလွမ်းအမောကို တည်တည်ပြတ်ပြတ် မှန်မှန်သာ ဆက်ဆံတော်မူလိုက်လေသည်။ ဖူးတွေ့ကြရန်အချိန်ကိုလည်း ကြာကြာပေးတော်မမူပေ။ ယုတ်စွအဆုံး အစ်မအရင်းကိုပင် လိုက်လျောနှုတ်ဆက်၍ ဆက်ဆံတော်မမူခဲ့ပေ။ အားလုံးတို့ကို အရင်းအဖျားမခြားမနား တစ်သားတည်းထားရှိ ဆက်ဆံသည့်သဘောမျိုး ဖြစ်လေသည်။

**အပြုံးကိုယ်စီမှသည် မျက်ရည်ကိုယ်စီ စီးဆင်းရလေပြီ**

ဆရာတော်အား ဖူးတွေ့ပြီး အရင်လိုပြောဆိုဆက်ဆံလို၍ ရောက်လာကြသော ဒကာ ဒကာမတို့အဖို့အရာ အပြုံးကိုယ်စီမှသည် မျက်ရည်ကိုယ်စီ ဖြိုင်ဖြိုင်စီးဆင်း၍ နေလေတော့ပြီ။ အပြုံးပီတိကို သောကဖိစီးထားလေတော့ လူတိုင်းကိုယ်စီ မျက်ရည်များ ပင်လယ်ဝေတော့သည်။

ဆရာတော်အား ဖူးတွေ့ရာ ဆွမ်းလောင်းလှူရာ ထိုတောင်ခြေဇရပ်ကလေးမှာ အလွမ်းဇာတ်ခင်းရာ၊ မျက်ရည်ကျဆင်းရာ နေရာကလေးဖြစ်သွားတော့သည်။ အမှန်အားဖြင့် ပြောဆိုရမည်ဆိုပါလျှင် ထိုဇရပ်ကလေးသည် လွမ်းဇာတ်သိမ်း၍ အပူခပ်သိမ်းကင်းငြိမ်းချမ်းသာရာ နေရာကလေးတစ်ခုသာဖြစ်သည်။

အဘယ်ကြောင့်ဆိုပါသော် ဤဇရပ်တွင် ဆရာတော်ဆွမ်းအလှူခံကြွတော်မူခြင်း။ အဖူးအမြော် အပူဇော် ခံတော်မူခြင်း။ တရားဓမ္မများဟောကြားချီးမြှင့်ပေးခြင်းတို့မှာ ပင်ပန်းခဲယဉ်းစွာ လာရောက်ဖူးမျှော်လှူဒါန်းကြသူများအဖို့ ကောင်းမှုအထူးဆည်းပူးရယူကြရာ ဆွတ်ပြန့်ကြည်နူးရွှင်မြူးစရာ နေရာကလေးသာဖြစ်ပေသည်။

**သဒ္ဓါစစ်ကြမည်ဆိုပါက ကြည်ညိုစရာသံဃာရှိပြီးသား**

"သင်တို့သာ သဒ္ဓါစစ်ကြမည်ဆိုပါက တို့များဆီ ဒီအထိတောင် လာစရာမလိုဘူးဗျာ့။ ကြည်ညိုစရာ သံဃာကရှိပြီးသားပါဗျာ့။ တွေ့တဲ့သံဃာကို သံဃာ့ဂုဏ်အာရုံပြုကြည်ညိုလောင်းလှူလိုက်ရင် အတူတူပါပဲဗျာ. ."

"ယခုတော့ ဒီလိုမဟုတ်ပေဘူးဗျာ့။ ငါတို့ဆီမှာတော့ လာပြီးလှူလိုက်ကြတာ၊ လမ်းမှာတွေ့တဲ့ သံဃာကျတော့ လှူဖို့အသာထား၊ ကားနဲ့ပါပွတ်တိုက်ခဲ့ကြသေးတယ်။ တို့ဟာတွေ ဟုတ်ပါသေးရဲ့လားဗျား. . ."

**မဟာဗောဓိမြိုင်ဆရာတော်၏ တရားဓမ္မများ**

မဟာဗောဓိမြိုင်ဆရာတော်အား အဆိုပါမဟာမြိုင်တောအတွင်းရှိ ဆွမ်းလောင်းဇရပ်ကလေးတွင် ဖူးတွေ့လောင်းလှူကြသော ဒကာဒကာမများအား ချီးမြှင့်ဟောကြားပေးတော်မူသော တရားဓမ္မဖြစ်သည်။

**သံဃာကို လှူတတ်ကြဖို့ရာ**

"သင်တို့ဟာ. .၊ ငါတို့ဆရာတော်ကိုသာ လှူတတ်ပြီး၊ သံဃာကို မလှူတတ်ကြသေးလို့ ပြောနေရတာဗျာ့။ သဒ္ဓါစစ်ရင်၊ ဘယ်ဆရာ၊ ညာဆရာ၊ ငါတို့ဆရာ ဆိုတာ မရှိတော့ဘူးဗျာ့။ အားလုံး သံဃာတွေချည်းပဲ မဟုတ်ပါလားဗျာ့။ ငါတို့က သံဃာကို လှူတတ်ကြဖို့ ပြောနေတာပါဗျာ။ သံဃာကို အာရုံပြုတတ်ဖို့ ပြောနေတာပါဗျာ. ."

**လှူတဲ့နေရာမှာ သံဃာ့ဂုဏ်ကို အာရုံရအောင်ပြုကြ**

"အလှူလှူတဲ့နေရာမှာ ငါမပါစေနဲ့။ ငါ့ဆရာ မပါစေနဲ့။ ငါ့ပစ္စည်းအစွဲမကြီးနဲ့။ ရှုမှတ်မှုအသိနဲ့လှူတာ အကောင်းဆုံးဖြစ်တယ်။ သံဃာဂုဏ်ကို အာရုံရအောင်ပြုကြ. ."

"အေး. . သာသနာနဲ့ လူ့ဘဝကြုံကြရတဲ့အခုအခါမှာ ကိုယ်အားထုတ်ရင် ကိုယ်ရနိုင်တဲ့ မဂ်ဖိုလ်ချမ်းသာအထူးကြီးကိုရအောင် ကြိုးစားအားထုတ်ကြပါ ဒကာဒကာမတို့. ."

**မျက်ရည်ကိုယ်စီ ဝေခဲ့ကြရလေပြီ။**

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် တောရဆောက်တည်၍ တရားဓမ္မပွားများအားထုတ်တော်မူနေသည်မှာ (၁၀) နှစ်ကျော်ကြာရှိပြီ

ဖြစ်၍ ဆရာတော်အား ဖူးတွေ့နိုင်ရန် ကြိုးစားရှာဖွေနေခဲ့ကြရသော ဒါယိကာ ဒါယိကာမများအား ပြန်လည်တွေ့ဆုံကြရာ၌ အထက်ဖော်ပြပါအတိုင်း တည်တည်ပြတ်ပြတ်မှန်မှန် ဆက်ဆံတော်မူသည်ဖြစ်၍၊ မျက်ရည်ကိုယ်စီ ဝေခဲ့ကြခြင်းဖြစ်သည်။

တပည့်ဒကာဒကာမတို့မှာ ယခင်ကဆက်ဆံကြပုံမျိုးအတိုင်း "စိမ်းကားလှချည်လား ဆရာတော်။ ရက်စက်လှချည်လား ဆရာတော်။ သနားတော်မူလှည့်ပါဦး ဆရာတော်" ဟု အော်ဟစ်ငိုကြွေးလျှောက်ထားလိုက်ချင်ကြသည်။

တကယ်တော့ ဆရာတော်သည် (၁၀) နှစ်တာ အလွမ်းဖြင့် တောတွင်းအရောက်လှမ်းလာကြသူတို့အား တည်တည်ပြတ်ပြတ်မှန်မှန် ဆက်ဆံလိုက်ခြင်းမှာ ဒကာဒကာမတို့၏ကျေးဇူးကို တရားဓမ္မအားဖြင့် တုံ့ဆပ်တော်မူလိုက်ခြင်းသာဖြစ်သည်။ အရှင်ကုမာရကဿပမထေရ်မြတ်ကြီး သူ၏မယ်တော်ကိုကျေးဇူးဆပ်သည့်ပမာဖြစ်ပေသည်။

**အရှင်ကုမာရကဿပ မိခင်ကျေးဇူးပေးဆပ်နည်း**

အရှင်ကုမာရကဿပသည် တောရဆောက်တည်၍ ကမ္မဋ္ဌာန်းအလုပ်ကို ဇောက်ချလုပ်လေရာ တစ်ဆယ့်နှစ်နှစ်ကြာသောအခါ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေသည်။

မယ်တော် ဘိက္ခုနီမကြီးကား သားရဟန်းကိုလွမ်း၍ မျက်ရည်ဖြာဖြာဝေနေခဲ့ရှာသည်။ တစ်နေ့သော်တွေ့နိုး၊ ဖူးမျှော်ရနိုးဖြင့်မျှော်ကိုး ရက်တွေပြောင်းလို့ နှစ်တွေသာပြောင်းပြီး ဆယ်စုနှစ်များပင် ကျော်လွန်ခဲ့ချေပြီ။ မယ်တော်ရင်တွင်း ကွေ့ကွင်းရခြင်းကြောင့် ဆင်းရဲဝေဒနာကြာရှည်စွာ ခံစားနေခဲ့ရသည်။

**သားရဟန်းနှင့် ပက်ပင်းတွေ့ရသော်လည်း**

တစ်နေ့သောအခါ သားအလွမ်းနှင့် ဆွမ်းခံထွက်ခဲ့ရာ လမ်းအကြား တစ်ခုတွင် အဝါရောင်သင်္ကန်းဆင်မြန်း၍ ဆွမ်းခံနေသော သားရဟန်းပုံအသွင်ကို မြင်လိုက်ရစဉ် "ချစ်သား. . ချစ်သား" ဟု အော်မြည်တမ်းလျက် အမှီလှမ်းခဲ့လေရာ လမ်းအကြားတွင် လဲကျသွားရှာလေ၏။ ထိုသို့လဲကျသည့်ဝေဒနာကို အလွမ်းဝေဒနာက နေရာယူလျက် ကဗျာကယာအသာထ၍ သားရဟန်း၏သင်္ကန်းကို အမှီလှမ်းကာ ဆွဲထားလေတော့သည်။

**တည်တည်ထန်ထန်လေသံမာလေသောကြောင့်**

ထိုစဉ် သားရဟန်းကလည်း ဤသို့တွေးစိတ်ပေါက်သွားခဲ့၏။ "ငါ၏မယ်တော်ဟာ ငါ့ထံမှ ချိုသာသည့်စကား အကယ်၍ကြားခဲ့ပါအံ့၊ ပျက်စီးစရာသာ ရှိလေ၏။ ခက်ထန်သည့်စကားဖြင့် ပြောကြားပါမှ အကျိုးများမည်သာတည်းဟု တွေးလေ၏။ "အသင်ဟာ- ဘိက္ခုနီမကြီးဖြစ်ပါလျက် ချစ်ခြင်းကိုပင် မပြတ်နိုင်သေးပါကလား. . " ဟု တည်တည်ထန်ထန်လေသံမာမာဖြင့် ပြောဆိုလိုက်ရာ မယ်တော်ကြီးခမျာ "ငါကား သားရဟန်းအလွမ်းနှင့် (၁၂) နှစ်ကျော်ဖြတ်သန်းခဲ့ရ၊ မျက်ရည်တွေတွေ ကျခဲ့ရပါ၏. .။ ယခုတော့ ငါ့သားစကားနားခါးစရာချည်းပါကလား. . " ဟု သတိသံဝေဂရပြီး ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တရားကိုယ်အားထုတ်လေရာ ထိုနေ့မှာပင် ရဟန္တာထေရီမကြီး ဖြစ်သွားရလေသည်။

**တရားမေ့၍ သားတွေ့လိုသောဇောကြောင့်**

မယ်တော်ကြီးကား တရားမေ့၍ သားတွေ့လိုသောဇောကြောင့် သောကဖြစ်ခဲ့ရ၏။ သားရဟန်းက တည်တည်ပြတ်ပြတ်ထန်ထန် တင်းမာသောလေသံဖြင့် ဆက်ဆံကာကျေးဇူးဆပ်လိုက်သောအခါမှ သားကိုမေ့၍ တရားတွေ့သွားခြင်းဖြစ်လေသည်။

အရှင်ကုမာရကဿပသည် မယ်တော်၏ချစ်ခြင်းကို ဖြတ်နိုင်စေရန် တည်တည်ပြတ်ပြတ်ထန်ထန် ပုံရိပ်များဖြင့် ကျေးဇူးပေးဆပ်လိုက်ခြင်းဖြစ်သည်။ အကယ်၍ မယ်တော်ဟူသော အမှတ်ဖြင့် ချိုသာချေငံသောလေသံဖြင့် ပြောဆိုငြားအံ့၊ မဂ်ဖိုလ်မမှီး အချည်းနှီးသာဖြစ်ချေရာ၏။

**"မျှော်- ချော်မည်"**

*အမျှော်ဝင်
ချော်လျှင်ချော်
မချော်လျှင် လျှော်ပင်ကြား
သွားရသည့် အမျိုး။ ။
*အထားကမှန်
အသွားသန်သန်နဲ့
တရားဉာဏ် အခံပါမှ
အမှန် လာရိုး. .။ ။

မဟာမြိုင်ဆရာတော်ဘုရားကြီးက ၁၃၆၃ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅) ရက်နေ့တွင် ပဋ္ဌိပတ်တောကျောင်း၌ရေးထပ်ခဲ့ပြီး၊ ကဗျာနန်းတော်တွင် သိမ်းဆည်းထားသည့် ကဗျာဖြစ်သည်။

ကဗျာ၏ဆိုလိုရင်းအဓိပ္ပာယ်မှာ အမျှော်ဝင်နေသူတို့အဖို့အရာ မိမိတို့ လျှောက်လှမ်းဖြတ်သန်းနေသော ခရီးလမ်းကြောင်းမှ ချော်သွားနိုင်ကြသည်။ ချော်မသွားလျှင်တောင် အနှစ်မရှိသည့် လျှော်ပင်ကြို လျှော်ပင်များအကြား သွားရတာမျိုးဖြစ်တတ်ပါသည်။

စိတ်ထားကလည်း မှန်ရမည်။ ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့အလုပ်ကလည်း ရပ်နေတာမျိုးမဟုတ်။ အမြဲအားထုတ်နေရမည်။ အကျင့်အင်အားစွမ်းပကားကလည်း သန်မာရမည်။ တရားဉာဏ်တွေ အခံခတ်ပါမှ အမှန်သစ္စာလာရိုးရှိသည်။

ဒီတရားတွေသင်တို့မှာ တကယ်ရှိလျှင် အမှန်ပင်ပြန်လာမည်။ ကြိုးစားကြပါဟု တိုက်ရိုက်မပြောသော်လည်း ပြောနေဘိသကဲ့သို့ပင်။

ဤစကားတွေရှိနေပါလျက်သားနှင့် ဆရာတော်ဘုရားကို ဖူးတွေ့ကြရသောအခါ တရားယူရမည့်အစား မျက်ရည်များဖြာဖြာဝေ၍ သောကတွေ ပင်လယ်ဝေခဲ့ရသည်။ မျက်ရည်ကိုယ်စီ ဌာနီပြန်ကြလို့ ဒီသတင်းစကားကြားရစဉ်မှာ စာရေးသူသည် ပျဉ်းမနားလက်လုပ်တောင်တွင် တရားစခန်းဖွင့်နေချိန်ဖြစ်သည်။ ဤဖြစ်ရပ်အစုံကို ကြားသိရလေသောအခါ အရှင်ကုမာရကဿပသည် မယ်တော်ကြီးကို ကျေးဇူးဆပ်လိုက်သလိုပါဘဲကလားဟု စဉ်းစားရင်း "ငါ့မလွမ်းနဲ့ တရားစခန်းဝင်" ဟူသော ကဗျာတစ်ပုဒ်ကို ခပ်သုတ်သုတ်ပင် ရေးထုတ်မိပါတော့သည်။

**"ငါ့မလွမ်းနဲ့ တရားစခန်းဝင်**

ရှေ့သို့ငါချီ- အောင်နန်းဆီသို့
နောက်ဆီမပြန်- ငါ့ဓိဋ္ဌာန်တည်း
နောက်ကျန်တပည့်- ကိုယ်ကျင့်ဖြည့်၍
အရှိဖြစ်ပျက်- ပျက်ဆုံးသက်အောင်
ဉာဏ်မဂ်ခေါင်ပွင့်- ကိလေလွင့်လိမ့်
အရှင့်မှာတမ်း- ငါ့မလွမ်းနဲ့။ ။

ဆရာတော်ဘက်မှ ခံစားမိရင်း ရေးသားလိုက်မိခြင်းဖြစ်သည်။ ရှေ့သို့ ချီတက်နေသော ငါသည်၊ ခေါင်နန်းပလ္လင်မှ အောင်နန်းမဂ်ယာဉ်ဖြင့် အောင်နန်းနိဗ္ဗာန်ဆီသို့ မရောက်မချင်းသွားမည်ဟု အဓိဋ္ဌာန်ပြုထားပြီးဖြစ်သည်။

ငါ့ရဲ့ကျန်ရစ်ကျတဲ့တပည့်တွေ ကိုယ်ကျင့်သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် ဖြည့်ကျင့်ကြ၍ ခန္ဓာမှာရှိနေတဲ့ ဖြစ်ပျက်သဘောကို အပျက်ဆုံးအောင် ဉာဏ်ဖြင့်ရှု၍၊ အထက်ဆုံးဖြစ်သော အရဟတ္တ မဂ်ခေါင်ဖွင့်ခါ ကိလေသာတွေ လွင့်ကြရလိမ့်မည်။

ထို့ကြောင့် ငါအရှင်မှာကြားမည်။ ငါ့ကို လွမ်းနေမည့်အစား ကိုယ့်ကျင့်တရားကို မမေ့မလျော့သောသတိဖြင့် ရှုမှတ်ပွားများကြပါကုန်လော့! ဉာဏ်မဂ်ခေါင်ဖွင့်၍ ကိလေသာလွင့်ကြပါကုန်လော့! ကိလေသာတွေ လွင့်စေဖို့ရာ တရားစခန်းဝင်ကြပါကုန်လော့. . . !

**ဗုဒ္ဓေါ်ရသအရှင်ဣန္ဒာစရိယ**



# အမှားမြင်က အမှန်ရောက်၊ အမှန်မြင်မှ တရားပေါက်



နိုင်ခင်ရွှေ(ဒေါင်)

ဉာဏ်အရာသည် ဝေဝါးမှုန်ဝါးခြင်းမရှိ၊ ထင်ရှားပြတ်သားသည့်သဘောရှိသည်။ ဉာဏ်ဖြစ်ပေါ်ပုံမှာလည်း စဉ်းစားတွေးခေါ်ကြံစည်စိတ်ကူးခြင်းကြောင့်မဟုတ်ပေ။ ခံစားမှုဝေဒနာမှစတင်၍ အသိဓာတ်နာမ်တရားများ မိမိတို့ သိလိုရာဆင်ခြင်သည့်အခါ၊ သဘာဝဓမ္မအနေဖြင့် မနှောင့်ရတွင် လင်းလက်စွာဖြစ်ပေါ်လာပြီး အမှန်တရားများကို သိမြင်လာခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ရုပ်နာမ်ဓမ္မ သင်္ခါရမြတ်တရားကို၊ သဘောသဘာဝ ဆိုက်အောင် အားထုတ်ခြင်းကိုစွပြုပြီးပါက မိမိတို့ရောက်ရှိသည့် ဉာဏ်စဉ်အလိုက်၊ အသိဓာတ်ဉာဏ်တရားသည်လည်း စိတ်ညွတ်ရာသို့ ဖြစ်ပေါ်သိရှိလာပေသည်။ ဝိပဿနာခရီးစဉ်ဖြစ်သည့် ရှေးဦးပထမဖြစ်ပေါ်ရမည့် ဉာဏ်သည်၊ နာမ်ရုပ်နှစ်ပါးကိုသိသော၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နာမ်ရုပ်နှစ်ပါးကိုသိသော နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိပါမှ သက္ကာယဒိဋ္ဌိလို့ဆိုသည့် ငါစွဲပုဂ္ဂိုလ်စွဲလွဲမှားတဲ့ အယူအဆပျောက်လိမ့်မည်ဖြစ်ပါသည်။

**အပိတ်အပင်အတားအဆီးပင်မတံခါးကြီး**

ထိုသက္ကာယဒိဋ္ဌိလို့ဆိုတဲ့ အယူလွဲမှားမှုကြီးသည် ကျွန်ုပ်တို့ကို အပါယ်သို့တွန်းပို့ပြီး ကျွန်ုပ်တို့ရောက်လိုလှသော နိဗ္ဗာန်ရွှေပြည်မြတ်သို့ မရောက်ရှိမသိမြင်နိုင်အောင် တားဆီးပိတ်ပင်ထားသော ပင်မတံခါးကြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်းအကြောင်း တရားအမှန်ဖြစ်သည့် ဝိပဿနာအလုပ်ဖြင့် နာမ်ရုပ်နှစ်ပါးကို သိမြင်နိုင်အောင် ထက်သန်သော လုံ့လဆန္ဒဓာတ်ဖြင့် အားထုတ်သင့်ပေသည်။ သို့မှသာ နိဗ္ဗာန် သို့ရောက်ရာအမှန်ဖြစ်ပြီး မဂ်လမ်းဖိုလ်လမ်း မဂ်တံခါးဖိုလ်တံခါးပွင့်၍ အပါယ် တံခါးလည်း ပိတ်ပေလိမ့်မည်။

**ကိုယ်တိုင်ကြိုးစားကြဖို့လိုသည်**

ကျွန်ုပ်တို့သည်မိမိတို့သွားလိုသောလမ်းနှင့် မိမိတို့ရောက်လိုသော အရပ်ဌာနသို့ အမှန်ဧကန်ဆိုက်ရောက်ဖို့ရာ လျှောက်လှမ်းရမှာက မိမိတို့တာဝန်သာဖြစ်သည်။ တစ်ဆင့်စကား တစ်ဆင့်နား ကြားကာမျှဖြင့် မိမိတို့ ရောက်လိုရာအရပ်သို့ မရောက်ရှိနိုင်။ မိမိတို့ကိုယ်ပိုင် အသိဉာဏ်ဖြင့် ပိုင်ပိုင်ကြီးမြင်မှ ဆိုက်ရောက်နိုင်ပေသည်။

**လုံ့လစိုက်ထုတ် အပတ်တကုတ်ကြိုးစားကြပါမှ**

ထို့ကြောင့် အဓိကကျသည့် ဝိပဿနာဉာဏ်ပညာကို ဖြစ်ပေါ်စေသော အကြောင်းတရားဖြစ်သည့် မဂ္ဂင်ရှစ်ပါးတရားမြတ်ကို ပွားများအားထုတ်ကြရမည်ဖြစ်ပါသည်။ အချို့သော ဓမ္မမိတ်ဆွေရောဂီတို့သည် အကျင့်(စရဏ)လမ်းစဉ်ဖြင့် အားထုတ်ပါမှ ရရှိမည်။ တရားနာခြင်း၊ တရားစာဖတ်ခြင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိလိမ့်မည်ဟု တထစ်ချပုံသေကာချပြောဟောနေကြပါသည်။ အကယ်၍ နာကာမျှ၊ ကြားကာမျှ၊ ဖတ်မှတ်သိရုံမျှဖြင့် စစ်မှန်သောဉာဏ်အမြင်ကို မရရှိနိုင်ဟု ဆိုရပါမည်။ မည်သို့ဆိုကြပါမူ ယခု လုံ့လစိုက်ထုတ်ကြိုးကုတ်အားထုတ် ဆည်းပူးသင်ကြား၍ တတ်မြောက်နေတော်မူပြီးဖြစ်သော စာတတ်ပုဂ္ဂိုလ်အကျော်အမော်များသည် အရိယာသူတော်မြတ်များ လမ်းစဉ်အတိုင်း ပွားများအားထုတ်ကြိုးပမ်းတော်မူလျက်ရှိကြပါသည်။

ဘုရားရှင်လက်ထက်အခါက ပဋိကတ်သုံးပုံ အာဂုံဆောင်နိုင်ကြကုန်သော မထေရ်ကြီးများပင်လျှင် တစ်မဂ်တစ်ဖိုလ်မရ၍ တပည့်ရဟန္တာတို့က ဆရာမြတ်ကို ချွေချွတ်တော်မူရသည်ဟု စာပေများတွင် ဖတ်ရှုလေ့လာတွေ့ရှိရပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး နှောင်းကာလအချိန်ဝယ် သာသနာတော်အရှည်တည်တံ့သန့်ရှင်းတော်မူစေရန် ပထမသံဂါယနာတင်စဉ် အရှင်အာနန္ဒာမထေရ်မြတ်သည် သောတပတ္တိမဂ်ပုဂ္ဂိုလ်အဆင့်မျှသာရှိသေးသည်။ ထိုစဉ်က သံဂါယနာတင်တော်မူမည့် မထေရ်ကြီးများသည် ရဟန္တာပုဂ္ဂိုလ်များဖြစ်ကြပြီး ရှင်အာနန္ဒာတစ်ပါးတည်းသာ သောတာပန်ဖြစ်လေသည်။ ထို့ကြောင့် တစ်မဂ်တစ်ဖိုလ်မျှသာရှိထားသော ရှင်အာနန္ဒာမထေရ်မြတ်သည် ရဟန္တာဖြစ်နိုင်ရေးအတွက် အထက်မဂ်များကို အားထုတ်ရန် သတိပဋ္ဌာန်တရားမြတ်ဖြင့် အလုပ်စခန်းဝင်ခဲ့ရပေသည်။

**သဒ္ဓါဝီရိယစောင်းနှယ်ညှိတတ်ရန်လိုသည်**

ထိုကဲ့သို့ အားထုတ်သော်လည်း ဝီရိယလွန်ကဲခြင်း၊ ယုံကြည်မှုသဒ္ဓါက အာသာဆန္ဒပြင်းပြမှုနောက်လိုက်ကာ အထက်မဂ်သို့ မတက်နိုင်ဖြစ်ခဲ့လေသည်။ သတိသည် သပ္ပဇဉ်နှင့်ယှဉ်သည်။ သတိပို ဝီရိယလိုမဖြစ် ဗိုလ်ငါးပါးညီမျှမှသာလို့ ဆင်ခြင်မိစဉ် အိပ်ရာညောင်စောင်းဦးခေါင်း တော်မချမီ အရဟတ္တမဂ်ပေါက်၍ ရဟန်းကိစ္စပြီးမြောက်တော်မူပေသည်။

**ညီတော်အာနန္ဒာထုံး နှလုံးမူကြ၍**

ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်မဂ်တစ်ဖိုလ်ရရှိနိုင်ရေးအတွက် ညီတော်အာနန္ဒာ၏ထုံးကို သက်သေသာဓကထား၍ ဆင်ခြင်ကြမည်ဆိုပါလျှင် ဝိပဿနာပညာသည် အကျင့်စရဏမပါ၍ မပြီးဟုဆိုရမည်ဖြစ်သည်။ အကယ်၍ကျင့်စရာမလို၊ နာကာကြားကာမျှဆိုပါလျှင် ညီတော်အာနန္ဒာသည် အရဟတ္တမဂ်ပေါက်ဖို့ မခဲယဉ်းပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်၏ ဒေသနာအစုံသည် ညီတော်အာနန္ဒာ၏ ဓမ္မာရုံတွင် စုံလင်စွာ နာကြားမှတ်သားနာယူပြီးသားဖြစ်ပေသည်။ သို့ကလို ဉာဏ်ပညာကြီးမား ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသော ညီတော်အာနန္ဒာပင်လျှင် အလုပ်တရားဖြစ်သည့် သတိပဋ္ဌာန်တရားကို ကျင့်တော်မမူပါက အရဟတ္တမဂ်သို့ မရောက်ရှိသည်မှာ ဧကန်အမှန်ဖြစ်သည်ကို သာဓကအားဖြင့် ထင်ရှားလှပေသည်။

**ဝိဇ္ဇာစရဏသမ္ပန္နနှင့် ပြည့်စုံကြရအောင်**

ထို့ကြောင့် ကျွန်ုပ်တို့သည် အရိယာသစ္စာဖြစ်သော ဝိပဿနာမဂ်ပညာကို လိုလားနှစ်သက်မြတ်နိုးကြပါလျှင် မဂ္ဂသစ္စာမည်သော မဂ္ဂင်(၈)ပါးတရားတော်နှင့်အညီ သမ္မာသတိမှန်ကန်သော သတိပဋ္ဌာန်တရားဖြင့် နာမ်ရုပ်နှစ်ပါး၌ သတိမြဲစွာဖြင့် ရှုမှတ်နေရပါမည်။ ထိုသို့ မှန်ကန်သော အာရုံကို လုံ့လစိုက်၍ ရှုမှတ်မှုကိုဆောင်ရွက်စေသည့် သမ္မာဝါယမ၊ ရုပ်ပရမတ်၊ နာမ်ပရမတ်၊ ဓာတ်သရုပ်တို့အပေါ် တည်ကြည်ရှုမှတ်နေသော သမ္မာသမာဓိကို အားထုတ်ခြင်းဖြင့် သမ္မာဒိဋ္ဌိ၊ မှန်ကန်သော ဉာဏ်အမြင်များရရှိကာ မှန်ကန်စွာဆင်ခြင်နှလုံးသွင်းတတ်သည့် သမ္မာသင်္ကပ္ပအတွေးအမြင်များရရှိကြကုန်၍ စစ်မှန်သောလမ်းကြောင်းဖြင့် အရိယာများစံပျော်ရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝိဇ္ဇာစရဏဂုဏ်တော်နှင့် အညီ နီးသထက်နီးအောင် လျှောက်လှမ်းရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ခင်ရွှေ(ဒေါင်)

ရှေ့မျက်နှာဖုံးမှအဆက်

ကိုရစ်၍နှစ်ဘက်သောပခုံးစွန်းတို့၌ထား၍ ရုံကုန်သည်၊ သေသောက်ကြူးတို့သည် ပုဆိုး တစ်ထည်ဖြင့် လည်ပင်းကိုရောက်၍ အစွန်း နှစ်ဘက်ကို ရင်၌တွဲလျားချကုန်လျက် ကုန်းကိုပစ် သကဲ့သို့ရုံကုန်သည်၊ နန်းတွင်းသူအစရှိသည်တို့သည် မျက်စိကိုသာဖွင့်၍ ဦးခေါင်းချုံရုံသကဲ့သို့ ရုံကုန်သည်၊ ပါဠိသင်သောရဟန်းတို့သည် ပခုံးတစ်ဘက်ဖြင့်ရုံ၍ လက်ဝဲကိုဖွင့်၍ သင်္ကန်းကို ပခုံးစွန်း၌တင်သကဲ့သို့ ရုံကုန်သည်။

ဤသို့စသည်ဖြင့် လူတို့ကဲ့သို့ ဆဗ္ဗဂ္ဂီ ရဟန်းတို့ ဝတ်ရုံခြင်းကြောင့် လူတို့မြင်၍ ကဲ့ရဲ့သည်ကို ကြားသိတော်မူလျှင်"ချစ်သားရဟန်းတို့ ---- လူတို့ကဲ့သို့ ဝတ်ရုံသမျှသည်မအပ်၊ ငါဘုရားရုံသကဲ့သို့လျောက်ပတ်စွာ ရုံအပ်သည်" ဟုပညတ်တော်မူပြီးလျက် ပိဋကတ်သုံးပုံကိုပင် အကုန်အတတ်လိမ္မာသော်လည်း တရားကိုမကျင့်လိုလျှင် ဖေါက်ပြန်ခြင်းရှိသည်။

ဝိနည်းအရာ ဧတဒဂ်ရသော အရှင်ဥပါလိ၏ တပည့်ရဟန်းသည် တရားဖေါက်ပြန်၍ ယူသည်ကို ဟုတ်မှန်စွာယူစိမ့်သောငှါ ဘုရား ဒေသနာပြသည်ကို ပြသောဒေသနာတော်ကို ပင်အပြစ်တင်၍ မိစ္ဆာဒိဋ္ဌိအယူရှိသော ရဟန်းတို့သို့ ဝင်၍နေသည်၊ ဤသည်ကိုထောက်၍ ဘုရားဟောသော ပါဠိ,အဋ္ဌကထာ,ဋီကာလာတိုင်း ကျင့်ဆောင် မည့်သူ အလွန်ခဲယဉ်းလှသည်။

### ဒုတိယဆပဒအနွယ် ရှင်သီလဝံသ

ရင်ဖွဲ့စည်း ဦးထုပ်ဆောင်း ဝတ်ခြင်း, ရုံခြင်းတို့သည် မင်းတရားရွှေထီးလက်ထက်မှစ၍ ယိုးဒယားပြည်က ရင်စည်းပေါ်လာခြင်း, ကုလားငစင်ကာ သံလျင်စားလက်ထက် ဦးထုပ်ဆောင်းပေါ်လာခြင်းဖြစ်၍ မြို့ပြတိမ်းယိမ်း ပျက်စီးလျှင် ဓမ္မဝါဒီ အားနည်း၍ အဓမ္မဝါဒီအားကြီး စွာ ၁၃၃-နှစ်တိုင်အောင် ပေါ်ရှိလာသည်နှင့် သက္ကရာဇ် ၁၀၃၄-ခုတွင် သာလွန်မင်းတရားမြေး ပြည်မင်းတရားသားတော် ရမည်းသင်းမင်းကြီး ၃ ဂ်ါမင်းလက်ထက်တရားကို ကျင့်ဆောင်လိုသောကြောင့် တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရ ပုဂ္ဂိုလ်သည် ထေရဝါဒ ဓမ္မဝါဒီပုဂ္ဂိုလ်၏ အဆက်အနွယ်ကို ဆင်ခြင်လတ်သော် ပင်းယသီဟသူလက်ထက် ရဟန္တာ ထွေးဟုခေါ်ဝေါ်ကြသော ဝေသာလီမြို့သား ရှင်ဒိဗ္ဗစက်မထေရ်၏ အနွယ်အဆက် သိဿာနု သိဿဖြစ်ခဲ့၍ ဝါဒမကွဲမပြား ၁၁၄-နှစ် တိုင်အောင်ရှိသည်နောက်-

သီဟိုဠ်ကျွန်းက သက္ကရာဇ် ၇၈၈-ခု မိုးညှင်းမင်းတရားလက်ထက် မဟာဝိဟာရဝါသီဂိုဏ်း သီရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသမာမိထေရ် နှစ်ပါးတို့သည် သာသနာပြုကြွလာသဖြင့် သာသနာတော်ဆက်မိပြန်၍ ထေရဝါဒမကွဲမပြားရှိသည်နောက် သားတော်ထူပါရုံ ဒါယကာ မင်းတရားလက်ထက် ကုသိမ်မြို့ ဆပဒအရပ်သား ဒုတိယဆပဒ ရှင်ဓမ္မကေတုမထေရ်သည် သီဟိုဠ်ကျွန်းသို့ရောက်၍ မဟာဝိဟာရကျောင်း၌ ပဉ္စင်းခံခဲ့၍ ကုသိမ်မြို့သို့ပြန်ခဲ့သဖြင့် မိဘရပ်ရွာ၌ နေတော်မူပြီးမှ သီဟိုဠ်ဆရာတော် သီရိသဒ္ဓမ္မာ လင်္ကာရထေရ်, သီဟဠမဟာသာမိထေရ် နှစ်ပါးကို တွေ့မြင်လိုက်ဖူးသည်နှင့် ဒုတိယဆပဒ ရှင်ဓမ္မကေတုထေရ်သည် စစ်ကိုင်းသို့ အဖူးအမြင် ကြွတော်မူလာ၍ ရောက်လျှင် ဆရာနှစ်ပါးတို့ကလည်း" ဤအရပ်တွင်ငါတို့နှင့် သာသနာတော်ထွန်းတောက်ပအောင် သီတင်းသုံးနေပါ"ဟု တောင်းပန်သဖြင့် စစ်ကိုင်းကျောင်း၌နေ၍ ပရိယတ်, ပဋိပတ် နှစ်ပါးကိုဖြည့်ကျင့်ရွက်ဆောင်သည်၊ ရှင်ဓမ္မကေတု ဒုတိယဆပဒအနွယ်အဆက် ရှင်သဒ္ဓမ္မပါလမထေရ်၏တပည့်တောင်တွင်း ရှင်သီလဝံသမထေရ်သည် အင်းဝရွှေနန်းကျော့ရှင် လက်ထက် ထူပါရုံအရှေ့ကျောင်းမြောက်တွင် အနိစ္စရောက်သည်။

### ဝတ်ရုံမှုအတွက် တရားဓမ္မစိစစ်ခြင်း

စစ်ကိုင်းချောင်၌ သီတင်းသုံးနေသော သီဟိုဠ်ရောက် မဟာထေရ်တပည့် ရှင်ရဋ္ဌသာရ ပုဂ္ဂိုလ်သည် ရွှေနန်းကြော့ရှင်လက်ထက် ၈၈၆-ခုအင်း၀ ရှေးဦးစွာ ပျက်ရာတွင် ပြည်သတိုးမင်းက ပင့်၍ ပြည်မြို့တွင် အနိစ္စရောက်သည်။

သက္ကရာဇ် ၈၈၈-ခုတွင် ရှမ်းစလုံသည် ရွှေနန်းကြော့ရှင် နရပတိကို လုပ်ကြံ၍ အနိစ္စ ရောက်လျှင် ရှမ်းစလုံ ၁၂-နှစ်မင်းပြုသည့်အတွင်း ပါဠိ, အဋ္ဌကထာ, ဋီကာ ကျနတော်မူသော ရဟန်းတစ်ထောင်ကျော်ကို မိစ္ဆာအယူဝါဒဖြင့် သတ်ရာတွင် ရဟန်းသံဃာတို့ တိုင်းတစ်ပါးသို့ပြေးသွားကြသဖြင့် အင်းဝတွင် ရဟန်းသံဃာမရှိ၊ သာသနာပျက်စီးယိုယွင်းလေသည်နှင့် ဟံသာဝတီမင်း သာသနာတော်ကို သက္ကရာဇ် ၈၃၉-ခုတွင် သုတ်သင်ရှင်းလင်းပြီးသည့်နောက် ၉၀၁-ခုတိုင် သာသနာတော်သန့်ရှင်းသည်။

မင်းတရားရွှေထီး, ကုလားဘုရင်ဂျီ ငစင်ကာမင်းတို့လက်ထက်တွင် ဝတ်ရုံခြင်းကိစ္စထူးလျက် မိစ္ဆာဝါဒီသာများသဖြင့် ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီအားကြီးလျက် သက္ကရာဇ် ၁၀၅၀-ပြည့်တိုင်အောင် အလဇ္ဇီသာများ၍ ရှိသည်အတွင်းဝယ် ဒုတိယဆပဒ ရှင်ဓမ္မကေတု အနွယ်အဆက် ရမည်းသင်းမင်း တရား ၃-အင်္ဂါမင်းလက်ထက် ရှင်သီရိသဒ္ဓမ္မမထေရ်, ညောင်ရွှေကျေးညောင်ဝန်းသား ရှင်ဝိစိတ္တာ လင်္ကာရ မထေရ်သည် ပိဋကတ်ကျမ်းဂန် နှံ့သိသည်, တတ်ရည်လိမ္မာရည်ရှိသည်နှင့် ငမြော, နောင်အ, မောဂ္ဂလာန်, ငရံ့အို, မိုးကောင်း, တုံရွာ ဆရာတို့နှင့် စာပေကျမ်းဂန် လှည့်လည်၍ သင်ကြားရာတွင် တွေ့ကြုံ၍ သဒ္ဒနယ,အတ္ထနယ တရားကျမ်းဂန် ဆွေးနွေးကြဖူးသည်နှင့် ထိုအရပ် ရှင်ဝိစိတ္တာလင်္ကာရမထေရ်သည် "ရွာပြည်သို့ ပြန်၍ တရားရှိ တိုင်း ကျင့်ဆောင်တော့မည်"ဟု လာခဲ့ရာတွင် တောင်ငူမြို့သို့ ရောက်သော် တကာတို့က ပင့်ဖိတ်၍ အရညဝါသီနေတော်မူသည်။

ထိုသို့နေရာ ငမြော-ရှင်ပညာသာရ မထေရ်, နောင်အ-ရှင်စန္ဒမဥ္ဇူ မထေရ် မောဂ္ဂလာန်-ရှင်ဓမ္မနန္ဒမထေရ်, ငရံ့အို-ရှင်ကလျာဏဓဇမထေရ်, မိုးကောင်း-ရှင်အဂ္ဂဧသီမထေရ်,တုံရွာ- ရှင်ဂုဏသီရိမထေရ်၊ ဤမထေရ်ခြောက်ပါးတို့သည် ဘုရားသခင် တရားရှိတိုင်းကျင့်ဆောင်လိုသည်ဖြစ်၍ ကျမ်းဂန်တရားဆွေးနွေးလိုသောငှါ တောင်ငူ ဝိစိတ္တာလင်္ကာရမထေရ်ထံ ရောက်ကြလျှင် ရှင်ဝိစိတ္တာလင်္ကာရမထေရ်က"ငါရှင်တို့လည်း ကျမ်းဂန်သင်ဖူးသည်ချည်းဖြစ်သည်၊ ယခု ရဟန်းတို့မှာ ရင်စည်း၍ မြို့တွင်းသို့ ဝင်ခြင်း, သာမဏေတို့မှာ ကိုယ်ဝတ်ကိုရင်စည်း၍ ကိုယ်ရုံကို ချုံ၍ မြို့တွင်း ရွာတွင်းသို့ ဝင်ခြင်း၊ ဤဝတ်ရုံခြင်းတို့သည် ကျမ်းဂန်နှင့်သင့်လျော်မည် မလျော်မည်ကို အထူးမဆိုသာသေး၊ ကျမ်းဂန်ကိုကြည့်ရှုဆင်ခြင်ကြဦး"ဟုဆို၍ မထေရ်ခြောက်ပါးတို့သည် နှစ်ဝါနေ၍ အသီးသီး ကျမ်းဂန်ရှာဖွေစိစစ်၍ အစွမ်းရှိသမျှ ကောက်နုတ်ယူငင်ကြသည်ကား-

သဗ္ဗ မဿ ကပ္ပိယာကပ္ပိယံ အာစိက္ခတဗ္ဗံ၊ နိဝါသနာရုပါနာဒီသု အဘိသမာစာရိကေသု ဝိနေတဗ္ဗော၊ တေနာဟ အနုဇာနမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမ္ပန္နာဂတံသာမဏေရံ နာသေတုန္တိ၊ ဧဝံပရတော ဝုတ္တာနိ ဒသနာသနင်္ဂါနိ အာရကာ ပရိဝဇ္ဇေတွာ အဘိသမာစာရိကံ ပရိပူရေန္တေနဒသဝိဓေ သီလေ သာမုကံ သိက္ခိတဗ္ဗန္တိ"ဟု ကျမ်းဆို၍ရှိပြီ၊

အဿ၊ ထိုသာမဏေအား၊ သဗ္ဗံ၊ အလုံးစုံ သော။ ကပ္ပိယာကပ္ပိယံ၊ သည်အပ်,မအပ်သည်ကို၊ အာစိက္ခိတဗ္ဗံ၊ကြားအပ်၏။ နိဝါသနပါရုပနာဒီသု၊ ဝတ်ခြင်း,ရုံခြင်းအစရှိကုန်သော။ အဘိသမာစာရိ ကေသု၊ အဘိသမာစာရိက တို့၌။ ဝိနေတဗ္ဗော၊ ဆုံးမအပ်၏။ တေန၊ထို့ကြောင့်။ အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမ္ပန္နာဂတံ သာမဏေရံ နာသေတုန္တိ၊ နာသေတုံဟူ၍။ အာဟ၊ဟောတော်မူ ၏။ ဧဝံ၊ ဤသို့။ ပရတော၊ နောက်မှ။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သော။ ဒသနာသနင်္ဂါနိ၊ ဆယ်ပါးသော နာသန အင်္ဂါတို့ကို။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေတွာ၊ကြဉ်၍။အဘိသမာစာရိကံ၊ အဘိသမာစာရိကသီလကို။ ပရိပူရေန္တေန၊ ဖြည့်သော သာမဏေသည်။ ဒသဝိဓေ၊ဆယ်ပါးအပြားရှိသော။ သီလေ၊ သီလ၌။ သာမုကံ၊ကောင်းစွာ။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဝိနည်းမဟာဝါအဋ္ဌကထာ၌ " အဘိသမာစာရိကသီလကိုရှိသေ

လေးမြတ်စွာ သာမဏေ ရဟန်းတို့သည် ဖြည့်ကျင့်ရမည်”ဟု ပါဠိ, အဋ္ဌကထာ မြဲမြံစွာလာခြင်းကြောင့် ရဟန်း, သာမဏေတို့သည် ဖြည့်ကျင့်အပ်သော အဘိသမာစာရိကသီလဟုဆိုအပ်သော ခန္ဓကဝတ်၌ အကျုံးဝင်သော ပိဏ္ဍစာရိကဝတ်၌-

ဘိက္ခဝေ၊ ရဟန်းတို့၊ ပိဏ္ဍစာရိကေန၊ ဆွမ်းခံသွားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဂ္ဂာမံ၊ ယခုအခါ၌။ ဂါမံ၊ရွာသို့။ ပဝိသိဿာမိ၊ဝင်အံ့။ ပရိမဏ္ဍလံ၊ အဝန်းသုံးပါးညီစွာ။ နိဝါသေတွာ၊ သင်းပိုင်ကိုဝတ်၍။ ကာယဗန္ဓနံ၊ ခါးပန်းကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သဂုဏံ၊ကိုဝတ်နှင့်ဒုကုဋ်ထပ်သည်ကို၊ ကတွာ၊ ပြု၍ သံဃာဋိယော၊ ထပ်ပြီးသော ကိုယ်ဝတ်ဒုကုဋ် တို့ကို။ ပါရုပိတွာ၊ ရုံ၍။ ဂဏ္ဌိကံ၊ ခါးပတ်သီးကို။ ပဋိမုဉ္စိတွာ၊ စွပ်၍။ ပတ္တံ၊ သပိတ်ကို၊ ဓောဝိတွာ၊ ဆေး၍။ ဂဟေတွာ၊ယူ၍။ သာဓုကံ-ကောင်းစွာ။အတရမာနေန၊ မနှေးမလျင်၊ ဂါမော၊ရွာတွင်းသို့။ ပဝိသိတဗ္ဗော၊ ဝင်အပ်၏။ သုပ္ပဋိစ္ဆန္နေန၊ကောင်းစွာ ဖုံးလွှမ်းသဖြင့်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏။

ဤနည်းအတူ အရညကဝတ်, ဘတ္တဂ္ဂဝတ်စသည် စူဠဝါပါဠိတော်၌ လာသည်၊ ရဟန်း,သာမဏေတို့သည် ဖြည့်ကျင့်အပ်သော ဉဘတောဝိဘင်း သေခိယပညတ်ဟုဆိုအပ်သော အာဒိဗြဟ္မစရိယသိက္ခာပုဒ်၌ အကျုံးဝင်သော ခုနစ်ဆဲ့ငါးပါးသော သိက္ခာပုဒ်တို့တွင်-

ပဌမသိက္ခာပုဒ်၌-ပရိမဏ္ဍလံ၊ အဝန်း ညီစွာ၊ နိဝါသေဿာမိ-သင်းပိုင်ကိုဝတ်အံ့။ ဣတိ၊သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊၏။ နာဘိကဏ္ဍလံ၊ ချက် အဝန်းကိုလည်းကောင်း။ ဇာဏုမဏ္ဍလံ၊ ပုဆစ်ဒူး အဝန်းကိုလည်းကောင်း။ ပဋိစ္ဆာဒေန္တေန၊ဖုံးလွှမ်း သဖြင့်။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊စွဲ၍။ ပုရတော၀ါ၊ ရှေ့မှလည်း ကောင်း။ ပစ္ဆတော၀ါ၊ နောက်မှလည်းကောင်း။ ဩလမ္ဗေန္တော၊ တွဲလျားချ၍။ နိဝါသေဿာမိ၊ ဝတ်အံ့။ ဒုက္ကဋ္ဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ- အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဒုတိယသိက္ခာပုဒ်၌-ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ ပါရုပိဿာမိ၊ ရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။ ဉဘောကဏ္ဏေ၊ အစွန်းနှစ်ဘက်တို့ကို။ သမံကတွာ၊ ညီညွတ်စွာပြု၍။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ ပါရုပိတဗ္ဗံ၊ ရုံအပ်၏။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို ပဋိစ္စ၊ စွဲ၍။ ပုရတော၀ါ၊ ရှေ့မှလည်းကောင်း။ ပစ္ဆတော၀ါ၊ နောက်မှလည်းကောင်း၊ ဩလမ္ဗေန္တော၊ တွဲလျားချ၍။ ပါရုပတိ၊ ရုံအံ့၊ ဒုက္ကဋဿ၊ မကောင်းသဖြင့် ပြုခြင်းသို့။ အာပတ္တိ- အာပဇ္ဇနံ၊ ရောက်ခြင်း သည်၊ ဟောတိ၊ ဖြစ်၏။

တတိယသိက္ခာပုဒ်၌-သုပ္ပဋိစ္ဆန္နော၊ ကောင်းစွာဖုံးလွှမ်း၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကျင့်ခြင်းကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။ သုပ္ပဋိစ္ဆန္နေန၊ ကောင်းစွာဖုံးလွှမ်း သဖြင့်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊ စွဲ၍။ကာယံ၊ ကိုယ်ကို၊ ဝိဝရိတွာ၊ဖွင့်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂစ္ဆတိ၊ သွားအံ့။ ဒုက္ကဋဿ၊ မကောင်းသဖြင့်ပြုခြင်း သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် ပါစိတ်ပါဠိတော် စသည်၌လာသော အဘိသမာစာရိက သီလ, အာဒိ ဗြဟ္မစရိယသီလတို့ကို ရိုသေလေးမြတ်စွာ ရဟန်း, သာမဏေ တို့သည် ဖြည့်ကျင့်ရမည်၊ ပါဠိ, အဋ္ဌကထာမြဲမြံစွာ လာခြင်းကြောင့် ဆိုအပ်ခဲ့ပြီး သော အဘိသမာစာရိက သီလဟုဆိုအပ်သော ခန္ဓကဝတ်၌ အကျုံးဝင်သော ပိဏ္ဍစာရိကဝတ်, ဘတ္တဂ္ဂဝတ်, ဉဘတောဝိဘင်း, သေခိယပညတ်ဟု ဆိုအပ်သော အာဒိဗြဟ္မစရိယသီလ၌ အကျုံးဝင်သော ခုနစ်ဆဲ့ငါးပါးသော သေခိယသိက္ခာပုဒ်သည် ရဟန်းတို့နှင့်သာဆက်ဆံ၏။ သာမဏေတို့နှင့် မဆက်ဆံဟူ၍ ဝိနည်းငါးကျမ်း ပါဠိ, အဋ္ဌကထာ မည်သည့်တွင်မျှ မရှိ မလာဖြစ်တော့သည်။

**ဝံသဒီပနီကျမ်း**
**မဲထီးဆရာတော်**




ရန်ကုန်မြို့၊ ကလေးဝတောရပရိယတ္တိစာသင်တိုက်၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေတွင်၊ ၂၀၀၉ ခု ဧပြီလ ၂၅ ရက်နေ့မှ မေလ ၈ ရက်နေ့အထိ ကျင်းပခဲ့သော စတုတ္ထအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းသို့ တစ်နိုင်ငံ လုံးမှ တက်ရောက်လာကြသော ကမ္မဋ္ဌာနာစရိယကုဂ္ဂိုလ်များအား တွေ့မြင်ရစဉ်။

**စာမျက်နှာ ၁၀ မှ**

မေ့ကာနေကြရန် ဆိုဆုံးမတော်မူပါသည်။

ယခု ဒုလ္လဘရဟန်းများအနေဖြင့် မြင့်မြတ်သော ရဟန်းဘဝကို ရယူထားပြီး၊ ရရှိသော အခွင့်အရေးကို လက်မလွတ်စေဘဲ အချိန်ကို တန်ဖိုးရှိစွာအသုံးချသင့်ကြောင်းနှင့် ရဟန်းဖြစ်ရခြင်းအကျိုးကျေးဇူးများကို ရှစ်မျက်နှာကျောင်းစာချဆရာတော်ဦးအာစိဏ္ဏက ဤသို့ ဟောကြားတော်မူခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော်တွင် သမားတော်ဇီဝက၏ သရက်ဥယျာဉ်တိုက်တော်၌ နောက်ပါရဟန်း ၁၂၅၀ပါးတို့နှင့် သီတင်းသုံးတော်မူချိန်ဖြစ်ပါသည်။ အဖသတ်သားဖြစ်သူ အဇာတသတ်မင်းမှာ ပြင်ပလောကကြီး မည်မျှပင် အေးချမ်းသာယာလှပနေစေကာမူ သူ၏ စိတ်တွင် သောကမီးများ တောက်လောင်လျက်ရှိနေပါသည်။

'ငါ၏ စိုးရိမ်သောကဗျာပါဒကို မည်သူကများ ငြိမ်းအေးအောင်လုပ်ပေးနိုင်ပါအံ့နည်း' ဟူ၍ စိတ်လက်မကြည်စွာ ညည်းညူမိသည်။ အနားမှာ ခစားကြသည့် အမတ်များက မိမိတို့ကိုးကွယ်ရာ တိတ္ထိဆရာကြီးများထံသွားရောက်ရန် ညွှန်းသည်၊ အကိရိယဝါဒ လက်ကိုင်ထားသူ ပုရာဏကဿပတိတ္ထိ၊ အဟေတုကဝါဒလက်ကိုင်ထားသူ မက္ခလိဂေါသာလတိတ္ထိ၊ ဥစ္ဆေဒဝါဒ လက်ကိုင်ထားသော အဇိတကေသကမ္ဗလတိတ္ထိ၊ နတ္ထိကဝါဒစွဲသူ ပကုဓကစ္စာယန၊ ဓာတု ယာမ သံဝရဝါဒရှိသူ နိဂဏ္ဌနာဋပုတ္တ၊ ဝိက္ခေပ ပါဒ လက်ကိုင်ပြုသူ သဉ္စယဗေလဋ္ဌပုတ္တစသည့် တိတ္ထိကြီးများ၏ ဝါဒစကားများမှာလည်း ဘုရင်အဇာတသတ်၏ ညှိုးနွမ်းပူပန်စိတ်ကို မပျောက်စေ။

"ယနေ့ အဘယ်မည်သော၊ သမဏ ပြဟ္မဏတို့ထံ ဆည်းကပ်ခစားရအံ့နည်း?"

ပြဟ္မဏအထံသို့လည်းကောင်း၊ သမဏအထံသို့လည်းကောင်း ဆည်းကပ်ရလျှင် ငါ၏ စိတ်သည်ကြည်လင်ရာ၏။

ဟူ၍ အောက်မေ့ညည်းညူမိလေသည်။

တိတ္ထိဆရာကြီးများ၏ မရေရာမသေချာသော အဖြေများကိုသာ ရရှိခဲ့ပြီး စိတ်သောကများမှာ ပိုမို၍သာ ဖိစီးလာခဲ့သည်။

နောက်ဆုံး ဆရာဇီဝက၏ လမ်းညွှန်ချက်အရ မြတ်စွာဘုရားရှင်ထံ သွားရောက်မေးမြန်းရန် အဖူးမြော်ထွက်လာခဲ့သည်။

သရက်တောဝယ် မြတ်စွာဘုရားနှင့် နောက်ပါ ၁၂၅၀ ပါးကုန်သော ရဟန်းတော်များ၏ တည်ငြိမ်ခြင်း၊ ဆိတ်ငြိမ်ခြင်း၊ အေးချမ်းခြင်းများကိုမြင်တွေ့ရသောအခါ ညှိုးနွမ်းနေသော စိတ်များ သောကပရိဒေဝများ အားလုံးလွင့်စင်ကွယ်ပျောက်သွားစေခဲ့တော့သည်။ မူလက ဦးတည်ချက်ဖြစ်သော မေးခွန်းကိုမေးမြန်းရန်မလိုတော့ပြီ၊ ဗုဒ္ဓ၏ မေတ္တာရိပ်အောက်ဝယ် အေးငြိမ်းစွာ နေနိုင်သွားပြီဖြစ်သည်။

"ရဟန်းပြုခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရှိပါသနည်း?"

ဟူသော မေးခွန်းကိုသာ မေးလျှောက်မိလေတော့သည်။

ဘုရားရှင်က (ဥပမာ)များဖြင့် ရဟန်းတစ်ပါး ရဟန်းဝတ်ရခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းဟောကြားတော်မူသည်။

ရဟန်းသည် သီလ၊ သမာဓိ၊ ပညာများနှင့် ပြည့်စုံစေရမည်၊ **ကိုယ်၊ နှုတ်၊ အမူအယာများ အားလုံးကို စောင့်စည်းခြင်းတည်းဟူသော သီလဂုဏ်၊ စိတ်ငြိမ်သက်ခိုင်ခံ့တည်ကြည်မှုကို ရရှိစေသော သမာဓိဂုဏ်၊ ဝိပဿနာ တရားများကို ရှုမှတ်နိုင်သည့် ပညာဂုဏ်တို့ဖြင့်** ရဟန်းကျင့်ဝတ်များနှင့် လျော်ညီစွာကျင့်သုံး ပြည့်စုံနေကြပါက-

**ရဟန်းချမ်းသာ ဥစ္စာမသိမ်း၊ ပြေငြိမ်းဆွမ်းရှာ၊ အေးစွာစားရ၊ စူဋ္ဌမပူ၊ ဆောက်ဦးမငဲ့၊ ဘေးမဲ့သူခိုး မင်းမျိုးမစပ်လေးရပ်မတား ဤရှစ်ပါး တရားမင်္ဂဖိုလ်ရကြောင်းတည်း။**

ဆိုသည့်အတိုင်း သမဏသုခ(၈)ပါးကို ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် ယခု ရွှေမြင်တင်ဓမ္မရိပ်သာ ဒုလ္လဘတရားစခန်းဝင်ကြသူ ရဟန်းအပေါင်းမှာ တွေ့မြင်ကြသူ လူအားလုံး၏ ရိုသေစွာ အကန်တော့ခံရသည့် မြင့်မြတ်သော လမ်းစဉ်ကိုလျှောက်လှမ်းနေကြသူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ကြစေရန် ကြိုးစား ဆောက်တည်ကြစေလိုကြောင်း ဆရာမြတ်များက ဆုံးမဩဝါဒ ပေးတော်မူကြပါသည်။

လေးမျက်နှာကျောင်းဆရာတော် ဦးသုဘောဂကလည်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော 'မင်္ဂလသုတ်' တော်မှ 'သုဘာသိတာ စယာဝါစာ ဧတံမင်္ဂလမုတ္တမံ' ဟူသော ကောင်းသော စကားများကိုသာ ပြောဆိုကြခြင်းနှင့် ပတ်သက်၍

၁။ သင့်တင့်လျောက်ပတ်သော အချိန်ပြောသော စကား

၂။ မိမိပြောဆိုသော စကားသည် မှန်ကန်သော စကား

၃။ ပြေပြေပြစ်ပြစ်နူးညံ့သိမ်မွေ့စွာပြောဆိုသော စကား

၄။ မိမိပြောဆိုသော စကားသည် အကျိုးရှိရမည်။

၅။ မကောင်းသော အတင်းစကားပြောဆိုသော စကားမျိုးမဖြစ်ရ။

စသည့် အချက် ၅ ချက်ကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။ လေးမျက်နှာ ဆရာတော် အရှင်သူမြတ်က စက်ရုံတစ်ရုံမှ ထုတ်လုပ်လိုက်သော ပစ္စည်းများသည် အဆင့်မီပြီး ကောင်းမွန်သော ပစ္စည်းများဖြစ်ကြစေရန် ကြိုးစားထုတ်လုပ်ကြသကဲ့သို့ ယခု ဒုလ္လဘရဟန်းများအနေနှင့်လည်း မကောင်းသောကိုယ်နှုတ်အမူအယာများကို ဖယ်ရှားပြီး ရဟန်းသိက္ခာပုဒ်ကျင့်ဝတ်များနှင့် လျော်ညီစွာ နေထိုင်ကြစေလိုကြောင်းနှင့် အများသူငါ ဝတ်ကြ၍ 'ဟန်ပြဒုလ္လဘ' ရဟန်းကျင့်ဝတ်ကို မလိုက်နာ စည်းကမ်းဖောက်ဖျက်သူသည် 'ဟန်မကျဒုလ္လဘ' အနေအထိုင် အပြုအမူများ ယဉ်ကျေးသိမ်မွေ့မှု ကင်း၍ အများသူငါကိုပါ အနှောက်အယှက်ဖြစ်စေသော အများက 'ဆလံသဒုလ္လဘ' မျိုးမဖြစ်စေလိုပါ၊ အများက ချီးမွမ်းဂုဏ်တင်ခံကြရပြီး ဟီရိဩတ္တပ္ပတရားလက်ကိုင်ထားကာ အများက ဂုဏ်ပြုထိုက်သော အဖိုးတန် 'စံပြဒုလ္လဘ' များဖြစ်ကြစေလိုကြောင်း သတိပေးဆုံးမတော်မူပါသည်။

ဆရာတော်အရှင်သူမြတ်များ၏ ဘုန်းရိပ်၊ ကံရိပ်၊ မေတ္တာရိပ်အောက်ဝယ် ခိုလှုံနားခိုခွင့်ရရှိကြသည်မှာ 'ကံထူး' လွန်း၍သာ ဖြစ်ပါသည်။

'သစ်ပင်အရိပ်ကား အေးမြလှပါသည်၊
မိရိပ် ဖရိပ်ကလည်း အေးမြလှပါသည်၊
တရားအရိပ်ကလည်း အေးမြလှပါသည်၊
တို့ထက် 'မေတ္တာ' ၏ အရိပ်ကား ပိုမို၍ အေးမြလှပါတော့သည်။

'ကိုယ်၊ နှုတ်၊ စိတ်ကောင်း သူတော်ကောင်း ကောင်းသောသူများနှင့် ပေါင်းကြပါစေသော်'

'ကိုယ်နှုတ် မကောင်း စိတ်မကောင်း မကောင်းသောသူများနှင့် ဝေးကြပါစေသော်'

'သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်း အပေါင်းကိုယ့်ကြောင့် အေးစေသော်'

ဆရာတော် အရှင်သူမြတ်တို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာတော်အနန္တတို့နှင့် ပေးအပ်ချီးမြှင့်အပ်သော 'ဆု' ပေးနေသံများနှင့် အတူ


'သတ္တဝါဟူသ၍ ဘေးမတွေ့၊ ချမ်းမြေ့ကြပါစေ'

'သတ္တဝါမှန်သမျှ ဘေးမခ အေးမြကြပါစေ'

'တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း၊ အေးချမ်းကြပါစေ'

ဟူသော 'မေတ္တာသံစဉ်' များမှာ ရွှေမြင်တင်ဓမ္မရိပ်သာအတွင်းမှာသာမက စကြဝဠာတစ်ခွင်တစ်ပြင်လုံးနှင့် အထက်ပြဟ္မာဘုံသို့တိုင်အောင် သာယာငြိမ့်ငြောင်းစွာ စီးဆင်းပျံ့နှံ့သွားစေမည်ဖြစ်ပါတော့သည်။

**သက်ပိုင်ငြိမ်း(ရုက္ခဗေဒ)**



ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုက္ကန္ဒောဘာသမဟာထေရ်

ဟောကြားတော်မူအပ်သော

# ပါဠိပိဋကတ်တော်ဒီဃနိကာယ်မဟာဝဂ္ဂသုတ္တန်

မဟာသတိပဋ္ဌာနသုတ်တော်လာ

အလွန်မွန်မြတ်လှပြီးနားလည်လွယ်၍ နိဗ္ဗာန်ရောက်ကြောင်း

လူတိုင်းလက်တွေ့ကျင့်နိုင်သော

# ဓမ္မာနုပဿနာတရားတော်မြတ်

ဤ"ဓမ္မာနုပဿနာတရားတော်မြတ်သည် သာသနာအတွက်အလွန်အကျိုးရှိပြီး၊ သာသနာပြုရာလည်းရောက်သည်မည်၍၊ မြန်မာဘာသာတစ်မျိုးတည်းဖြင့် အစအဆုံးဖော်ပြလိုက်ရပါသည်။ (ဓမ္မဝီရဂျာနယ်)

(ယခင်အပတ်မှအဆက်)

(ဓမ္မာနုပဿနာ)က (တဏှာ)သတ်မှတော့ (ဒိဋ္ဌိ)လည်း သတ်ပြီးဖြစ်တော့တာပေါ့။ မိမိအမြင်(ဉာဏ်)မှာ

ပုဂ္ဂိုလ်မပါ(ဓမ္မ)သာ (ဓမ္မစက္ခု)ဖြစ်သတည်း။

ပုဂ္ဂိုလ်ပါလျှင် သူ၊ ငါ ဝင် ဤတွင်(ဒိဋ္ဌိ)ဖြစ်သတည်း။

(ဒိဋ္ဌိ)ဖြစ်လျှင် ချစ်၊ မုန်း၊ ဝင် ဤတွင် (လောဘ) (ဒေါသ) ဖြစ်သတည်းလို့ ဘုန်းကြီးစပ်ထားတယ်. . . (မှန်ပါ့)။

မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါပါရင် (ဥပါဒါနက္ခန္ဓာ)ရပြီ၊ (ဒုက္ခ) ဖြစ်တာပဲ၊ မျက်စိနဲ့မြင်လို့ မိန်းမ၊ ယောကျ်ားထင်နေတာကို၊ မျက်စိမှိတ်ပြီး လက်နဲ့စမ်းကြည့်ရင် ကာယပသာဒ(ရုပ်)နဲ့ မိန်းမရဲ့ ဖောဋ္ဌဗ္ဗာအာရုံ၊ ထိတွေ့တဲ့ (ရုပ်)သိတာက (စိတ်) နာမ်၊ ဒီတော့ (ရုပ်နာမ်)ပဲရတာပေါ့. . . (မှန်ပါ့)။

မျက်စိမှိတ်ထားတဲ့အခါ၊ နားနဲ့ကြားတော့၊ နှာခေါင်းနဲ့နံတော့ (ရုပ်)ပဲသိတာပဲ၊ စိတ်က (နာမ်)၊ ဒီတော့ (ရုပ်၊ နာမ်)ပဲရတာပေါ့၊ (အာရုံ ၆ ပါး) နဲ့ ထိတွေ့သမျှ (ရုပ်နာမ်) ပဲ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဘူးလို့သိရမယ်၊ (ဥပါဒါနက္ခန္ဓာ)ကို ဆန့်ကျင်ဘက်သိနေရင် (ရုပ်၊ နာမ်) အသိလို့ခေါ်တယ်၊ ဒီအသိတာရှည်ရင်(နိရောဓဓမ္မ)ဘက်ရောက်သွားပြီး (နိရောဓသစ္စာ)(နိဗ္ဗာန်)ရောက်ပြီပေါ့. . . . . (မှန်ပါ့)။

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင်နဲ့ မမြင်ရဘူး၊ မသိရဘူး၊ ဒါတွေက အမှန်မြင်မဟုတ်ဘူး၊ (ပညတ်)တွေပဲ၊ တကယ်မရှိတဲ့ အမှားအမြင်တွေ၊ ဒီအမှားမြင်အတိုင်း ယောကျ်ား၊ မိန်းမရှိတယ်ဆိုတဲ့ ယောကျ်ား၊ မိန်းမအမြင်နဲ့ မြင်ကြည့်ရင် ကာမရာဂ(တဏှာ)တွေ ဖြစ်လာတယ်။ (ရာဂ၊ ဒေါသ၊ မောဟ)တွေဖြစ်လာတယ်၊ (နိဗ္ဗာန်)အာရုံနဲ့ ဆန့်ကျင်ဘက်ဖြစ်လာတယ်၊ (တဏှာ) ကုန်မှ (ဒုက္ခ)ကုန်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တို့ကုန်ရာသည်သာ (နိဗ္ဗာန်) ဖြစ်တယ်ဆိုတဲ့ အရေးကြီးဆုံးအချက်ကို သိထားရမယ်၊ (နိဗ္ဗာန်) လိုချင်ရင် ဒီအချက်နဲ့ သွားရမယ်. . . (မှန်ပါ့)။

လမ်းမှန်ဖြစ်အောင် (ပညတ်) တွေဖယ်ပြီး ချန်ပြီး (ရုပ်နာမ်) အမြင်ရှိရတယ်၊ ကိုယ့်အမြင်မှာ တကယ်အမှန်မြင်(ယထာဘူတ)အမြင်မှန်ဖြစ်တာပေါ့၊ ဒီလိုအမြင်နဲ့ သွားရတယ်. . . (မှန်ပါ့)။

ဒီလိုမြင်မှ ဒီလိုသိမှ (ဓမ္မစကြာ) ထဲမှာပါတဲ့ ပါဠိကို ပြန်ကြည့်၊ အရှင်ကောဏ္ဍည သောတာပန်ဖြစ်စဉ်မှာ "အာယသ္မတောကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံဥဒပါဒိ" "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ" ကောဏ္ဍညသည် ဝိရဇံ=အပါယ်သို့လားစေတတ်သော (ရာဂ) အစရှိသော မြူမှုကင်းသော၊ ဝီတမလံ-အကြွင်းမရှိ (ဒိဋ္ဌိဝိစိကိစ္ဆာ)ပယ်သော၊ အညစ်အကြေးမရှိသော၊ ဓမ္မစက္ခုံ=သစ္စာ ၄ ပါးနှင့်တကွ သိမြင်သော (သောတာပတ္တိမဂ်ဉာဏ်) တည်းဟူသော မျက်စေ့သည် ဥဒပါဒိ= ထင်ရှားဖြစ်လာ၏လို့ မြတ်စွာဘုရားက ဒီလိုဟောတာပေါ့ (မှန်ပါ့)၊ ဓမ္မစက္ခုံဖြစ်ဖို့ အရေးကြီးတယ်၊ (ဓမ္မစက္ခုံ)ဖြစ်အောင် (ဥပါဒါနက္ခန္ဓာ)သိဖို့ အရေးကြီးတယ်၊ (ဉာဏ်) နဲ့ ကြည့်ရတယ်၊ (ဥပါဒါနက္ခန္ဓာ) ကို ရှေ့ပိုင်းမှာ ဘုန်းကြီးတော်တော်ပဲ အကျယ်ဟောထားတယ်၊ အဲဒါ သဘောပေါက်အောင် နားလည်အောင် လေ့လာကြည့်ပါ (မှန်ပါ့)။

(ဓမ္မာနုပဿနာ)(ခန္ဓာပဗ္ဗ)၊ (အာယတန)နဲ့ (သစ္စာပိုင်း)တွေမှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်ဘူးဆိုတာ အကျယ်တဝင့်ပြခဲ့တယ်၊ (ဓမ္မစကြာ)မှာလည်း (လူ)မပါဘူး၊ စွဲစွဲမြဲမြဲ ကျင့်တတ်ကြံတတ် မြင်တတ်အောင် ကြိုးစားရင် အမြင်မှန် (သမ္မာဒိဋ္ဌိ)ကိုသိမယ်၊ ဒါမှ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ဒိဋ္ဌိ)ပျောက်မယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါပျောက်ရင် (အတ္တ) ဒိဋ္ဌိလည်းပျောက်တယ်၊ (ဒုက္ခ)လည်းပျောက်မယ်၊ (သံသရာ)ဖြတ်တဲ့အလုပ်ပဲလို့ သိပါ၊ (မှန်ပါ့) အရိယာတို့ဟာ ဒီလိုအမြင်ရှိကြလို့ ဒီလိုသိကြရင်းနဲ့ (အရိယာ) တွေဖြစ်လာကြတာဆိုတာ နားလည်ပါ (မှန်ပါ့)။

လူတိုင်း ငယ်ငယ်က အိုးပုတ်၊ ဂျိုးရုပ်၊ ကော်ရုပ်စတဲ့ အရုပ်ကလေးတွေနဲ့ ကစားခဲ့ကြတယ်၊ လူကြီးဖြစ်တော့ ကစားသေးလား၊ မကစားတော့ဘူး၊ ပြောင်းလဲသွားပြီ မဟုတ်လား၊ အရိယာကျတော့လည်း (အိုးပုတ်၊ ဂျိုးရုပ်) တွေနဲ့တူတဲ့ (ကိလေသာ)တွေဖြစ်တဲ့ (အဝိဇ္ဇာ၊ တဏှာ)ဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ)တို့နဲ့ မဆော့တော့ဘူး၊ (Automatic Changes) တွေဖြစ်လာတယ်။ အလိုအလျောက် ပြောင်းလဲသွားတယ်၊ (နိရောဓ) အာရုံနဲ့ပဲ နေတော့တယ် (မှန်ပါ့)။

မြတ်စွာဘုရားဟောတဲ့ (ဓမ္မစကြာ) တရားတော်ထဲမှာ (သတ္တဝါ) မဟုတ်ဘူးဆိုတာ ပါတယ်၊ ဘယ်လိုပါသလဲဆိုရင် (ဓမ္မစက္ခုံ ဥဒပါဒိ)နဲ့ (သတ္တဝါ) မဟုတ်ဘူးလို့ သိရတယ်၊ (သတ္တဝါ) ဆိုတာ မြတ်စွာဘုရားက လူ့ဘုံ (၁)ဘုံ၊ နတ်ပြည်(၆)ထပ်၊ အပါယ်(၄)ဘုံမှာ ရှိတဲ့၊ (ကာမရာဂ) ရှိတဲ့သူတွေကို ကာမ(၁၁) ဘုံသားတွေကို (သတ္တဝါ)လို့ခေါ်တယ်။ ဒီကာမ(၁၁)ဘုံမှာ ရှိသူတွေ အားလုံးကို လူတွေ၊ နတ်တွေ၊ တိရစ္ဆာန်တွေ၊ ငရဲသားတွေလို့ မခေါ်တော့ဘဲ အားလုံးကို သိမ်းကျုံးပြီး ကာမရာဂရှိတဲ့သူတွေမို့ (သတ္တဝါ) လို့ အမည်ပေးထားတာ၊ ဒီလို သမုတ်ထားတဲ့ (သတ္တဝါ) ဆိုတာ တကယ်မရှိဘူး၊ (သတ္တဝါ) မဟုတ်ဘူး (ရုပ်နာမ်)ပဲလို့ သိမှ (ဓမ္မစက္ခုံဥဒပါဒိ) ဖြစ်တယ် (မှန်ပါ့)။ အရေး

ကြီးဆုံးက (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အသိသာလိုရင်းဖြစ်တယ်။ (မှန်ပါ့)။

(ဉာဏံဥဒပါဒိ) က - (အဝိဇ္ဇာ) မရှိတဲ့ (ဉာဏ်)၊ (ရုပ်နာမ်) သိတဲ့ (ဉာဏ်) ဖြစ်လာတာကိုပြောတာ၊ (ဓမ္မာနုပဿနာ) က (ဉာဏ်)( ကို ရှေ့တန်းတင်ရတယ်၊ (ဓမ္မစကြာ) တရားနဲ့တူတယ်၊ (ဉာဏ်)ပဲ အရေးကြီးတယ်၊ (နိဗ္ဗာန်) ကလည်း (ဉာဏ်) နဲ့မြင်ရတဲ့ အမျိုးပဲ၊ သိရတာက (ဉာဏ်) သိဖြစ်ရတယ်၊ (မှန်ပါ့)။

(သောတာပန်)က (ဒိဋ္ဌိ)နဲ့ (ဝိစိကိစ္ဆာ)ကို ပယ်တယ်(ဒိဋ္ဌိ) အသိဖြစ်တဲ့ (သတ္တဝါ)အသိဖြစ်နေရင် (သောတာပန်)ဖြစ်ပါ့မလား၊ (သတ္တဝါ) လိုသိတာက အသိမှား (အဝိဇ္ဇာ)ဖြစ်တယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ နှလုံးသွင်းလိုက်ရင် (ဒိဋ္ဌိ)အသိဖြစ်တယ်၊ (ဒိဋ္ဌိ) အယူမှားဖြစ်လို့ (တဏှာ၊ ရာဂ) ကဖြစ်လာတော့တာပဲ၊ အဲဒါ (အယောနိသောမနသိကာယ)လို့ခေါ်တယ်၊ နှလုံးသွင်းမှားလို့ (အဝိဇ္ဇာ)ဖြစ်ခြင်းရဲ့ အကြောင်းပဲ (မှန်ပါ့)၊ အဝိဇ္ဇာဆိုတာ (သစ္စာလေးပါး) မသိတာကို အရကောက်တော့ (အဝိဇ္ဇာ)က (သမုဒယသစ္စာ) ထဲဝင်သွားတယ်. . . (မှန်ပါ့)။

သစ္စာ ၄ ပါးမှာ (ရုပ်နာမ်)တွေရဲ့ ဖြစ်ပျက်က (ဒုက္ခသစ္စာ)၊ (သမုဒယသစ္စာ)က လောဘဖြစ်တဲ့(တဏှာ၊ ဥပါဒါန်၊ ကံ)တွေဖြစ်လာတာတွေက (သတ္တဝါ) လို့ယူလို့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ယူတဲ့ မသိမှု (အဝိဇ္ဇာ)က (သမုဒယသစ္စာ)ပဲ. . . (မှန်ပါ့)။

နှလုံးသွင်းမှားရတဲ့ (အဝိဇ္ဇာ)က (သမုဒယသစ္စာ)ဖြစ်ပုံလေးကိုပြရရင် ငါလှျူတယ်၊ ဘာပစ္စည်းလှူတယ်၊ ဘယ်သူ့ကိုလှူတယ် စတဲ့ (သမုဒယ) တွယ်တာတဲ့ ငါ(ဒိဋ္ဌိ)တွေပါနေလို့ပဲ၊ (ကိလေသာ) ဖြစ်ရတာတွေဟာ (သမုဒယသစ္စာ)ပဲ၊ အဲဒါနှလုံးသွင်းမှားတဲ့ (အဝိဇ္ဇာ)နဲ့စတာပဲ။ အဲဒါ (ကိလေသာ) ဖြစ်တဲ့ (အာသဝေါ)တရားနဲ့ ဖြစ်တဲ့ (ကုသိုလ်) ပဲ၊ ဒီ(ကုသိုလ်) က နတ်ပြည်ရောက်ရပါလို၏ ဆိုတော့ (သမုဒယ)တွေပါနေတော့ (သမုဒယ) အကြောင်းခံနေတော့ နတ်ပြည်တော့ရောက်ပါတယ်။ ဒါပေမယ့် နတ်ပြည်ရောက်လည်း (ဒုက္ခသစ္စာ)ပေါ့၊ မိုးပေါ် မြှောက်လိုက်တဲ့ဒုတ်လိုပဲ၊ ကုသိုလ်အရှိန်ကုန်ရင် နတ်ပြည်ကနေလူ့ပြည်၊ ငရဲ တိရစ္ဆာန်စတဲ့ (ဒုက္ခ)နယ်တွင်း ပြန်ရောက်ရလို့ (ဒုက္ခသစ္စာ)ပြန်ရတာပါပဲ၊ (၃၁) ဘုံက (ဒုက္ခသစ္စာ)ပဲကိုး (မှန်ပါ့)။

ငါလှူတယ်၊ ဘယ်သူ့ကို၊ ဘယ်ဘုရားကို၊ ဘာပစ္စည်းစတဲ့ (ပညတ်) တွေပါလာရင် (အာသဝေါ) မကင်းဘူး၊ (ကုသိုလ်) တော့ရတယ်၊ လောကီကုသိုလ်ပေါ့၊ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်အတွက်တော့ (သမုဒယ) တွေပါနေတော့ အာသဝေါမကင်းမှုဖြစ်စေတယ်၊ (ဇာတိ) ဘယ်မှာပြတ်ပါ့မလဲ၊ သံသရာလည်ရတာပဲ (မှန်ပါ့)။

ဘာဖြစ်ရပါလို၏ ဆိုတာ = ဘဝါသဝ

ဘုံကိုတပ်မက်ပြီး လှူတာက = ကာမာသဝ

ဘယ်သူ၊ ဘယ်ဝါကို လှူတယ်ဆိုတဲ့ (သတ္တဝါ) လို့ ယူတာက (ဒိဋ္ဌာသဝ)ပဲ။ (မှန်ပါ့)။

ဒီ(အာသဝေါ)သုံးပါးဖြစ်တာက= (အဝိဇ္ဇာသဝ)ခေါ်တယ်၊ (မှန်ပါ့) အာသဝေါတရား ၄ ပါးကုန်ကြောင်း (နိဗ္ဗာန်) ကို ဘယ်မှာရောက်နိုင်ပါ့မလဲ (မှန်ပါ့)

(အာသဝေါတရား)နဲ့ဖြစ်တဲ့
အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ကံ= သမုဒယသစ္စာ
ရတဲ့ ဘုံဘဝက (ဝိညာဏ်၊ နာမ်ရုပ်)
သဠာယတန၊ ဖဿ၊ ဝေဒနာက ဒုက္ခတွေချုပ်တာက =နိရောဓသစ္စာ
ဒုက္ခတွေချုပ်အောင်လုပ်တာက =မဂ္ဂသစ္စာ
ဒီလိုသစ္စာ ၄ ပါးမသိတာ =(အဝိဇ္ဇာ)ပဲ
(သတ္တဝါ) လို့ အောင်းမေ့နေရင်= (အဝိဇ္ဇာ)ဖြစ်တာပဲ (မှန်ပါ့)

ဒါကြောင့် (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ (အသိ)သာလိုရင်းဖြစ်တယ်။ ဒီအသိတစ်ခုပဲလိုတယ် (မှန်ပါ့)၊ (သတ္တဝါ) လို့သိလာရင် (ရာဂ၊ ဒေါသ၊ မောဟ)တွေပေါ်လာတယ်။ (သတ္တဝါ)တွေပဲဆိုရင် (မောဟ) က ဖြစ်ပြီး (သတ္တဝါ)တွေမဟုတ်ဘူးဆိုမှ (မောဟ)ကလွတ်မှာ၊ (သတ္တဝါ) လို့ သိတဲ့ အသိကို ပယ်ရမယ်၊ (မှန်ပါ့)။ ဘာပဲမြင်မြင်၊ ဘာပဲကြားကြား (သတ္တဝါ)မဟုတ်ဘူး(ရုပ်)ပဲ၊ (ဝိညာဏ်) ပဲ၊ သင်္ခါရ(ဓမ္မပဲ)ဆိုတာ သိသိနေရမယ်၊ ဒီအသိကို လေ့ကျင့်ယူရမယ်၊ မဟုတ်ရင်(အဝိဇ္ဇာ၊ တဏှာ)လာမယ်၊ (သတ္တဝါ)မဟုတ်ဘူးလို့သိမှ (ဉာဏ်)ထွက်လာမယ်(မှန်လှပါဘုရား)။

(ဆက်လက်ဖော်ပြပါမည်)

---

# နွေလယ်အိပ်မက်

နိုင်ခင်ရွှေ(ဧဒင်)

*နွေလယ်နေ့ခင်း
အရိပ်ကင်းမဲ့လွင်ပြင်
လေမင်းရယ် ခရီးနှင်တော့
ပူရှိန်ပြင်းပြီပေါ့။ ။

* သာလွန်းပါ ဂိန်မာန်ခါ
လေမလာ၊ မိုးမရွာ
တိမ်သလ္လာရယ် ပျယ်ပြောက်
ရွာမယ်ဆို မိုးတစ်ပေါက်
စောင့်မျှော်ကြိုဆဲပေါ့။ ။

* ပူကဲတဲ့ နွေလယ်ညက
အတွေးပို အိပ်မောကျတဲ့
ဖားရွှေကို အိပ်မက်မျိုးထဲ
ဖက်ကြားခို၊ မိုးစိုစိုမှာ
လေတိုးသံ သံစဉ်အသွားနဲ့
ဟစ်ဆိုစရာ၊ မိုးဆွေဂါထာ
မြက်ခြောက်ပါ ရေသောက်
နွယ်တွေလည်းဖြောင့်စေရအောင်
အုံ. . . အင်ရယ် မည်ကာမျှနှင့်
ပတ်ကြားအက်ကြား
ပက်လက်လန်ကျ။

* အော်. . အိပ်မက်ကနိုးထ
အာတွေလည်းခြောက် ပူရှိန်တောက်
မြက်ခြောက်လည်းကြွေ၊
နွယ်လည်းသေ
ဖြစ်မြဲတန္တေ၊ ဓမ္မတာနွေ။ ။

နိုင်ခင်ရွှေ(ဧဒင်)



# ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်
# သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက
# အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
# ဆရာတော်အရှင်ကောဝိဒဓဇ ဟောကြားတော်မူအပ်သော
## (သဒ္ဓမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်)
# ကမ္ဘာရန်သူကြီး သုံးမျိုးတရားတော်

(ယခင်အပတ်မှအဆက်)

ကဲ (ဒကာကြီးဦးစိန်) "အရင်းစစ်တော့ အမြစ်မြေက" ဆိုသလို မောဟတရား ဖုံးလွှမ်းထားသဖြင့် ဘာကိုမှ ပိုင်းပိုင်းခြားခြား မှတ်သားပြီး သိမြင်ခြင်းမရှိတဲ့ အကြောင်းဟာ ထင်ရှားနေပေပြီနော်။ မောဟတရား အကျိုးဆက်ကြောင့် ဘာမျှတိုးတက်မှု မရှိဘူးတဲ့၊ အမျိုးမျိုးသော မကောင်းကျိုးကိုသာ ဖန်တီးပြီး ပေးနေတာဟာ လက်သယ်ရှာတော့ မောဟတရားပါပဲတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ မောဟတရားရဲ့ မကောင်းကျိုးပေးပုံကို ထင်ရှားအောင် ဟောကြားတော်မူခဲ့တဲ့ ရှင်တော်မြတ်ဘုရား၏ ပါဠိတော်လာ ဂါထာများကို ရွတ်ဆိုလိုက်ဦးမယ်။ သဒ္ဓါပန်း လှိုင်လှိုင်ဖြင့် သာဓုသံမြိုင်မြိုင်ခေါ်ပြီး ခပ်ပျော်ပျော်နာယူကြပေတော့။

**မောဟဆိုးဖျက် ကောင်းကျိုးပျက်ပုံ**

အနတ္ထဇနနော မောဟော၊ မောဟော စိတ္တပ္ပကောပနော။

ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ (ဣတိဝုတ္တကပါဠိ)

ဘိက္ခဝေ၊ ကိလေသာဆိုး တရားမျိုးကို ဖျက်ချိုးတတ်ငြား အိုချစ်သားတို့။ မောဟော၊ တွေဝေမိုက်မှား မောဟတရားသည်။ အနတ္ထဇနနော၊ လောကဓမ္မ နှစ်ဌာန၌ မုချတိုးပွား အကျိုးတရားကို ပျက်ပြားဖို့အခြေ ဖြစ်စေတတ်ပေ၏။ မောဟော၊ မသိဆိုးရွား မောဟတရားသည်။ စိတ္တပ္ပကောပနော၊ ဖြူစင်သန့်ရှင်း စိတ်ဓာတ်ရင်းကို ချွတ်ယွင်းပျက်ပြား ချောက်ခြားစေတတ်၏။ အန္တရတော၊ မှန်ကန်စွာမယွင်း အတွင်းစိတ်၌။ ဇာတံ၊ မလွဲစင်စစ် ဧကန်ဖြစ်ပေသော။ တံ ဘယံ၊ မိုက်မှောင်ပြောထူ မောဟဟူသော ထိုဘေးဆိုးကို။ ဇနော၊ ပုပုရွရွ များလှထောင်သောင်း လူအပေါင်းသည်။ နာဝဗုဇ္ဈတိ၊ သိဉာဏ်ဝိုးဝါး စိတ်ထွေပြားသဖြင့် ပိုင်းခြားပိုင်ပိုင် မသိနိုင်လေတော့သတည်း။

မသိမှုဆိုတဲ့ မောဟတရားသည် လောကရေးရာ ဓမ္မရေးရာ အဖြာဖြာသော အကျိုးတရားတို့ ပျက်ပြားမှုကို ဖြစ်စေတတ်ပေတယ်၊ မောဟတရားဆိုးသည် ပကတိသဘောဖြင့် ဖြူစင်သန့်ရှင်းသော စိတ်ကိုလဲ တုန်လှုပ်ခြောက်ခြား ပျက်ပြားစေတတ်တယ်တဲ့၊ အမှန်အားဖြင့် အတွင်းစိတ်၌မောဟဟူသော ထိုဘေးဆိုးကို ပုပုရွရွ များလှထောင်သောင်း လူအပေါင်းသည်။ (ဝါ) သတ္တဝါအပေါင်းသည် ကောင်းစွာပိုင်ပိုင် မသိနိုင်ဘူးလို့ ဆိုလိုတယ်တဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။ ရှင်တော်မြတ်ဘုရားက ဆက်လက်ပြီး ဟောကြားတော်မူတဲ့ ဂါထာတော်ကတော့

မုဋ္ဌော အတ္ထံ န ဇာနာတိ၊ မုဋ္ဌော ဓမ္မံ န ပဿတိ။

အန္ဓတမံ တဒါ ဟောတိ၊ ယံ မောဟော သဟတေ နရံ။ (ဣတိဝုတ္တကပါဠိ)

မုဋ္ဌော၊ အသိဉာဏ်ကင်း၊ ညှံ့ဖျင်းတွေဝေ မရေရာသော သူသည်။ အတ္ထံ၊ မိမိ သူတစ်ပါး အကျိုးစီးပွားကို။ န ဇာနာတိ၊ သဘာဝအတိုင်း ဟုတ်တိုင်းမှန်စွာ မသိနိုင်ပါပေ။ မုဋ္ဌော၊ မောဟပြောထူ တွေဝေသော သူသည်။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါး မြတ်တရားကို။ န ပဿတိ၊ မယွင်းမဖောက် မျက်မှောက်ထင်ထင် မသိမြင်နိုင်ပေ။ ယဒါ၊ အခါအခွင့် သင့်တင့်လှစွာ အကြင်အခါ၌၊ မောဟော၊ တွေဝေမိုက်မှား၊ မောဟတရားသည်။ ယံ နရံ၊ ကျားမမဟူ အကြင်လူကို၊ သဟတေ၊ အနိုင်အထက် နှိပ်စက်အုပ်စိုး လွှမ်းမိုးဖိစီး၏။ တဒါ၊ ထိုအခါ၌၊ တဿ နရဿ၊ မောဟပြောထူ ထိုမိုက်သော သူအား၊ အန္ဓတမံ၊ ပညာဉာဏ်ရောင်၊ ဝင်းမပြောင်ဘဲ မိုက်မှောင်ရောက်ဆိုက် အမိုက်တိုက်သည်။ ဟောတိ၊ အကြောင်းကံကြိုက် ပေါင်းဆုံခိုက်မို့ တိုက်ရိုက်မသွေ ဖြစ်ရလေတော့သည်။

ဆိုလိုရင်းအဓိပ္ပါယ် ခပ်လွယ်လွယ် ပြောကြအုံးစို့ရဲ့ (ဒကာကြီး ဦးစိန်၊ ဦးချိန်တို့ရဲ့) မောဟထူပြော တွေဝေသော သူသည် မိမိ၏ အကျိုးစီးပွား၊ သူတစ်ပါးတို့၏ အကျိုးစီးပွားတို့ကို ကောင်းစွာတိတိ မသိရှိပေ၊ တွေဝေသော သူသည် လူတို့၏ ကြိုးစားအားထုတ်သင့်သော ကုသလကမ္မပထ တရားဆယ်ပါးကို ကောင်းစွာမသိမြင်ပေ။ တွေဝေခြင်း မောဟတရားသည် လူကို လွှမ်းမိုးဖိစီး၍ နေသောအခါ၌ ဉာဏ်အရောင်အလင်း မပြောင်ဝင်းနိုင်တော့ဘဲ အမိုက်တိုက်သဖွယ် ဖြစ်ရလေတော့သည်တဲ့။ မောဟတရား ဖုံးလွှမ်းထားပြီဆိုမှဖြင့် မိမိရဲ့ ပျက်စီးစေမည်ကိုလဲ မသိတော့ဘူးတဲ့။ ယင်းကဲ့သို့ ဆိုးရွားလှသော မောဟတရား ကင်းရှင်းပါမှ ချမ်းသာခြင်းရရှိနိုင်တယ်ဆိုတဲ့ အကြောင်းကို ရှင်တော်မြတ်ဘုရားက ဆက်လက်ဟောကြားတော်မူပြန်သည်မှာ-

ယော စ မောဟံ ပဟန္တွာန၊ မောဟနေယျေ န မုယှတိ။

မောဟံ ဝိဟန္တိ သော သဗ္ဗံ၊ အာဒိစ္စော ဝုဒယံ တမံ။

(ဣတိဝုတ္တကပါဠိ၊ ၁၅၃)

ယော စ၊ အကြင်သူသည်လည်း၊ မောဟံ၊ တွေဝေမိုက်မှား၊ မောဟတရားကို။ ပဟန္တွာန၊ မချွင်းမချန်၊ အမှန်တကယ် ပယ်လေသောကြောင့်၊ မောဟနေယျ၊ တွေဝေဘယ်အစုံ ရူပါရုံစသား အာရုံများ၌၊ န မုယှတိ၊ သမ္မဇဉ်တရား ဉာဏ်ယှဉ်ထားသဖြင့် မိုက်မှားယွင်းသွေ၊ မတွေဝေတော့ချေ။ ဥဒယံ၊ ဥဂ္ဂစ္ဆန္တော၊ ဥဒည်တောင်စွန်း အရှေ့ကျွန်းမှ ပေါ်ထွန်းလာသော၊ အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် အမှောင်ပယ်ခွင်း၊ ရှင်နေမင်းသည်၊ တမံ အန္ဓကာရံ၊ လင်းရောင်မကြိုက် အမိုက်တိုက်ကို။ ဝိဟန္တိ ဝိဓမတိ ဣဝ၊ မညှာမထောက် ဘယာပျောက်အောင် ပယ်ဖျောက်လေသကဲ့သို့။ ဧဝံ၊ ဤနည်းမခြား အလားတူစွာ။ သော အရိယပုဂ္ဂလော၊ သစ္စာမြင်ငြား ဘုရားသားခေါ်ဆို ထိုပုဂ္ဂိုလ်သည်။ သဗ္ဗံ အနဝသေသံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော၊ မောဟံ၊ တွေဝေမိုက်မှား မောဟတရားကို။ မဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်သာလျှင်၊ ဝိဓတိ၊ အကြွင်းမဲ့ပယ်ရှားနိုင်သတဲ့၊ (ဒကာကြီးဦးစိန်ရဲ့)

မောဟတရား မပယ်ရှားနိုင်သဖြင့် သံသရာတစ်ခွင်ကျင်လည်ရလျှင် ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်စသော တိရစ္ဆာန်ဘဝသို့ ရောက်ရှိတတ်တယ်၊ တိရစ္ဆာန်ဘဝသို့ ရောက်ကြရခြင်းသည် မောဟတရားရဲ့ လက်ချက်ဟု စွဲမြဲစွာမှတ်သားကြရမယ်တဲ့။

သံသရာခရီးသွား သတ္တဝါများသည် များသောအားဖြင့် တွေဝေမိုက်မှား မောဟတရားကြောင့်သာလျှင် အမြဲတစေ လွန်စွာတွေဝေပြီး အိပ်မှု

စာမျက်နှာ ၂၅ သို့



မုံရွာမြို့မဟာလယ်တီတိုက်၊ ကျမ်း

လယ်တီဆရာတေ

ရေးသားပြုစုတော်

# လယ်တီနိဗ္ဗာန်တာ

# The Ledi Dhamm

## by

## MAHĀ THERA LE

(လယ်တီနိဗ္ဗာန်ကျမ်း) (I

(ယခင်အပတ်မှအဆက်)

**မီးအိမ်ပျံ ဥပမာ**

မီးအိမ်ပျံ မှိုင်းခံရာ၌ ရေနံတိုင်ကြီးကို မီးညှိ၍ အတွင်းသို့သွင်းလိုက်လျှင် မီးတောက်များမှထွက်သော အခိုးတို့သည် အိမ်တွင်းတစ်ခွင်လုံး အပြည့်တိုးပွားကာနေကုန်၏။

ဤကိုယ်တစ်ကောင်လုံးသည် မီးအိမ်ရှည်ကြီးနှင့်တူ၏။ တစ်ထပ်စာမျိုလိုက်သော အစာစုသည် မီးအိမ်တွင် သွင်းလိုက်သော ရေနံတိုင်မီးတောက်ကြီးနှင့်တူ၏။ အစာသစ်တွင်ပါသော ဓာတ်ဆီဓာတ်မီးတို့မှထ၍ တစ်ကိုယ်လုံးအပြည့် တိုးပွားသော မြေ, ရေ, မီး, လေ, မဟာဘုတ်ရုပ်သစ်ကလာပ်သစ်တို့သည် မီးအိမ်တွင်း၌ မှိုင်းခိုးတိုးပွားပြည့်လျှမ်းသည်နှင့်တူ၏။

ဤဥပမာ၌ အစာအိမ်၌ ထမင်းအစာရောက်သောအခါ အတွင်းတစ်ခွင်လုံးအပ်သွားရာမှ မလပ်ရအောင် ဘုတ်သစ်, ရုပ်သစ်, ကလာပ်သစ်တို့တိုးတက်ဖြစ်ပွားပုံကို အတပ်မြင်အောင် ပြသည်။ (မြင်အောင်ကြည့်။)

**မှန်တုံး, ဖန်တုံး ဥပမာ**

လူကောင်ပမာဏရှိသော မှန်တုံး, ဖန်တုံးကြီးဝယ် အလယ်အတွင်း၌ မီးတိုင်သွင်း၍ ထွန်းထားလျှင် မီးတောက်သည်နှင့်တစ်ပြိုင်နက် မှန်တုံး, ဖန်တုံးတစ်ခုလုံး မီးရောင်အပြည့်အန့်ဖြစ်၏။ ထွန်းထားသောမီး တရွေ့တရွေ့သေ၍ သေ၍ မှိန်၍မှိန်၍သွားလျှင် ထိုမီးရောင်တို့လည်း ချုပ်ယုတ်နည်းပါး၍သွား ကုန်၏။ မီးတောက်သေလျှင် မီးရောင်တို့လည်း အကုန်ပျောက်ကုန်၏။ ဤဥပမာဖြင့်-ထိုရုပ်သစ်ကလာပ်သစ်တို့သည် အစာအိမ်မှ အာဟာရဆူလျှင်ဆူဆူတက် တိုးပွားကုန်၏။ အာဟာရကျလျှင် ကျကြကုန်၏။ အာဟာရကုန်လျှင် ကုန်ကြ၏ဟုပြသည်။ (မြင်အောင်ကြည့်။)

**သန္တတိခွာပုံကိုဆိုအံ့**

ယခုနေ့ ညစာစားပြီးနောက် အစာရေစာ အပြီးဖြတ်လိုက်အံ့၊ ဤကိုယ်သည် အဘယ်သို့ ဖြစ်သွားမည်နည်း-ဟု ဉာဏ်နှင့်ကြည့်၊ ယခုစားသောအစာမကြေမီအတွင်း ယင်းအစာတွင်ပါသော ဓာတ်ဆီ ဓာတ်မီးတို့၏ အဟုန်ကြောင့် တစ်ကိုယ်လုံးရှိ ဓာတ်ဆီဓာတ်မီးတို့သည် လျှမ်းလျှမ်းတောက်မျှ အကုန်ထ၍ တစ်ကိုယ်လုံးဝယ် အထည်ခံအမာခံဖြစ်သော ဓာတ်ကြီးလေးပါးတို့ကို အပြည့်အန့်ပွားစေကုန်၏။

မြေ, ရေ, မီး, လေ ဓာတ်ကြီးလေးပါး အသစ်အသစ်ဖြစ်ပေါ်တိုးပွားလျှင် ကြာအိုင်ကြီးဥပမာကဲ့သို့ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနဓာတ်ကြည်ခြောက်ပါးတို့လည်း လင်းလင်းတက်တိုးပွားကုန်၏။ နွေအခါ

**Example of a hot-air ballon**

As the torch fuelled by burning crude-oil is placed inside the body of the ballon, the fumes rise and expand, filling it up with hot air. In the same way, a meal that has been ingested is like the hot-air generating torch inside the ballon. Caloric product from the nutriment, like the ignited fuel in the ballon that rises, expands and fills the space inside the ballon, fills the body with new cells incorporating the four primary elements of earth, water, air and fire.

In this example can be appreciated how food ingested in the stomach produces newly formed primary elements, new physical phenomena and new cells that are transported to fill every nook and cranny inside the body. (Try to get the picture)

**Example of a crystal statue**

Imagine a figure as large as an actual human being made of glass with a torch placed in its interior. As long as the torch shines, the whole figure will be suffused with light, but as the light emitted by the torch gradually dims, the glowing glass figure will also dim proportionately and when the light of the torch finally dies, the glass figure will no longer emit light. As in this example, when the stomach is filled with nutriment, new physical phenomena and cells form and efervesce but as the level of nutriment inside falls, this output also falls and when the nutriment is spent, there is no more output. (Try to get the picture)

**How santati is peeled away**

How will the body react if, after having the evening meal, it was decided that no more food will be taken thereafter. Try to visualize it using the powers of reason. Before the food that has been digested, due to the action of its caloric content, all the fuel within the body is set ablaze and the four primary elements that act as solid understructure of the body become prevalent.

Just as in the example of a lotus pond, propagation of these four elements result in a propagation of the six sensory surfaces of consciousness as well. The six mana dhatu of seeing (cakkhu), hearing (sota), smell (ghāna), taste (jivhā), tactile stimu-

က်၊ ကျမ်းပြုအကျော် ကမ္ဘာကျော်

ရာတော်ဘုရားကြီး

းပြုစုတော်မူသော


န်တရားတော်များ

# mma on Nibbāna

## by

# A LEDI SAYADAW

၃)     **(Ledi Nibbān)**



ခြောက်သွေ့ကျဲချောင်၍နေသော တောကြီးမှာ မိုးကြီးကြီးစွာယူ၍ ယခုအသစ်ဖြစ်ပေါ်ပေါက်ပွားသော အညွန့် အရွက်တို့ကို ထူထပ်ပိတ်ဆို့ ညို့ညို့မှိုင်းမှိုင်းဖြစ်သကဲ့သို့တည်း။ (မီးအိမ်ပျံဥပမာနှင့်လည်း တူအောင်ကြည့်။)

မျက်လုံးနှစ်ခုသည် ထိုတောအုပ်၌ ချုံဖုတ်ငယ်နှစ်ခုနှင့်တူ၏။ ထိုချုံငယ်နှစ်ခုသည် အရွက်ကြွေ၍ ကျဲရရဲနေစဉ် မိုးကြီးရွာ၍ အတွင်းအပြင် အရွက်အညွန့်ပြည့်သဖြင့် တစ်ချုံလုံးစွဲ၍ ရွှန်း၍ ပိတ်၍ စိမ်းစိမ်းညို့ညို့ မှို့မှို့မှိုင်းမှိုင်း ဖြစ်ပြန်၏။ (ချုံဖြစ်ပုံကို မြင်အောင်ကြည့်။)

မျက်လုံးနှစ်ခုသည် ထိုတောအုပ်၌ ချုံဖုတ်ငယ်နှစ်ခုနှင့်တူ၏။ ထိုချုံငယ်နှစ်ခုသည် အရွက်ကြွေ၍၊ ကျဲရရဲနေစဉ်၊ မိုးကြီးရွာ၍၊ အတွင်းအပြင် အရွက်အညွန့်ပြည့်သဖြင့်၊ တစ်ချုံလုံးစွဲ၍ ရွှန်း၍ပိတ်၍ပိန်း၍ စိမ်းစိမ်းညို့ညို့ မှို့မှို့မှိုင်းမှိုင်းဖြစ်ပြန်၏(ချုံဖြစ်ပုံကိုမြင်အောင်ကြည့်။)

မျက်လုံးနှစ်လုံးမှာလည်း ဝမ်း၌အစာမရှိ၍ မျက်လုံးရုပ်ခဲ အတွင်းသား ကျဲရရဲနေပုံ၊ အစာမျိုသောအခါ မိုးကြီးရွာ၍ တစ်ချုံလုံးပေါက်သော အရွက်အညွန့်ပြည့်သကဲ့သို့ အစာ၌ပါသော ဓာတ်ဆီ အခိုး ဓာတ်မီးအခိုးတက်၍ မျက်လုံးတွင်းရှိ ဓာတ်ဆီ ဓာတ်မီးတို့ကို လန်းလန်းရွှင်ဖြိုး ကြွအောင်နှိုး၍ ထိုဓာတ်ဆီ ဓာတ်မီးတို့၏ အစီးအပွား၊ ဓာတ်ဆီလေးပါး၊ အကြည်ဓာတ်သုံးပါးတို့၏ တဖွားဖွားဖြစ်ပေါ်တိုးတက် ပြည့်လျှမ်းပုံများကို အတပ်မြင်အောင်ကြည့်။ ဤသို့သောအချက်သို့ဆိုက်မှ ဒွိဟိတ်, တိဟိတ် နှစ်ပါးကွဲပြားသည်။ ဒွိဟိတ်မှန်လျှင်မြင်အောင်မကြည့်နိုင်။ တိဟိတ်မှန်မှ အတတ်မြင်အောင်ကြည့်နိုင်သည်။

ထို့ကြောင့် ကျွတ်ထိုက်သော တိဟိတ်အင်္ဂါကို ပြရာ၌-

**"ဉဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော"-**

ဟု ဟောတော်မူသည်။

ဉဒယတ္ထဂါမိနိယာ= ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အသစ်အသစ် တဖွားဖွား ဖြစ်ပေါ်တိုးတက်ချက်ကိုလည်းကောင်း၊ ဖြစ်ပေါ်တိုးတက်ပြီးသော် ထိုရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အစဉ်အတိုင်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ချုပ်ပျက် ကွက်ပျောက်ချက်ကိုလည်းကောင်း အတတ်သိနိုင် မြင်နိုင်သော၊ ပညာယ= ပညာနှင့်၊ သမန္နာဂတော= ပြည့်စုံ၏။

မျိုအပ်သော တောဖြစ်, တောင်ဖြစ်, မြေဖြစ်, ရေဖြစ်, အစာရေစာ၌ ပါသော ဗဟိဒ္ဓဓာတ်ဆီဓာတ်မီးတို့မှ ဆက်လက်ဖြစ်ပေါ်ကြသော ရုပ်သစ်, ကလာပ်သစ်တို့ဖြစ်ခြင်းကြောင့်လည်း ထိုတဖွားဖွားဖြစ်ပေါ်ကြကုန်သော ရုပ်သစ်, နာမ်သစ်, ကလာပ်သစ်တို့သည် အခိုက်အတန့် ဖြစ်ပေါ်လာသော အာဂန္တုတို့သာတည်း။ ငါနှင့်မဆိုင် ငါပိုင်မဟုတ်ကုန်။ အနာပုပ်ကြီး၌ မဲရိုင်းယင်မ

lus of the body (kāya) and the mind(mana) taste (givhā), tactile stimutus of the body (kāya) and the mind (mana) thrive and expand. It is as if a gaunt and arid stretch of forest in a dry spell has just been administered an invigorating deluge of rain that has turned it into a lush, verdant land-scape (also try to visualize it in the context of a hot- air ballon).

The eyes are like two bushes within that forest. These two will also have profited from the rains, with former bare branches now sprouting new leaves, this lush green cloak turns vibrantly glossy (Try to picture these bushes in the mind's eye)

When the body is not provided with the necessary nutriment, the eyes will have a vacant listless look about them, but when the stomach is filled with food and enough nutriment is produced, just as  in the example of the two bushes that sport lush verdure after the rains, they become radiant, with a new vigour as they are now energised by the injection of this nutriment fuel. Try to visualise this description as vividly as possible. How well this word picture is perceived will draw the distinction between a dvihetuka and a tihetuka person. (A dvihetuka person has two inborn traits of philanthrophy and goodwill, while the tihetuka person has all three desirable traits: philanthropy, goodwill and wisdom)

Thus when (the Buddha) described a tihetuka person, he did so with the words-

**"Udayatthagāminiyā paññayā samannāgato"**

*Udayatthagāmiyā*- (one) who can actually perceive the creation and development of new physical and mental phenomena and their eventual dissipation and cessation, *paññāya*- with this knowledge, *samannāgato*- (he) has a sufficiency.

Seeing that nutriment that is swallowed leads to the formation of new physical phenomena and new cells similar to the building blocks of forests, mountain ranges, land masses and bodies of water, the casade of new material and mental phenomena and cells that are being formed should be regarded as ephemeral objects. They should not be regarded as something one may

တို့ လွတ်၍ကျသော သိမ်မွေ့သေးငယ်လှစွာသော လောက်ရှင်တွေနှင့် ထပ်တူတို့သာတည်း။ ကိုယ်တွင်း၌ပင် ဖြစ်ကုန်သော်လည်း ထိုလောက်ရှင်တို့ကို ငါ့ကိုယ်, ငါ့ကိုယ်- ဟု အတွင်းပြု၍ သိမ်းပိုက်ခြင်းငှာ မထိုက်ပေ။

ထိုမျက်စိနှစ်လုံး၌ ဥတုဇရုပ်ကြမ်းဖြစ်သော အသားကြမ်း, အသွေးကြမ်းစုသည် အထည်ခံတည်း။ ထိုအထည်ခံ ရုပ်ကြမ်းစုကား သေသည်နောက်တိုင်အောင် ကျန်ရှိလေ၏။ အကာရုပ် အခွံရုပ်စုပေတည်း။ သတ္တဝါဟု မှောက်မှားကြသော ရုပ်စု, ဓာတ်နုတို့မူကား သေသည်နှင့်တစ်ပြိုင်နက် ချုပ်ကွယ်ကုန်၏။

ဖြစ်ပွားချက်ကိုမြင်ရသည်ဆိုသော်လည်း ဝတ္ထုအထည်ဒြပ်အနေနှင့် မမြင်စေနှင့်။ ရိပ်ရိပ် ရိပ်ရိပ် မာချက်တိုးတက်၍ လာသည်ကား ပထဝီတည်း။ မြေဓာတ်တည်း စသည်ဖြင့် အမူအရာ ကြိယာမျှကို မျက်လုံးသားတစ်ခုလုံး ဉာဏ်နှင့်ကြည့်။ မြင်အောင်ကြည့်နိုင်လျှင် တိဟိတ်။ မကြည့်နိုင်လျှင် ဒွိဟိတ်။

ထိုသို့ တိုးတက်ဖြစ်ပွား၍ မျက်လုံးပြည့်သောအခါ ထိုသတ္တဝါအား ငါ, ငါဟူသော ငါလုံး၊ ငါ့, ငါ့ဟူသော ငါ့လုံးနှင့်တကွ ကြွရွတောင့်တင်းသော စိတ်သညာသည် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသော ရုပ်သစ်တို့ကို ငါပြု၍ ကြည်ကြည်လင်လင် ငါ, ငါမြင်သည်ဟု မိစ္ဆာအယူဖြစ်၏။ ထိုရုပ်သစ် ကလာပ်သစ်တို့ကို အာဂန္တုက ပြင်ပစစ်စစ် လောက်ရှင်တို့နှင့်မခြား ထင်နိုင်မှသာ မိစ္ဆာအယူပျောက်၍ သမ္မာအယူရောက်နိုင်မည်။

**ဥဒယကိုပြသော အချက်ပြီး၏။**

**တောချုံပိတ်ပေါင်း ဥပမာ**

ထိုနေ့ညစာကိစ္စနှင့် မျိုလိုက်သောအစာတို့သည် သန်းခေါင်ကျော်မျှသာ မပုပ်မနွမ်း တည်နိုင်ကုန်သည်။ သန်းခေါင်ကျော်ကို လွန်လျှင်ပင် မစင်ပုပ်အဖြစ်သို့ တရွေ့တရွေ့ရောက်လေ၍ ပုပ်သိုးရိနွမ်း၍ ကျလေကုန်၏။

ထိုအခါ မိုးဓာတ်ရေဓာတ်နှင့်ဝေး၍ တဖြည်းဖြည်းရင့်ရော်လျော့ရဲသဖြင့် ထိုတောအုပ် ထိုချုံငယ်ရှိ သစ်ရွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကြွေကျ၍ တောအလုံး, ချုံအလုံး အရိုးကျဲကျဲ အခြင်ကျဲကျဲ မွဲခြောက်ခေါင်းပါး ပြန်သကဲ့သို့ ထို့အတူ သန်းခေါင်ကျော်တိုင်အောင် ကိုယ်နှင့်အပြည့်, မျက်လုံးအိမ်အပြည့် ဖြစ်ပွားတိုးတက်ကြသော ဓာတ်ကြီးလေးပါး အကြည်ဓာတ်အများတို့သည် ဓာတ်ဆီဓာတ်မီးတို့ တရွေ့ရွေ့ ဆုတ်ယုတ်သည်နှင့် ထက်ကြပ်တကွ ဆုတ်ယုတ် ကွယ်ပျောက်ကြပြန်ကုန်၏။

မျက်လုံးသားသည် အရိုးကျဲကျဲ အခြင်ကျဲကျဲ လျော့ရဲနွမ်းပါး ကြုံ၍သွားပြန်၏။ သတ္တဝါသည်လည်း ကြည့်မှု, မြင်မှု မရွှင်မပျရှိပြန်၏။ တောချုံငယ်၌ အတွင်းပြင်တစ်ခွင် အရွက်တွေကြွေချက်နှင့် ထပ်တူထပ်မျှ မြင်အောင်ကြည့်။ (မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။)

**မြစ်ချောင်း ဥပမာ**

မြစ်နားတစ်လျှောက်ရှိ ချောင်းထဲ, မြောင်းထဲ, အင်းထဲ, အိုင်ထဲမှာ မြစ်ရေကြီးစွာတက်သောအခါ အပြည့်အလျှမ်းရှိနေသော ချောင်းရေ, မြောင်းရေ, အင်းရေ, အိုင်ရေတို့သည် မြစ်မက ရေကျ၍သွားလျှင် လျော့၍ပါကုန်သည်နှင့်လည်း အတန်ငယ်တူပါ၏။

**ငါမနိုင်-ငါမဆိုင်-ငါမပိုင်**

အစာသစ်ဆိုရသော ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့မှတွယ်၍ ဖြစ်ပွားရသော ထိုမျက်လုံးရှိ အဇ္ဈတ္တရုပ်နာမ်စုသည် ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့ ဆုတ်ယုတ်ကျလျှော့လျှင် ဆုတ်ယုတ်ကျလေသောကြောင့် ဆိုခဲ့ပြီးသော အာဂန္တုအဖြစ်သည် ထင်ရှားလှ၏။ ငါမပိုင်, ငါမနိုင်၍ မဆိုင်မှုသည် ထင်ရှားလှ၏။ အကြောင်းတစ်ခုကြောင့် ထိုအနာပုပ်တွင်းမှာပင် သေပျောက်ကွယ်ဆုံးကြသော လောက်တွေနှင့် တူလှပေ၏။ မြင်အောင်ကြည့်။ (မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။)

(ဆက်လက်ဖော်ပြပါမည်။)

call one's own. Rather it is similar to the a suppurating ulcer where bluebottle flies deposit their eggs and from which maggots later emerge. Though these maggots may have emerged from one's own body it would be in one's interest to nuture them as one's own.

The basic structure of the eye consists of coares flesh and blood. This structure remains after the death of the person like an empty shell. The fine part of its material structure, however, cease and vanish at death.

This process should not be envisaged in the light of transmutating tangible material. Rather the process of hardening going on inexorably should be perceived as the manifestation of the element of extension or earth. One who can visualize it correctly is a tihetuka person, while one who cannot is a dvihetuka person.

As this development goes on and the organ of the eye gets fully developed, the tendency to identify it with self is formed in the mind. Perceiving the new material pheomena that has been developed the wrong outlook of looking upon them as the mirror of self tends to be formed. Only when these new material forms can be perceived as being temporary phenomena not much different from maggots appearing in an ulcer shall one be freed from the deviant view to be installed on the right track.

**The example of the dense undergrowth**

Food ingested during the evening meal lasts only as long as midnight after which it gradually deteriorates into the form of fecal matter. At that moment, just as the thick undergrowth in a jungle loset their luxuriant cloak of leaves, shedding them by the handfuls to display their bare network of twigs when deprived of rain and moisture, so do the body, as after midnight, the output of nutriment fuelling the body, filling it, filling the eyes, with the four primary elements and sensory receptors to the brim, drops down gradually, eventually reaching its vanishing point.

The eyeball gradually 'shrinks' likewise, so that the person's vision is overcome by dreariness. This process is identical with the leaf-shedding of the dessicated bush. Try to get the picture. (If you get it you are a tihetuka person, if not, still a dvihetuka)

**The example of rivers and streams**

Streams, creeks, lakes and ponds interconnected to a flowing river are filled to the brim when the river is in spate, but as the water level in the river drops, their water level also drops down. This is also a process that is rather similar to the scene that follows an inundation of a river that is a reverse of the above. The ajjhattarūpanāma group of the eye that is formed out of the fuel and forces of combustion derived from the ingestion of nutriment lose their energy, and as a result lose their potency. It is then evident that this is a process beyond one's control. It is similar to the mass extinction of newly born maggots dying off within the ulcer in which they were born. Try to get the right picture. (If you percieve the right picture, you are a tihetuka, if not, a dvihetuka!)

**(To be continue)**

● နောက်ကျောဖုံးမှ



<< Venerable Bhikkhu Sumedha: From a worldly life to following the footsteps of Lord Buddha.

ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် ဖဝါးခြေထပ်မကွာလိုက်ပါကျင့်ဆောင်တော်မူသော ရဟန်းတော် ဘိက္ခုသုမေဓာအရှင်အား ဖူးတွေ့ရစဉ်။

ထားသော ပိတ်ဖြူခြုံထည်ကြီးမှာ အလောင်းတော်နှင့် အံကိုက်မဖြစ်ဘဲ အလွန်သေးငယ်နေသည်ကိုတွေ့ရှိကြရတော့သည်။

ထိုအခါ ဆရာမကိုရာမှာ တအံ့တသြဖြစ်သွားရုံမျှမက စိတ်များလည်း များစွာ တုန်လှုပ်ချောက်ခြားသွားမိလေတော့သည်။ အလောင်းတော်နှင့် အတိအကျတိုင်းတာတွက်ချက်ပြီးမှ စီမံချုပ်လုပ်ထားခြင်းဖြစ်၍ ယခုလို အံဝင်ခွင်ကျမဖြစ်ဘဲ သေးသွားစရာအကြောင်းလုံးဝ မရှိနိုင်ပေ။ ယခုလိုဖြစ်သွားရသည့်အတွက် သူမ၏ စိတ်များအတော်ပင် ဂယောက်ဂယက်ဖြစ်သွားခဲ့ရပေသည်။

ထို့နောက် ၎င်း၏ စိတ်ထဲ၌ အလင်းတစ်ချက် ပွင့်ထွက်သွားခဲ့လေသည်။ ရဟန်းတော်ဘိက္ခုသုမေဓာအရှင်၏ ကိုယ်ရုံသင်္ကန်းနှင့် ခြုံထည်နှစ်ထပ်သင်္ကန်းကြီးတို့ကို ဤကိစ္စ၌ အသုံးပြုရန် အဘယ်ကြောင့် မစဉ်းစားမိခဲ့ရသနည်းဟု စဉ်းစားမိ၍ ရဟန်းတော် အရှင်၏ အလောင်းပေါ်တွင် ခြုံလွှမ်းရန် အသင့်လျော်ဆုံးနှင့် အမှန်အကန်ဆုံး ခြုံထည်ပိတ်စမှာ ၎င်းအရှင်၏ ကိုယ်ရုံသင်္ကန်းများသာဖြစ်သည်ဟု စဉ်းစားဆုံးဖြတ်မိလိုက်လေတော့သည်။

Cora reveals how bhikkhu Sumedha who was Aja Is kander, a good artist back home, across the seas, in switzerland came to don the robes of a monk in Sri Lanka forfeiting all worldly comforts and living in a wet and insect- filled cave.

ဘိက္ခုသုမေဓာရှင်သည် အာဂျာအိုက်စ်ကန်ဒါအမည်ရှိ ထင်ရှားကျော်ကြားသော အနုပညာရှင်တစ်ယောက်ဖြစ်ခဲ့ရုံသာမက ဆွစ်ဇာလန်နိုင်ငံမှ တက္ကသိုလ်ဆရာတစ်ယောက်လည်းဖြစ်ခဲ့သည်ကို ဆရာမကိုရာကိုယ်တိုင်သိရှိခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် ပင်လယ်သမုဒ္ဒရာအထပ်ထပ်တို့ကို ကျော်ဖြတ်လျက် သီရိလင်္ကာနိုင်ငံတွင် ၎င်းပိုင်ဆိုင်သော အခွင့်အလန်း ပိုင်ဆိုင်မှုအရပ်ရပ်တို့ကို ဆုံးရှုံးစွန့်လွှတ်လျက်၊ အဝါရောင်သင်္ကန်းဆင်မြန်းတော်မူသော ဗုဒ္ဓသားတော်ဘိက္ခုရဟန်းတော်တစ်ပါးအဖြစ် မြတ်စွာဘုရား သာသနာတော်တွင်းဝင်ရောက်ခဲ့ပြီးသည့်နောက် ဥတုသပ္ပာယမမျှတ အစဉ်အမြဲစိုထိုင်းလျက်ရှိပြီး အင်းဆက်ပိုးမွှားမျိုးစုံထူထပ်စွာ ပေါများလျက်ရှိသော လိုဏ်ဂူကြီးတစ်ခုအတွင်းခက်ထန်ကြမ်းတမ်းလှသော ဘဝခရီးကို ဖြတ်သန်းလျက်ရှိနေလေသည်။

Born to a German mother and Egyption father, Aja had lived a comfortable life with his mother in Switzerland, after his parents separated. "He held a german passport but never lived in Germany." She says.

၎င်းဘိက္ခုအရှင်သည် ဂျာမန်လူမျိုးမိခင်နှင့် အီဂျစ်လူမျိုး ဖခင်တို့မှ မွေးဖွားလာသော သားထူးသားမြတ်ဖြစ်သည်။ အာဂျာသည် ၎င်း၏ မိခင်နှင့်အတူတကွ ဆွစ်ဇာလန်နိုင်ငံတွင် ချမ်းသာပြည့်စုံစွာနေထိုင်ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ ကံမကောင်း အကြောင်းမလှသဖြင့် သူ၏ မိခင်နှင့် ဖခင်တို့အိမ်ထောင်ရေးအဆင်မပြေဖြစ်ကြရာမှ ကွဲကွာသွားခဲ့ကြပြီးသည့်နောက် "သူမှာ ဂျာမန်နိုင်ငံသားအဖြစ်နိုင်ငံကူးလက်မှတ်ရှိခဲ့ပေမယ့် ဂျာမနီသို့ သူဘယ်တော့မှ မရောက်ရှိခဲ့ဘူးပါ" ဟု ဆရာမကိုရာကသူလေ့လာသိရှိထားသလောက် ပြန်ပြောင်းပြောပြသည်။

Life took its usual course for Aja-he married twice, had children. "He was very fond of his grand-daughter." Says Cora explaining that many were the visits they paid him in the cave.

အာဂျာအတွက် ဘဝခရီးဖြတ်သန်းနေရမှုမှာ ထုံးစံဖြစ်လေ့ဖြစ်ထရှိသည့် လောကဓမ္မနိယာမအတိုင်း ကြွဲလည်လှည့်ပတ်ခဲ့ရပေသည်။ သူ၏ ဘဝ၌ အိမ်ထောင်နှစ်ကြိမ်ကျခဲ့လေသည်။ ထိုအိမ်ထောင်များနှင့် သားသမီးလည်းရခဲ့သည်။ "သူက သူ့ရဲ့ မြေးမလေးအပေါ်မှာ သံယောဇဉ်ကြီးကြီးနဲ့ အတော်ကို ချစ်ပုံရတယ်" ဟု ကိုရာက ထိုအရှင်သီတင်းသုံးတရားအားထုတ်လျက်ရှိရာ လိုဏ်ဂူသို့ သွားရောက်တွေ့ဆုံရာ၌ လေ့လာသိရှိခဲ့ရကြောင်းဖြင့် ပြောပြသည်။

Suddenly, as young people do, he decided to travel the world and came to Sri Lanka. Getting into the whirl of Colombo's social circuit, it was at a party that something happened and he decided, "that life was over."

စဉ်းစဉ်းစားစား ထိန်းထိန်းသိမ်းသိမ်းမရှိ အလျင်အမြန် ကမူးရှူးထိုးပြုမူလှုပ်ရှားတတ်ကြသည့် လူငယ် လူရွယ်တို့၏ အမူအကျင့်အတိုင်း သူသည်လည်း ကမ္ဘာပတ်၍ လှည့်လည်သွားရောက်ပြီးနောက် သီရိလင်္ကာနိုင်ငံသို့ သွားရောက်ရန် ဆုံးဖြတ်ဆောင်ရွက်လေသည်။ ဤသို့ဖြင့် ရှုတ်ထွေးလျက်ရှိသော ကိုလန်ဘိုမြို့ကြီး၏ ကွေ့ပတ်လိမ်ကောက်နေသည့် လူမှု အသိုင်းအဝန်းအတွင်း ဝင်ဆံ့ခဲ့ရလေသည်။ ယင်းလူမှု အဖွဲ့အစည်းအသိုင်းအဝန်းများအတွင်း၌ မည်သည့်အကြောင်းအကျိုးအကောင်းအဆိုးများနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ အရာရာတိုင်းကို ရင်ဆိုင်ရင်းဖြင့် "ဘဝကို ဖြတ်သန်းကုန်ဆုံးသွားခဲ့ရပြီ" ဖြစ်သည်။

He went to Kataragama, thinking he would become a swami and lived in a cave there, only to realize that the only path



<< The Bhikkhu's altar installation with skeleton

ဘိက္ခု သုမေဓာ အမြဲတမ်း ကမ္မဋ္ဌာန်းတရားအားထုတ်ရာ လိုဏ်ဂူအတွင်းမှ အရိုးစု ကမ္မဋ္ဌာန်းကောင်။

# ပဋိစ္စသမုပ္ပါဒ်နှင့် ဘဝအမြင်
# ကံဆန်းကြယ်လို့ ဘဝဆန်းကြယ်

ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ

**(ယခင်အပတ်မှအဆက်)**

"ဒီတော့ ဘဝဖြစ်စဉ် တစ်ခုလုံးကို နောက်ကွယ်က ကြိုးကိုင်နေတဲ့ ကံရဲ့အနေအထားကို လေ့လာကြည့်လိုက်တဲ့အခါ ကံဆိုတာ အလွန်အသိ ရခက်တယ်။ အလွန်ဆန်းကြယ်တယ်ဆိုတာ မသေချာဘူးလား"

"သေချာပါတယ်ဘုရား"

"ဘယ်လောက်အထိ ဆန်းကြယ်သလဲ ဆိုရင် ကံတစ်မျိုးတည်းဖြစ်နေတာတောင်မှ တစ်ချို့ကံက ပထမဇောကို အမှီရလိုက်တော့ ဒီဘဝမှာပဲ အကျိုးပေးလိုက်တယ်။ နောက်ဘဝအထိ မစောင့်ဘူး၊ ဒီလိုလဲရှိတယ်"

"ဟော- တချို့ကံက သတ္တမဇောကို အမှီရတော့ ဒုတိယဘဝမှာ အကျိုးပေးတယ်၊ ဘဝတစ်ခုနဲ့ တစ်ခု အပြောင်းအလဲကို သူက စီမံပေးတယ် ဆိုပါတော့။ တစ်ချို့ကံကျတော့လဲ အလယ်ဇောငါးချက်ကို မှီရတာမို့ ဟိုး-တတိယဘဝကနေ ဘဝဆက်တိုင်း ဆက်တိုင်း လိုက်ပြီးတော့ အကျိုးပေးနေတယ်။ ကံရဲ့အခန်းကဏ္ဍ မဆန်းကြယ်ဘူးလား"

"ဆန်းကြယ်ပါတယ်ဘုရား"

"ကံတွေ ဆန်းကြယ်သလောက် ဘဝဖြစ်စဉ်တွေကလည်း ဆန်းကြယ်တာပဲ၊ ဘဝဖြစ်စဉ်တွေ ဘယ်လောက်ထိ ဆန်းကြယ်သလဲဆိုရင် တစ်ခါတရံ ကောင်းကံက အကျိုးပေးမယ့်လုပ်တုန်း မကောင်းကံက ဝင်ရှုပ်လာရင် ကောင်းတဲ့အကျိုးပေးတွေ ပျောက်ပြီး မကောင်းတဲ့အကျိုးပေးတွေ ချက်ချင်းပေါ်ချင် ပေါ်လာတတ်တာ"

"မှန်လှပါဘုရား"

"မကောင်းကံရဲ့ အကျိုးပေးခံစားနေရချိန်မှာ ကောင်းကံလေးက လျှပ်တပြက်ဝင်လာလိုက်ရင်လဲ မမျှော်လင့်ဘဲ ကောင်းကျိုးတွေ အမှတ်မထင်ရောက်လာတတ်တာရှိတယ်"

"ဒါကြောင့် ဘဝဆိုတာ သစ်တောက်ငှက်ပျံသလိုပဲလို့ ပြောကြတာပေ့ါ"

"မှန်လှပါဘုရား"

"သစ်တောက်ငှက်ပျံရင် နိမ့်ချီမြင့်ချီ ပျံသလို ဘဝခရီးလျှောက်လှမ်းနေရတာလဲ နိမ့်ချီမြင့်ချီပါပဲ"

"လိုရင်းကတော့ ဘဝအနိမ့်အမြင့်ကို ကံက ဖန်တီးပေးနေတာဖြစ်လို့ ကံနိမ့်ရင် ဘဝနိမ့်မယ်၊ ကံမြင့်ရင် ဘဝမြင့်မယ်၊ ကံညံ့ရင် ဘဝညံ့မယ်၊ ကံကောင်းရင် ဘဝကောင်းမယ်၊ ကံရှုပ်ရင် ဘဝရှုပ်မယ်၊ ကံရှင်းရင် ဘဝရှင်းမယ်"

"လောကမှာ ပစ္စည်းချမ်းသာနေသူတွေရဲ့ ဘဝလဲ ရှုပ်ချင်ရှုပ်နေတာပဲ၊ ဆင်းရဲမွဲတေနေသူတွေရဲ့ ဘဝပေမယ့်လဲ ရှင်းချင်ရှင်းနေတာပဲ၊ ဘဝဖြစ်စဉ်တွေ ရှုပ်ခြင်း ရှင်းခြင်းဟာ ဘယ်သူ့ပေါ် မူတည်နေတုန်း"

"ကံပေါ်မှာ မူတည်နေပါတယ်ဘုရား"

"ဒီလို သဘောပေါက်ထားရမယ်၊ ဒီလိုမှ သဘောမပေါက်ရင် ဖြစ်ရပ်တစ်ခုကြုံတိုင်း သူ့လွှဲချ၊ ကိုယ့်လွှဲချ။ သူ့အပြစ်တင်၊ ကိုယ့်အပြစ်တင်နဲ့ တစ်သံသရာလုံး ရန်ငြိုးတွေပွား၊ အာဃာတတွေ ထားနေတဲ့ ဖြစ်ရပ်တွေလဲ ဇာတ်တော်များမှာ အထင်အရှားပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် **ဘဝမှာ ထူးခြားတဲ့ဖြစ်စဉ်တွေနဲ့ ကြုံတွေ့ရတိုင်း ပတ်ဝန်းကျင်ဆီ အတွေးမရောက်ပါနဲ့၊ ကိုယ့်ရဲ့ ကာယကံ၊ ဝစီကံ အထူးသဖြင့် မနောကံစိတ်စေတနာတွေကို ပြန်လည်သုံးသပ်ကြည့် ပါဦး။ အဲဒီလို သုံးသပ်ကြည့်ပြီးမှ ကိုယ်တစ်ယောက်တည်းကြိတ်ပြီး ကိုယ့်ပြဿနာကို မှန်ကန်တဲ့နည်းလမ်းနဲ့ အဖြေရှာကြည့်ပါ**"

"ဒါဆိုရင် ဘဝရဲ့ ပြဿနာရဲ့ အဖြေမှန်ရပြီး လွယ်ကူသွားမှာပါ။ သဘောပေါက်ရဲ့လား။

"ပေါက်ပါတယ်ဘုရား"

---

for him was the path of the Buddha.

သူသည် ကာတာရာဂါမသို့ ခရီးထွက်ခွာသွားရောက်ခဲ့ရာမှ ထိုနေရာ ထိုဒေသ၌ တရားဓမ္မကို ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်လျက်ရှိသော ဓမ္မယောဂီသူတော်စင် ဆွာမိကြီးတစ်ယောက်အလား ဂူအောင်း၍ ကျင့်ကြံအားထုတ်နိုင်မည်ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ချမှတ်တော်မူသော လမ်းကြောင်းမှန်အတိုင်း တသွေမတိမ်းလိုက်နာလျှောက်လှမ်းရင်းဖြင့် တစ်ခုတည်းသော အမှန်တရားတစ်ရပ် ဖြစ်ထွန်းပေါ်ထွက်လာမည်ဖြစ်ပေသည်။

Bhikkhu Sumedha was in touch with Venerable Nyanaponika- who was the Editor of the Buddhist Publication Society- in kandy and it was he who invited him to the Manapa Dassana Lena, earlier occupied by a German Bhukkhuni. That was where he lived for 26 long years until his passing away.

ဘိက္ခုသုမေဓာရှင်သည် ကန္ဒီမြို့ရှိ ဗုဒ္ဓဓမ္မစာပေထုတ်ဝေဖြန့်ချိရေး အသင်းကြီးမှ အယ်ဒီတာတစ်ဦးဖြစ်သော ဆရာတော်ဘဒ္ဒန္တဉာဏပုဏ္ဏိကနှင့် ဆက်သွယ်မိခဲ့လေသည်။ ကနဦးက ဂျာမန်သီလရှင်ဆရာကြီးတစ်ပါးပိုင်ဆိုင်ခဲ့သော မာနာပဒဿနလီနာသို့ ဘဒ္ဒန္တဉာဏပုဏ္ဏိကထံမှ ဖိတ်ကြားချက်ကြောင့် သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဉာဏပုဏ္ဏိကအရှင်နှင့်တွေ့ဆုံခဲ့ကြမှုကြောင့် ဘိက္ခုသုမေဓာသည် နောက်ဆုံးပျံလွန်တော်မူသည့်နေ့အထိ ၂၆ နှစ်တာ ကာလပတ်လုံး သီရိလင်္ကာ၌သီတင်းသုံး၍ တရားဓမ္မများအားထုတ်သွားခဲ့ခြင်းဖြစ်လေသည်။

The one and only meeting Cora had with Bhikkhu Sumedha is vivid in her mind.

She was painting in Galle when Richard called her and said that he had received a message that the monk who was very ill had left hospital saying that he had certain things to do.

တစ်ကြိမ်တည်းတစ်ခါတည်းသာ တွေ့ဆုံခဲ့ရသော အနုပညာရှင်ဆရာမကိုရာ၏အဖို့အရာ ဘိက္ခုသုမေဓာနှင့်စပ်လျဉ်းသမျှဖြစ်စဉ် ထုပ္ပတ္တိ အကြောင်းရပ်များသည် သူမ၏စိတ်ထဲ၌အလွန်ကြည်လင်ပီပြင်သောပုံရိပ်များအဖြစ် ထာဝရရှင်သန်ထင်ဟတ်နေခဲ့ရပြီဖြစ်သည်။

ဆရာမကိုရာတစ်ယောက် ပြခန်းမကြီးတစ်ဆောင်ထဲ၌ ပန်းချီကားများ ရေးဆွဲလျက်ရှိနေစဉ်တွင် ခင်ပွန်းသည်ရစ်ချတ်က သူမအားခေါ်ပြီးနောက် ရဟန်းတော်ဘိက္ခုသုမေဓာ လွန်စွာမမာမကျန်းဖြစ်တော်မူသဖြင့် ဆေးရုံသို့ ရုတ်တရက်တင်လိုက်ရကြောင်းဖြင့် သီရိလင်္ကာမှာ သတင်းပို့ချက်တစ်ရပ် လက်ခံရရှိသဖြင့် သီရိလင်္ကာသို့ အမြန်ဆုံးလိုက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်ဆိုသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဝီရသန္တာ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ**
**ဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ဥပါဒါန်ကြောင့် ကံဖြစ်**

အဲဒီကံတွေ ဘာကြောင့် ဒီလိုဆန်းကြယ်နေရပါလိမ့်လို့ မေးမယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်တရားတော်က အဖြေရှာပြထားပါတယ်။ ဥပါဒါနပစ္စယာ ဘဝေါတဲ့၊ ဥပါဒါန်တွေ ဆန်းကြယ်လို့ ကမ္မဘဝဆိုတဲ့ ကံတွေ ဆန်းကြယ်တာပါတဲ့"

"ကံမတူတာ ဘာမတူလို့ပါလိမ့်"

"ဥပါဒါန်မတူလို့ပါဘုရား"

"ကံလို့သာ လွယ်လွယ်ပြောတာနော်၊ အမှန်ကတော့ ကံဆိုတာ နေ့စဉ်ပြုမူလုပ်ဆောင်နေတာတွေ၊ ပြောဆိုနေတာတွေ၊ တွေးတောကြံစည်နေတာတွေ၊ ဒါတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အလုပ်လုပ်တဲ့အခါ အချို့က သူ့ဘက်ကိုယ့်ဘက် မျှမျှတတကြည့်ပြီး လုပ်တယ်၊ အချို့က ဘယ်သူသေသေ ငတေမာရင်ပြီးရော၊ ကိုယ့်အတွက်ပဲ ကြည့်တယ်၊ မတူဘူး၊ တချို့က ကြမ်းကြမ်းတမ်းတမ်း ပြောတယ်၊ တချို့က သိမ်သိမ်မွေ့မွေ့ ပြောတယ်၊ တူကြရဲ့လား"

"မတူပါဘုရား"

"ဟော- မနောကံနဲ့ ပတ်သက်လို့ တွေးပုံကြံပုံ ယူဆပုံချင်းကလဲ မတူပြန်ဘူး။ ဒီလိုမတူတာ ဘာကြောင့်ပါလိမ့်လို့ အဖြေရှာကြည့်တော့ ဥပါဒါန်မတူလို့ ကံမတူတာပါတဲ့၊ ဘာမတူလို့ပါလိမ့်"

"ဥပါဒါန်မတူလို့ပါဘုရား"

"ဥပါဒါန်ဆိုတာ ဘာတဲ့လဲ"

"စွဲလန်းမှုပါဘုရား"

"အစွဲအလန်းတွေက အမျိုးမျိုးရှိတယ်၊ ကာမုပါဒါန်ဆိုရင် အကြိုက်စွဲ၊ ဒိဋ္ဌုပါဒါန်ဆိုတာက အယူစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ သီလဗ္ဗတုပါဒါန်ကျတော့ အကျင့်စွဲ၊ အတ္တဝါဒုပါဒါန်က ငါစွဲ"

"တစ်နည်းအားဖြင့် ပြောကြပါစို့ဆိုတော့ ကာမုပါဒါန်ဆိုတာ အာရုံခံစားမှုအပေါ် စွဲလန်းနေတာ၊ ဒိဋ္ဌုပါဒါန်ဆိုတာ အယူအဆအပေါ်မှာ စွဲလန်းနေတာ၊ သီလဗ္ဗတုပါဒါန်ဆိုတာ လုပ်နေကျအလုပ်အပေါ်မှာ စွဲလန်းနေတာ၊ မြင်နေကျလို့ စွဲလန်းနေတာ၊ ကြားနေရလို့ စွဲလန်းနေတာ၊ စားနေကျလို့ စွဲလန်းနေတာ စတာတွေဟာလဲ သီလဗ္ဗတုပါဒါန်ပါပဲ၊ အတ္တဝါဒုပါဒါန်ဆိုတာ နေရာတကာ တငါငါနဲ့ ငါကို ရှေ့တန်းတင်ပြီး စွဲလန်းနေတာ"

"အချုပ်ကတော့ ဒါတွေဟာ တဏှာစွဲနဲ့ ဒိဋ္ဌိစွဲပါပဲ"

"မှန်လှပါဘုရား"

"ပြု၊ ပြော၊ ကြံဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကိစ္စတွေဟာ ဒီအစွဲအလန်းတွေအပေါ် အခြေခံပြီး ဖြစ်လာတာပါ"

"လူမှုရေး၊ စီးပွားရေး၊ ရပ်ရေး၊ ရွာရေး၊ နိုင်ငံရေးကိစ္စတွေသာမကပါဘူး ကုသိုလ်ရေးမှာတောင် ဒီအစွဲအလန်းတွေက ပါလာတတ်သေးတယ်"

Also, **"bhava paccayã jãti"**- through the process of volitional acts is conditioned rebirth. This proposition teaches that through the wholesome and unwholesome kamma process (kamma-bhava) is conditioned the rebirth- process (upapatti-bhava).

By kamma is meant not only actions in a past life, but past actions in this persent life, and even actions in lives before the previous life. A person will do a great many deeds in a lifetime. Good or wholesome deeds, motivated by goodwill, compassion, faith, wisdom or knowledge, duty; and bad or unwholesome deeds motivated by desire, greed, anger, fear, anvy, pride, selfish interest, and so on. There will be deeds done with great enthusiasm, or deeds done half-heartedly, or without interest. There will be deeds done with mindfulness, and deeds done in a careless or automatic way. People may appear to be carrying out similar actions, such as praying at the pagoda, or giving alms or donations, or cooking a meal, or speaking to friends, but what cannot be seen or guessed at will be their inner thoughts. Their outward actions may look the same, but their states of mind will vary greatly And in all these acts, it is volition or "cetanã" which is of great importance; "cetanã", which is unseen, unknown to others, and varying greatly from one person to another. In any one situation, there is a great variety and complexity of acts being carried out by many people, each with different states of mind. Even within just one person, state of mind is extermely complex, varying constantly, not just from hour to hour, but even from one moment to another. Even in the act of worship, in the calm of the early morning, many people are unable to maintain concentration and mindfulness, but vagrant thoughts must flit constantly acros their minds. Having come into a new existence, as we have stated previously, past kamma will bear fruit when the time and conditions are appropriate. There is no escaping kamma, although the interplay of kamma is so complex that weak kamma may be replaced or cancelled by stronger opposing kamma, or strengthened by similar kamma. Thus, a person may be enjoying a period of great comfort or success in life due to past wholesome kamma being in effect, when suddenly, counter-active or opposing kamma may come into play, bringing illness, or material loss. On the other hand, a person leading a rather miserly existence dut to past unwholesome kamma may unexpectedly find life taking a turn for the better as past wholesome kamma come into effect.

---

**စာမျက်နှာ ၁၉ မှ**

စားမှု၊ ကာမဂုဏ်ခံစား ပျော်ပါးမှု ဆိုတဲ့တရားသုံးပါး ဖုံးလွှမ်းထားခြင်းခံရသော သူသည် မိုးကိုကျော်ခိုင်း ယိုင်းစိုင်းဖီလာ၊ သွားလာရရှာသော ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက် စသော တိရစ္ဆာန်တို့၏ နေရာဘုံဘဝကို ဧကန်မုချရောက်ကြရ ဖြစ်ကြရတယ်တဲ့။

မောဟတရားကြောင့် တိရစ္ဆာန်ဘုံမှာ ဖြစ်ကြရတယ်ဆိုတော့ မောဟတရားမရှိလျှင်။ (ဝါ) အမောဟတရား ဖြစ်ပွားခဲ့လျှင် တိရစ္ဆာန်ဘုံသို့ မရောက်နိုင်တော့ဘူးဆိုတာလဲ အပြန်အားဖြင့် ထင်ရှားစွာ သိနိုင်တယ်နော်။ (ဒကာကြီးဦးစိန်ရဲ့) မိန်းမနှစ်ယောက် တစ်လမ်းတည်းအတူ လျှောက်ကာသွား နေစဉ် "ရှေ့ကမိန်းကလေးက ချောမောလှပတယ်" ဟု ဆိုလျှင် နောက်က မိန်းကလေးကတော့ မလှဘူးလို့ မဆိုသော်လဲ ဆိုဘိသကဲ့သို့ အလိုလိုပြီးတဲ့ အဝုတ္တသိဒ္ဓိနည်းတဲ့၊ (ဒကာကြီးဦးစိန်ရဲ့) ဒီအကြောင်းကို ထင်ရှားအောင် အဋ္ဌကထာဆရာကြီးက-

**မောဟ အမောဟ သဘာဝချင်းရာ မတူပါ**

အမောဟေန တိရစ္ဆာနယောနိယံ နိဗ္ဗတ္တိ န ဟောတိ။ မောဟဿ ပဋိပက္ခော စ အမောဟော။

(အဘိဓမ္မ၊ ဋ္ဌ၊ ပ၊ ၁၇၂)


ဟု သေချာစွာ ဖွင့်ပြထားပါသေးတယ်။

အမောဟေန၊ တွေဝေမရှိ အသိမှန်ငြား အမောဟတရားဖြင့်။ ဝါ၊ အမောဟ တရားကြောင့်၊ တိရစ္ဆာနယောနိယံ၊ မိုးကိုကျော်ခိုင်း ရိုင်းစိုင်းသွား တတ် အမြတ်အကြံတိရစ္ဆာန်မျိုး၌။ (ဝါ) တိရစ္ဆာန်ဘုံ၌၊ နိဗ္ဗတ္တိ၊ ပဋိသန္ဓေ တည်နေစင်စစ် ဖြစ်ရခြင်းသည်၊ န ဟောတိ၊ စိတ်သာချတော့ ဒိဋ္ဌပုံသေ၊ မဖြစ်ပါပေ၊ အမောဟော၊ တွေဝေမရှိအသိမှန်ငြား အမောတရားသည်၊ မောဟဿ စ၊ အသိမိုက်မှား မောဟတရား၏လည်း။ ပဋိပက္ခော၊ မမှန်ကြောင်း ပြောင်းပြန်ဆန့်ကျင်သည်။ ဟောတိ၊ သဘာဝအတိုင်း မဆုတ်ဆိုင်းဘဲ ဟုတ်တိုင်း မသွေ ဖြစ်ရလေတော့သတည်း။

**(ဆက်လက်ဖော်ပြပါမည်)**

# သူတော်ကောင်းတို့အလှူပေးနည်း (၈)

အရှင်သီလာစာရ(ပဲခူး)
မြို့ဦးတောရစာသင်တိုက်(ဖားကန့်)



(ယခင်အပတ်မှအဆက်)

ဒါနဟူသည် လုပ်သင့်သောတရား၊ လုပ်ထိုက်သောတရားဟု ယုံကြည်ချက်အပြည့်အဝဖြင့် လှူခြင်းမျိုးတည်း။ ထိုသို့ ယုံကြည်ချက်အပြည့်အဝဖြင့် လှူခြင်းကြောင့် ရအပ်သောအကျိုးများကား အောက်ပါအတိုင်း ဖြစ်ပေသည် -

### သဒ္ဓါဒါန၏အကျိုးရင်း

ယုံကြည်ချက်အပြည့်အဝဖြင့် လှူခြင်းကြောင့် ဖြစ်လေရာဘဝတိုင်း၌ ချမ်းသာကြွယ်ဝခြင်း၊ အတွင်းအပြင်အသုံးအဆောင်များနှင့် ပြည့်စုံခြင်း၊ မြေဝယ်မြှုပ်ထားများသောဥစ္စာရှိနိုင်ခြင်း၊ တွင်းပသုံးဆောင်များမြောင်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း (ဝတ်စရာ၊ စားစရာ၊ သောက်စရာနှင့် ပြည့်စုံခြင်း၊ စီးစရာဖိနပ်၊ မော်တော်ကား၊ ထီး စသည်နှင့် ပြည့်စုံခြင်း)ဟူသော အကျိုးများရရှိနိုင်ပေသည်၊ ဤကားအကျိုးရင်တည်း။

**သဒ္ဓါယ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ**

**ယတ္ထ ယတ္ထ တဿဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဎောဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊**

### သဒ္ဓါဒါန၏ အကျိုးဆက်

ကြည်လင်သော သဒ္ဓါ(ကုသိုလ်) စိတ်နှင့် လှူဒါန်းပေးကမ်းခဲ့သောကြောင့် ဖြစ်လေရာဘဝတိုင်းတွင် ရုပ်ဆင်းအင်္ဂါလှပခြင်း၊ ကြည့်ရှုဖွယ်ကောင်းခြင်း၊ ကြည့်လို့မဝခြင်း၊ အရွယ်၊ အရပ်အလုံးကိုယ်နေ ကိုယ်ဟန်ပုံသဏ္ဌာန်ကောင်းမွန်လှပခြင်းဟူသော အကျိုးဆက်များရရှိ နိုင်ပေသည်။

**အဘိရူပေါဟောတိ ဒဿနိယော ပါသာဒိကော ပရမာယ ဝဏ္ဏပေါက္ခရတာ သမန္နာဂတော၊**

### ၁၊ အသဒ္ဓါဒါန၏အကျိုး

ယုံကြည်ချက်(သဒ္ဓါ) မပါဘဲ လှူခဲ့သော ပုဂ္ဂိုလ်ကား ဖြစ်လေရာဘဝတိုင်း၌ ဒါနကုသိုလ်ကြောင့် ချမ်းသာကြွယ်ဝမှုကားရှိပေသည်၊ သို့သော် ရုပ်ဆင်း ဥပဓိကညံ့သည်၊ မျက်နှာကလည်း ကြည်လင်လှပမှုမရှိ၊ ခန္ဓာကိုယ်ကလည်း ပုံပန်းမကျ၊ သူ့ကိုမြင်လိုက်ရလျှင် နောက်ထပ်တစ်ခါ မကြည့်ချင်တော့၊ အရုပ်ဆိုး အကျည်းတန် အော့ကျောလန် ဖြစ်ပေတော့သည်။ "ရုပ်ရေညံ့လိုက်ပုံက ဘုတ် တစ္ဆေတောင်လန့်လောက်ပါပေရဲ့"ဟူသော စကားအတိုင်းဖြစ်ပေသည်။

### ပျက်အစဦ ပြင်ခဏ

အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်းရာ၌ ယုံကြည်ချက်အပြည့်အဝထားပြီး ပြုသင့်ကြပေသည်၊ ရှေးယခင်က နမော်နမဲ့ အမှတ်တမဲ့ပြုလာလျှင်လည်း ဤစာကိုဖတ်မိသော ယခု အချိန်ကစပြီး အချိုးပြောင်းသင့်ကြပေသည်၊ သို့မှသာလျှင် ကောင်းမြတ်သောအကျိုးရင်း အကျိုးဆက်တွေ ရရှိနိုင်မည်ဖြစ်ပေသည်၊ အမှားပြုပြင်ခြင်းသည် မည်သည့် အခါမှ နှောင်းသည်မရှိပါ၊ ပျက်အစဉ်ပြင်ခဏပါတည်း။

### ၂။ သက္ကစ္စဒါန–

သက္ကစ္စံဒါနံဒေတိ= အလှူဝတ္ထုပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်ကို အရိုအသေပေး၍လှူခြင်း၊ သာမဏေငယ်လေးပင်ဖြစ်စေကာမူ မရိုမသေ မလေးမစား မပြုလုပ်သင့်၊ အမှတ်တမဲ့ ရော့၊ အင့် ဟု ပစ်မပေးသင့်၊ "အော်သူက အလှူခံ၊ ငါက မင်္ဂဖိုလ်နိဗ္ဗာန်အတွက်နဲ့ (သူ့ကို အလှူခံပုဂ္ဂိုလ်အဖြစ်ထားပြီး) ပစ္စည်းရှာတာ၊ အလှူခံဖြစ်တဲ့ ဒီကိုရင်လေးဟာ ငါ့ထက်သီလ သမာဓိ ပညာသာတယ်၊ သူက ဘုရားအဝတ် ဝတ်ထားတယ်"၊ ထိုကဲ့သို့ အာရုံပြု၍ သာမဏေငယ်လေးပင်ဖြစ်စေကာမူ အရိုအသေပေး၍ လှူရမည်၊ အချို့သော ဆရာတော်ကြီး တွေသည် သင်္ကန်းစသည်စွန့်တာတောင်မှ သာမဏေငယ်လေးကို နေရာတွင် သေချာစွာ ထိုင်စေပြီးမှ သင်္ကန်းကို လက်ကန့်တော့ထိုးကာ လက်နှစ်ဖက်ဖြင့် လှူရန် သင်္ကန်းကိုကိုင်လျက် သေချာစွာ(ရိုရိုသေသေ) ပေးလှူတော်မူကြလေသည်၊ အတုယူဖွယ်ကောင်းလေစွ၊ လှူဖွယ်ဝတ္ထုနှင့်ပတ်သက်၍လည်း (ဆွမ်းတစ်ဇွန်း လောက် လောင်းစေကာမူ) ဖြစ်သလို မပြုလုပ်ရပေ၊ ဆွမ်းဇလုံကို သပ်သပ်ရပ်ရပ်ဆေးကြောပြီးမှ လောင်းလှူသင့်ပေသည်၊ သန့်ရှင်းသောပန်းကန်စသည်ဖြင့်သာ ဘုရားရှင်ကို ဆက်ကပ်လှူဒါန်းသင့်ပေသည်။

### သက္ကစ္စဒါန အကျိုးရင်း

စွန့်ကြဲပေးကမ်း လှူဒါန်းမှုကိုပြုသောကြောင့် ဖြစ်လေရာဘဝတွင် ပစ္စည်းဥစ္စာပေါများပေသည်။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသော မိဘဝမ်းထဲတွင် လူဖြစ်ရပေသည်။ ဤကား (ရိုသေစွာလှူသည်ဖြစ်စေ၊ မလှူသည် ဖြစ်စေ) ရနိုင်သော ဒါနအကျိုးရင်းဖြစ်ပေသည်။

### သက္ကစ္စဒါန အကျိုးဆက်

အလှူခံပုဂ္ဂိုလ်အပေါ်၌လည်းကောင်း၊ လှူဖွယ် ဝတ္ထုပစ္စည်းစုအပေါ်၌လည်းကောင်း ရိုသေစွာပေးလှူခဲ့ခြင်းကြောင့်ဖြစ်လေရာ ဘဝတိုင်း၌ အခြွေရံပေါများတတ်ပေသည်။ သားသမီး၊ မြေးမြစ်၊ တူ၊ တူမ၊ လုပ်ကိုင်ပေးသူ စသည်အားဖြင့် ပေါများတတ်ပေသည်။ ပေါများရုံသာ မကသေး ဩဇာလည်းညောင်းပေသည်၊ သူ့စကားကို အားလုံး နားထောင်ကြသည်၊ လိုက်နာကြသည်။ ထိုကဲ့သို့ စကားလိုက်နာသော သားသမီး စသူတို့နှင့် တွေ့ရသည်။ လေးစားရိုသေစွာမပြုလုပ်သော အသက္ကစ္စဒါနသမား ဖြစ်လျှင် ပစ္စည်းဥစ္စာကား ပေါများပေသည်၊ အခြွေရံ

လုံးဝမရှိ၊ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်တတ်ပေသည်၊ ဆေးပေးမီးယူပင် ပြုလုပ်ပေးသူမရှိ၊ ကိုယ်တိုင် ထမင်းချက် ရေခပ်ရနှင့် ဆင်းရဲဒုက္ခရောက်တတ်ပေသည်။

### ၃။ ကာလဒါန–

ကာလေန ဒါနံ ဒေတိ "သင့်လျော်သော အချိန်" အလှူခံပုဂ္ဂိုလ်အား လိုနေသောပစ္စည်းကို ပေးလှူခြင်း၊ တစ်နည်း ဦးဦးဖျားဖျားပေါ်စအချိန်၌ ပေးလှူခြင်း၊ လိုနေသောအချိန်၊ လိုနေသောပုဂ္ဂိုလ်အား လိုနေသောပစ္စည်းပေးလှူခြင်းမျိုးကို ကာလဒါနဟု ခေါ်ဆိုပေသည်။ လယ်ယာလုပ်ကိုင်သူဖြစ်လျှင်လည်း မိမိလယ်ယာက ပေါ်ဦးပေါ်စ ကောက်၊ ပဲ၊ စပါး စသည်ကို လှူခြင်းမျိုးကိုလည်း ကာလဒါနခေါ်ပေသည်၊ ဦးဦးဖျားဖျားသီးသော သစ်သီး၊ ဦးဦးဖျားဖျားပွင့်သော ပန်းပွင့်၊ အညွန့် စသည် လှူခြင်းမျိုးသည်လည်း ကာလဒါန၌ အကျုံးဝင်ပေသည်၊ ဝန်ထမ်းဖြစ်လျှင်လည်း ဦးဦးဖျားဖျားရသော လစာထဲက လှူခြင်းမျိုးလည်း ကာလဒါနပင်။ ထိုကာလဒါနကိုပင် ဘုရားရှင်က ငါးမျိုးခွဲကာ ဟောတော်မူထားပေသည်။ ယင်းငါးမျိုးကာ အောက်ပါအတိုင်းဖြစ်ပေသည် -

(၁) အာဂန္တုကဿ ဒါနံ ဒေတိ- ဧည့်သည်အား ကျွေးမွေးလှူဒါန်းခြင်း၊

(၂) ဂိလာနဿ ဒါနံ ဒေတိ- မကျန်းမာသူအား အလှူပေးခြင်း၊

(၃) ဂမိကဿ ဒါနံ ဒေတိ- ခရီးသွားမည့် ပုဂ္ဂိုလ်အား အလှူပေးခြင်း၊

(၄) ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ-အစာရေစာငတ်မွတ်ခေါင်းပါးသောအခါ၌ အလှူပေးခြင်း၊

(၅) ယာနိ တာနိ နဝသဿာနိ နဝဖလာနိ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ၊

မိမိလုပ်လိုက်သော လယ်ယာထဲက ကောက် ဦးပေါ်သောအချိန် အလှူပေးခြင်း၊ မိမိပြုလုပ်သော အလုပ်က ပထမဦးဆုံးထွက်ပေါ်လာသော ပစ္စည်းကိုလှူခြင်း၊ မိမိရမည့် လစာရိက္ခာမှ ပထမဦးဆုံးရလာသော လစာရိက္ခာကို ပေးလှူခြင်း၊ ထိုသို့လှူရာ၌ ကိုယ်ကျင့် သီလကောင်းမွန်သော ပုဂ္ဂိုလ်များအား ပေးလှူခြင်းများတည်း၊ ဤသို့လျှင် ကာလဒါနငါးမျိုးရှိပေသည်။

### ကာလဒါန အကျိုးရင်း

စွန့်ကြဲပေးကမ်းလှူဒါန်းမှုကိုပြုသောကြောင့် ဖြစ်လေရာဘဝတိုင်း၌ ပစ္စည်းဥစ္စာပေါ်များခြင်း၊ ချမ်းသာ ကြွယ်ဝသော မိဘဝမ်း၌ ပဋိသန္ဓေတည်နေရခြင်း၊ ချမ်းသာကြွယ်ဝသော ဆွေမျိုးတို့အလယ် လူဖြစ်ရခြင်း ဟူသော အကျိုးတရားများရရှိနိုင်ပေသည်။

### ကာလဒါနအကျိုးဆက်

မိမိအလိုရှိသောပစ္စည်းဥစ္စာ၊ အသုံးအဆောင် များ ဦးဦးဖျားဖျား ရလေ့ရှိပေသည်၊ လိုသောပစ္စည်းကို လိုသောအချိန်တွင် ရတတ်ပေသည်။ လူ့ဘဝ၌ ဖြစ်တတ်သည်ကား မိမိက အေးသောအစာကို စားချင်စိတ်ရှိသော်လည်း မိမိအလိုဆန္ဒအတိုင်း မပြည့်တတ်၊ ပူနွေးသော အစာကို ရတတ်ပြန်ပေသည်၊ ပူနွေးသောအစာကို စားချင်ပြန်သော်လည်း အေးသောအစာများကို ရနေတတ်သည်၊ တစ်ခါတစ်ရံလိုသောပစ္စည်းက မလိုသော အချိန်ကျမှ ရချင်ရတတ်သည်၊ ကာလဒါနသမားကား ထိုသို့မဟုတ်၊ လိုသောပစ္စည်းကို လိုသောအချိန်မှာ ရတတ်ပေသည်၊ အားကိုးထိုက်သောဒါနကောင်းမှုမျိုး ဖြစ်ပေသည်။

### အားရပါးရ ကာလဒါနပြုသူ

ရှေးအခါက ဗာရာဏသီပြည်တွင် ညီအစ်ကို နှစ်ယောက် လယ်လုပ်ကြသည်။ ကဿပဘုရားရှင် လက်ထက်ကဖြစ်ပေသည်။ အစ်ကိုကြီးက မဟာကာလ၊ ညီငယ်က စူဠကာလ၊ ညီအစ်ကိုနှစ်ယောက် တစ်အိုးတည်း စားဖြစ်ပြီး စီးပွားမခွဲကြပေ။ ကိုယ့်မိသားစုနဲ့ကိုယ် ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနေကြသည်။ လယ်တွေ စိုက်ပျိုးထားရင်းက ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းကျော်ကျော်လောက် ရောက်သောအခါ ညီငယ်က တောကိုသွားကြည့်ရင်း စပါးလုံးလေးတွေ နို့ရည်ခဲပြီးနေသည်ကို မြင်ခဲ့ရသဖြင့် "နို့ရည်တည်နေသောဆန်စပါးတို့ကို နို့ရည်၊ သကြားတို့နှင့်ရောကျိုပြီး လျှင် ဘုရားရှင်အမှူးပြုသော သံဃာတော်အရှင်မြတ် တို့ကို ဆက်ကပ်လှူဒါန်းရလျှင်ကောင်းလေစွ"ဟု အကြံ ဖြစ်ပေါ်ခဲ့လေသည်။ ထိုသို့အကြံပေါ်သည့်အတိုင်း ကောက်စပါးတို့ကို တစ်ဆုပ်လောက်နုတ်ယူလာပြီးလျှင် "အစ်ကိုကြီးရေ စပါးလေးတွေက ခုအချိန်ချိုလိုက်တာ လွန်ပါရော၊ ဘုရားရှင်နှင့် သံဃာတော်တို့ကို ကောက်ဦး လှူရရင်မကောင်းဘူးလား"ဟု တိုင်ပင်လေတော့သည်။

အစ်ကိုကြီးဖြစ်သူက "မင်းကရှုတ်လိုက်တာကွာ၊ လယ်တွေ ပျက်ကုန်မှာပေါ့ မလုပ်ပါနှင့်"ဟု တားမြစ် သော်လည်း ညီငယ်က လုံးဝ လက်မခံ။ ထို့ကြောင့်လယ်မြေကို တစ်ဝက်စီခွဲယူလိုက်ကြလေတော့သည်။ အစ်ကိုကြီးဖြစ်သူက "လယ်တစ်ဝက်ခွဲပြီး မင်းဟာမင်း အကုန်လှူလှူ၊ သွန်လှူလှူ၊ မှောက်လှူလှူ"ဟု ညီငယ်အား ပြောလိုက်သေး၏။ မလှူဘဲ မနေနိုင်သော ညီငယ်က နို့ရည်ခဲသောအချိန်မှာလည်း လှူ၏၊ စပါးပေါ်စအခါ မှာလည်း ပေါ်ဦးအလှူပြုလုပ်၏၊ စပါးတွေနယ်သော အခါမှာလည်း နယ်ဦးအလှူပြုလုပ်၏၊ စပါးကျည်ထဲသွင်းသောအခါမှာလည်း ကျည်ဦးအလှူ၊ စပါးတွေကြိတ်သော အခါမှာလည်း ကြိတ်ဦးအလှူအားဖြင့် ဦးဦးဖျားဖျားချည်း "အားရပါးရ ကာလဒါန" ပြုလုပ်လေတော့သည်။

### အလှူဒါနပြုရာ၌ ကွာခြားချက်


အစ်ကိုကြီးဖြစ်သူ မဟာကာလကား ကောက်စပါးတွေ အားလုံးရိတ်သိမ်းပြီးသောအခါ တစ်ကြိမ်တစ်ခါတော့ လှူပေသည်။ **ဂေါတမဘုရားရှင်လက်ထက် ရောက်လာသောအခါ ဦးဦးဖျားဖျား လှူဒါန်းလေ့ရှိသော ညီငယ်က ပဉ္စဝဂ္ဂီငါးဦးတွင် အကြီးဆုံးဖြစ်သော ကောဏ္ဍည မထေရ်အဖြစ်ဖြင့် ဓမ္မစကြာတရားတော်ကို အစောဆုံးနာကြားလျက်(တရားဦးရ) သောတာပန်ဖြစ်တော်မူရပေသည်။ နောက်ဆုံးမှ လှူဒါန်းသော အစ်ကိုကြီးကာ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးမှ ကျွတ်တန်းဝင် ရဟန္တာဖြစ်ရသော သုဘဒ္ဒ ရဟန်းကြီး ဖြစ်လာရပေသည်၊ ကာလဒါနသမားကား အစောကြီး ဘုရားရှင်နှင့် တွေ့ပြီး သူရချင်သောတရားထူးကိုရကာ အစောကြီး ကျွတ်တန်းဝင်သွားပေသည်။** နောက်ဆုံးမှလှူရသော အစ်ကိုကြီးက နောက်မှပဲ တရားထူးရ၊ ကျွတ်တန်းဝင်ရပေသည်။ နောက်မှ လှူလိုက် ရလို့တော်သေး၏၊ လှူတောင်မလှူလိုက်ရလျှင် ဘယ်သောအခါမှ ကျွတ်တန်းဝင်ရမည်ကို မည်သူမှမပြောနိုင်တော့ချေ။ ထို့ကြောင့် စွန့်ကြဲ ပေးကမ်းလှူဒါန်းတာချင်း တူစေဦးတော့၊ ဖြစ်နိုင်ပါက "ကာလဒါန" မျိုးကိုလည်း (အချိန်ရှိခိုက်လုံ့လစိုက်လျက်) မလွဲမသွေ ပြုကျင့်ထိုက်ပေတော့သည်။

(ဆက်လက်ဖော်ပြပါမည်။)

အရှင်သီလာစာရ(ပဲခူး)

# မြတ်ဗုဒ္ဓ၏ အလုပ်အကျွေး အရှင်အာနန္ဒာ

မြင့်သိန်း(မော်ကျွန်း)



### ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ရန် အရှင်အာနန္ဒာ ဆုပန်ခြင်း

လက်ရှိကမ္ဘာမှ နောက်ကြောင်းပြန်သော် ကမ္ဘာတစ်သိန်းအထက်၌ လောကတွင် 'ပဒုမုတ္တရ' ဘုရားရှင် ပွင့်တော်မူခဲ့ပါသည်။ ထိုဘုရားရှင်သည် 'ဟံသာဝတီ' မင်းနေပြည်မှ 'ဘုရင်အာနန္ဒာ' နှင့် 'မိဖုရားကြီးသုဇာတာ' တို့၏ သားဖြစ်တော်မူပါသည်။ အရှင်အာနန္ဒာအလောင်းအလျာသည် ထိုဘုရားရှင်၏ ဖတူမိကွဲညီတော်၊ 'သုမန' အမည်ရှိမင်းသားဖြစ်ပါသည်။ ထိုဘုရားရှင်၏ အလုပ်အကျွေးရဟန်းတော်အရှင် 'သုမန' ကို မင်းသားသုမနက အလွန်အမင်းပင်အထင်ကြီးလေးစားပြီး ထိုအရှင်ကို အားကျလျက်နောင်အနာဂတ်ကာလ တစ်ချိန်ချိန်၌ ပွင့်တော်မူမည့် ဘုရားရှင်၏ အလုပ်အကျွေးရဟန်းတစ်ပါး ဖြစ်ရပါလိုကြောင်းဖြင့် ပဒုမုတ္တရာဘုရားရှင်ထံတော်ပါး၌ လေးနက်တည်ကြည်စွာ ဆုပန်လိုက်လေသည်။ ပဒုမုတ္တရာဘုရားရှင်က နောက်လာမည့် ကမ္ဘာတစ်သိန်းအထက်၌ 'ဂေါတမ' ဘုရားရှင်၏ သာသနာတော်တွင် မင်းသား၏ ဆုပန်ဆင်မှုသည် ပြည့်စုံပြီးမြောက်လာလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။

6. Ananda's aspiration to be a personal attendant of the Buddha

Going back in time over a hundred thousand world cycles from the present world cycle there arose in the world 'Padumuttara Buddha'. He was the son of 'Kind Ananda' and 'Queen Sujata' of the city of 'Hamsavati'. Future Ānanda was his younger half-brother by the name of 'Prince Su mana'. The Prince Sumana had been extremely impressed by the Buddha's personal attendant bhikkhu named 'Sumana' and emulating him, made a solemn wish in the presence of the Buddha of some future period. The Buddha predicted that his aspiration would come to fulfillment during the Dispensation of Buddha 'Gotama' , one hundred thousand aeons in the future.

သုမနမင်းသား ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်တွင်း၌ ကုသိုလ်အမှုတို့ကို ပြုလုပ်ဆောင်ရွက်ရင်း နှစ်ပေါင်း တစ်သိန်းကုန်လွန်ခဲ့ပါသည်။ 'ကဿပ' ဘုရားရှင်လက်ထက်တွင် ဆွမ်းခံကြွလာတော်မူသော ရဟန်းတော်တစ်ပါးအား သပိတ်တင်ရန် သပိတ်ခြေအဖြစ် အသုံးပြုရန်အတွက် သူ၏ ဝတ်ရုံကို လှူဒါန်းခဲ့ပါသည်။ ထိုသူသည် 'ဗာရာဏသီ' ပြည်တွင် ဘုရင်ဖြစ်လေသော် 'ဂန္ဓမာဒန' တောင်('စူဠကာဠ'၊ 'မဟာကာဠ'၊ 'ဟိမဝါ' စသော တောင်စဉ်ခုနစ်ထပ်ဝိုင်းပတ်ကာရံထားသောတောင်ဖြစ်၏။ 'အနောတတ္တ' အိုင်ကိုဝိုင်းပတ်ကာရံနေသော တောင်စဉ်ငါးခုဖြစ်သည့် 'သုဒဿနကူဋ'၊ 'စိတြကူဋ'၊ 'ကာဠကူဋ'၊ 'ကေလာသ' နှင့် 'ဂန္ဓမာဒန'တို့၌ ပါဝင်သည်။ ဆေးဘက်ဝင်အပင်မျိုးစုံအနှံ့အပြားပေါက်ရောက်နေသော အစိမ်းရောင်အဆင်း (မုဂ္ဂဝဏ္ဏ)ရှိမြေပြန့်လွင်ပြင်တစ်ခု တောင်ထိပ်မှာရှိသည်။ တောင်၏ 'နန္ဒမူလ' ခေါ် ဆင်ခြေလျှော မှာရှိသော ဂူသုံးလုံးမှာ 'ပစ္စေကဗုဒ္ဓါ' တို့၏ စံနေ ရာဖြစ်။ ဤဂူသုံးလုံးအနက် 'မဏိဂုဟာ' လိုဏ်ဂူသို့ အဝမ်းလမ်းပေါ်၌ 'မဉ္ဇူသက' ပန်းပင်ရှိ၏။ ကုန်းရေ နှစ်ဌာနလုံးမှာ ပေါက်သောပန်းများအားလုံး ထိုပန်းပင်၌ ပွင့်ကြသည်။) သုဇနမင်းသားသည် ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူလာ ကြသည့် 'ပစ္စေကဗုဒ္ဓါ' ရှစ်ပါးကို သူ၏ နန်းတော် အပေါ်ထပ် ခမ်းမဆောင်မှ ဖူးမြင်ခဲ့ ရပါသည်။ သူသည် ထိုပစ္စေကဗုဒ္ဓါတို့ကို သူ၏ နန်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းဖြင့်လုပ်ကျွေးခဲ့ပါ၏။

Prince Sumana spent a hundred thousand years during the time of Padumuttara Buddha in doing deeds of merit. During 'Kassapa' Buddha's time he donated his doak to a bhikkhu on his almsround to be used as the base for the almsbowl to rest on. When he was a king in 'Bārānasī', he saw from the upper storey of his palace eight 'Pacceka Buddhas' travelling in the air coming from the 'Gandhamā dana' Mountain. (A mountain range surrounded by seven ranges of 'Culakāla', 'Mahākāla', 'Himava' and so on. One of the five mountain ranges encircle 'Anotatta' 'Sudassanakuta', 'Citrakuta', 'Kalakūta', 'Kelāsa' and 'Gandhamadana'. It is crowned with a tableland, is green in colour (muggavanna) and covered with various medicinal plants. The three caves in the inclined slope of the range called 'Nandamulaka' are the abodes of Pacceka Buddhas. 'Mañjusaka' tree, on which bloom all the flowers that grow both on land and in water, is at the entrance to 'Maniguhā' which is one of the three caves.) He invited them to his palace and offered food.

ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ သီတင်းသုံးရန်အတွက် ကျောင်းတော်ရှစ်ဆောင်ကိုလည်း မင်းဥယျာဉ်အတွင်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ထို့အပြင် ထိုအရှင်တို့ နန်းတော်သို့ကြွရောက်တော်မူလာခိုက် ထိုင်တော်မူကြရန် ရတနာတို့ဖြင့် စီခြယ်အပ်သော ထိုင်စရာအခင်းဖျင်ရှစ်ခုတို့နှင့် ထိုအရှင်တို့၏ သပိတ်များတင်ထားရန် ပတ္တမြားသပိတ်ခြေရှစ်ခုကိုလည်း ပြုလုပ်ထားရှိပါသည်။ သူသည် ထိုအရှင်ရှစ်ပါးကို အနှစ်တစ်သောင်းတို့ပတ်လုံး ပြုစုလုပ်ကျွေးခဲ့ပါသည်။

He also built eight monastic dwellings in the royal garden for the residence of the eight Pacceka Buddha. Moreover he made eight be jewelled seats for

them to be used on their visits to the palace and also eight ruby stands for placing their alms-bowls. He attended upon them for ten thousand years.

ဤသည်တို့မှာ ကမ္ဘာတစ်သိန်းမျှသော ကာလအတွင်း၌ သူ၏ ထင်ရှားသောကုသိုလ်ကောင်းမှုလုပ်ငန်းအချို့ဖြစ်ပါသည်။ ထိုကာလအတွင်း၌ သူသည် အခြားအခြားသော ကုသိုလ်ကောင်းမှုလုပ်ငန်းပေါင်းများစွာကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသေးသည်။ လွန်လေပြီးသော ဘဝများစွာက ကုသိုလ်ကောင်းမှုတို့၏ အကျိုးအာနိသင်ကြောင့် ဂေါတမဘုရားရှင်၏ အလုပ်အကျွေးဖြစ်လာရပါတော့သည်။

These were some of his outstanding meritorious deeds during the intervening period of a hundred thousand aeons; many other meritorious deeds also were done by him in that period. Because of the fruition of these meritorious deeds during his passed existences he became a personal attendant of the Buddha Gotama.

**၇။ ဘုရားရှင်ကို ဘေးရန်အန္တရာယ်မှ အရှင်အာနန္ဒာကာကွယ်ခြင်း**

ကပိလဝတ်ပြည်၊ နိဂြောဓာရာမတွင် သီတင်းသုံးနေတော်မူစဉ် ဘုရားရှင် နာမကျန်းဖြစ်တော်မူပါသည်။ လျော်ကန်သင့်မြတ်သော ဆေးဝါးတို့နှင့် အပြုအစုတို့ကို လိုလေသေးမရှိခြင်းကြောင့် ပြန်လည်ကောင်းမွန်လာသော်လည်း အဖျားရှိန်ကြောင့် ကိုယ်ခန္ဓာအားနည်းမှုကမူ ကျန်နေပါသေးသည်။ သို့ကြောင့်ပင် လုံးလုံးပြန်လည်နလန်ထူလာသည့်တိုင်အောင် လေးငါးရက်ခန့် တရားမဟောသေးဘဲ အနားယူရပါဦးမည်။ ဤကဲ့သို့သော အခြေအနေမျိုးမှာမှ ညီနောင်များအနက် အကြီးဆုံးနောင်တော်ကြီး 'မဟာနာမ်' က နက်နဲသိမ်မွေ့သော ပြဿနာတစ်ရပ်တင်လာပါသည်။ သူ့ပြဿနာမှာ 'ပညာသည် သမာဓိရှိပြီးသော သိစိတ်၌သာလျှင် ဖြစ်ပေါ်သည်ဟုဆိုပါလျှင် သမာဓိနှင့် ပညာသည် ဘယ်သင်းက အရင်ဖြစ်ပေါ်လာပါသနည်း' ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့်အရှင်အာနန္ဒာက သူ့ကို ဘုရားရှင်၏ ရှေ့တော်မှောက်မှခေါ်ထုတ်ခဲ့ပြီး မိမိနေရာသို့ ဦးဆောင်သွားကာ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပေးလိုက်ရပါသည်။

7. Ānanda defended the Buddha

The Buddha, while staying at Nigrodhārāma in Kapilavatthu, was sick. He soon, owing to appropriate medications and services wanting in nothing, became better, but due to the result of the fever, physical weekness still remained. So, he had to take rest from preaching for some days until he recovered. At this situation Mahānāma, their eldest cousin, came and put forward a profound issue. His problem was "If wisdom appeared only in the concentrated consciousness, which one came first, out of concentration and wisdom?" Therefore Ananda took him out of the presence of the Buddha to his own place and explained him in detail the three trainings, Sīla, Samadhi and Paññā (morality, concentration and wisdom).

တစ်ခါတွင် တမင်အကွက်ဆင်ဖန်တီးထားသော ပရိဗိုဇ်မ 'သုန္ဒရီ' ၏ အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့ပါလေသည်။ ဘုရားရှင်၏ ကျောင်းတော်ကို ညနေစောင်းတွင် ချဉ်းကပ်ပြီး နံနက်စောစောတွင် ပြန်လာလေဟန်ပြုလုပ်ခြင်းကြောင့် ဘုရားရှင်အပေါ် ဒါယကာ၊ ဒါယိကာမများက အထင်အမြင်လွဲမှားစေရန် ကိစ္စအား ဖန်တီးဖို့ကို အကြင်နာတရားကင်းပြီး ရက်စက်လွန်းလှသော ပရိဗိုဇ်ဆရာကြီးများက သုန္ဒရီကို အမိန့်ပေး စေခိုင်းခဲ့ကြပါသည်။ ခိုင်းသည့်အတိုင်းပင် လုပ်ဆောင်ခဲ့ပြီးနောက် ထိုဆရာကြီးများက သူမကို သတ်ပစ်လိုက်ကြသည်။ အလောင်းကို ဇေတဝန်ကျောင်းတော်ဘေးရှိ အမှိုက်ပုံအောက်မှာ မြှုပ်ထားလိုက်ကြသည်။ သုန္ဒရီပျောက်နေကြောင်းနန်းတော်ကို သတင်းပို့ပြီးနောက် ဇေတဝန်ကျောင်းတော်က တစ်ယောက်ယောက်ကို မိမိတို့မသင်္ကာသဖြင့် ဇေတဝန်ကျောင်းအနီးအနားတွင် ရှာဖွေခွင့်တောင်းကြပါလေသည်။

Once, if happened that the trumped up story of a wandering female ascetic (Paribbājikā) Sundari. The ruthless mendicants ordered Sundari to create a misunderstanding of the Buddha by the lay people by approching the Buddha's dwelling in the evening and returing in the early morning. She did so, and they killed her. They, burying her body under the heap of garbage at the side of Jetavana, reported to the palace that Sundari was missing, and asked for permission to search for near Jetavana as they suspected someone of the Jetavana.

ကောသလမင်းကြီးကလည်း ရှာဖွေခွင့်ပြုပါသည်။ မကြာမီပင် မင်းကြီးသည် အရှင်အာနန္ဒာနှင့် တွေ့ဆုံရာ ဘုရားရှင်သည် ဤအမှုကို ကျူးလွန်ခဲ့ခြင်း ဟုတ်မဟုတ် အရှင်အာနန္ဒာကို မေးလျှောက်ပါသည်။ အရှင်အာနန္ဒာက ဘုရားရှင်သည် ဒီလိုကိစ္စမျိုးကို ဘယ်သောအခါကမျှ ပြုလုပ်တော်မမူခဲ့ကြောင်း ပြောပြလိုက်ပါသည်။ မင်းကြီးက ချက်ခြင်းပင်အရှင်အာနန္ဒာအား ယုံကြည်သွားခဲ့ပြီး နောက်ပိုင်းတွင် အဖြစ်မှန်ကို သိသွားပါလေတော့သည်။ ထို့ကြောင့် မင်းကြီးက အရည်အချင်းညံ့ဖျင်းပြီး စိတ်မချ၊ မယုံကြည်ရသော အရူးအမိုက်တို့ကို မယုံတော့ဘဲ ပညာရှိသူတော်ကောင်းတို့ကိုသာ ယုံကြည်အားထားပါတော့မည်ဟု ထုတ်ဖော်ပြောကြားခဲ့ပါလေသည်။ ကောသလကဲ့သို့ ကြီးကျယ်သောနိုင်ငံကြီးတစ်ခုကို စိုးမိုးအုပ်ချုပ်သည့် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဘုရင်တစ်ပါး၏ ယုံကြည်ကိုးစားအားထားမှုကို အရှင်အာနန္ဒာရရှိခဲ့ကြောင်း သက်သေခံပင်ဖြစ်ပါသည်။

King Kosala gave permission to search. The king soon met Ānanda and asked him whether the Buddha committed the crime. Ananda told him that never had the Buddha done such a thing. The kind immediately believed Ānanda and later came to know the true story. So he declared that he would not trust the inefficient unreliable fools, but he would trust the wise. This proved that Ven. Ānanda won the trust of such a powerful monarch who reigned a great kingdom as kosala.

ဘုရားရှင်၏ ညီတစ်ဝမ်းကွဲလည်းတော်၊ ယောက်ဖတော်တစ်ဦးလည်းဖြစ်သော 'ဒေဝဒတ်' သဘောပိုက်ထားသည်မှာ မဟာသာဝကကြီးများကို ဘုရားရှင်ခွင့်ပြုတော်မူထားသည့် အခွင့်အရေးများအားလုံးသည် သူတစ်ဦးတည်းသာရရှိခံစားထိုက်သည်ဟူလို၊ သို့ရာတွင် ဘုရားရှင်က ထိုအခွင့်အရေးများကို အခြားသောသာဝကများအား အတိတ်ဘဝများစွာက ဆည်းပူးခဲ့ကြသော ပါရမီတော်များအရသာ ချီးမြှင့်တော်မူပါသည်။ ဒါကိုပင် ဘုရားရှင်က အခြားတစ်ပါးသူတို့ကို မျက်နှာလိုက်သည်ဟုအထင်ရောက်ပြီး မနာလိုဖြစ်ကာ ဘုရားရှင်အပေါ် အာဃာတထားပါလေတော့သည်။ အဆင့်မြင့်လောကီတန်ခိုးဣဒ္ဓိပါဒ်တို့ကို ရရှိပြီးသူ ပုဂ္ဂိုလ်တစ်ဦးသော်မှ လောဘ၊ ဒေါသ၊ မာန၊ ဣဿာတို့ လွှမ်းမိုးခံလိုက်ရလျှင် အမှန်တရားကို မမြင်နိုင်တော့ပါချေ။

Devadatta, a cousin and also a brother-in-law of the Buddha thought that he himself was the one who deserved all the privileges granted by the Buddha to his great disciples. But the Buddha gave them to other disciples due to their accumulation of perfections (Paramīs) in their previous lives. Thinking that the Buddha favoured others, he became jealous and had a grudge against the Buddha. Even as a person who had attained the highter secular psychic power, when he was overwhelmed with greed (lobha), anger (dosa), conceit(māna) and jealousy (issā) cannot see the truth.

**(to be continue)**

# အကျင့်ကပေးတဲ့အသိ

လူအေး (တမာမြေ)



ကျွန်တော့်မှာ အကျင့်တစ်ခုရှိပါတယ်။ အဲဒါက လမ်းဘေးက ဆိုင်းဘုတ်တွေပေါ်မှာ၊ ဆိုင်တွေပေါ်မှာ၊ ကားပေါ်မှာ၊ အိမ်တွေပေါ်မှာ ရေးလေ့ရှိကြတဲ့ စာတိုစာစလေးတွေကို အမြတ်တနိုး ဖတ်တတ်တဲ့အကျင့်ပါ။

အသုံးဝင်မယ့်စာဖြစ်ရင် စာအုပ်ထဲ တစ်ခါထဲ မှတ်ထားလိုက်တယ်။ တချို့စာတွေလည်း မေ့မေ့ပျောက်ပျောက်ပေ့ါ။ အခုတော့ မျိုးရိုးလိုက်တယ်လို့ပဲ ပြောရတော့မှာပဲ။ ကျွန်တော့်ညီပေ့ါ။ သူက ရွာမှာ အဖေ၊ အမေတို့နဲ့အတူနေတယ်။ ပုသိမ်မှာ အိမ်ထောင်ကျနေတဲ့အစ်ကိုက အလုပ်ကောင်းတစ်ခုတွေ့လို့ ရွာက ညီအငယ်ဆုံးကို အလုပ်ထဲ ထည့်ပေးချင်တယ်၊ အဲဒါကြောင့် ရွာက ညီကိုခေါ်ပြီး သူ့ဆီကို လာပို့ဖို့ ပြောတာနဲ့ ပုသိမ်ကို သွားပို့ရင်း ပုသိမ်-ရန်ကုန်ကားပေါ်မှာ ကျွန်တော့်ညီလည်း ကျွန်တော့်လိုပဲ ဝါသနာရှိတယ်ဆိုတာ သိလိုက်ရတယ်။ ဩော်. . ဒါ မျိုးရိုးလိုက်တာ နေမှာပဲလို့ တွေးမိလိုက်တယ်။ သူမြင်တဲ့စာကလည်း ကြည့်ဦး။

"ကိုလေး. . ဟိုမှာရေးထားတဲ့စာက ဘာအဓိပ္ပာယ်လဲဗျ"

ကျွန်တော်လည်း သူပြရာကို ကြည့်လိုက်မိတယ်။ လူတွေ အတက်၊ အဆင်းတံခါးပေါက်ရဲ့ အထက်မှာရေးထားတာ။ "မမပစ္စည်း မမ တာဝန်" တဲ့ ။ ဒီ စာတန်းက မဟုတ်သေးပါဘူး။ သေချာကြည့်မိတော့မှ မ, နှစ်လုံးစီရဲ့ အထက်က လုံးကြီးတင်တွေကို ဖျက်ထားတာဆိုတာ သိလိုက်ရတယ်။

"အမှန်က ငါ့ညီ 'မိမိပစ္စည်း မိမိတာဝန်' လို့ ရေးထားတာကွ။ ဘယ်ကောင်က လက်ဆော့ပြီး လုံးကြီးတင်တွေ ဖျက်သွားလဲ မသိဘူး။ အဲဒါကြောင့် အခုလို ဖြစ်နေတာ"

"မိမိပစ္စည်း မိမိတာဝန်"

"ဟုတ်တယ်။ အဲဒီလိုပဲ။ သူတို့ ဒရိုင်ဘာတွေ၊ စပယ်ယာတွေက ပစ္စည်းပျောက်ရင် တာဝန်မယူဘူးပေ့ါကွာ အဓိပ္ပာယ်က"

**"ကိုယ့်ကိစ္စ ကိုယ်သိဆိုတဲ့ သဘောပေ့ါ"**

"အေးပေ့ါကွ. . အဲဒီသဘောပေ့ါ"

"အင်း. . . ကိုယ့်ကိစ္စ ကိုယ်သိဆိုတော့မှ ရွာက ဘုန်းကြီးကို သွားသတိရမိတယ်"

"ဘုန်းကြီးနဲ့ ဘာဆိုင်လို့တုန်းကွ"

"ကျွန်တော်လာခါနီး ဘုန်းကြီးကို သွား ကန်တော့တော့ **ကိုယ့်ကိစ္စကိုယ်သိ** လို့ ဘုန်းကြီးက မိန့်လိုက်တယ်"

"ဘာကြောင့်လဲကွာ"

"ကျွန်တော်က အလုပ်သွားလုပ်မှာလို့ လျှောက်တော့ ကိုယ့်အလုပ်ကိစ္စ ကိုယ်သိ ဆိုတဲ့ သဘောနဲ့ မိန့်တာပေ့ါဗျာ"

"အေး. . ဒါ ပညာရှိအဆုံးမပဲလေ"

"ဘုန်းကြီးက ဇာတ်တော်လေးပြောပြပြီး မိန့်တာဗျ"

"ဘယ်လိုလဲ. . . ငါ့ကိုပြောပြပါဦး"

"ပါဠိတွေတော့ ကျွန်တော်က မသိဘူးပေ့ါဗျာ။ မြန်မာလိုကတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သူ ပရိနိဗ္ဗာန်စံတော့မယ့်အကြောင်းကို ဘုရားထံသွားလျှောက်တော့ ဘုရားက ပရိနိဗ္ဗာန် စံတော့လို့လည်း မမိန့်ဘူး။ မစံနဲ့ဦးလို့လည်း မမိန့် ဘူးတဲ့"

"အေး. . . ဆက်ပါဦးကွ"

"မစံနဲ့ဦးလို့ မမိန့်တာက ဘာဖြစ်လို့လဲဆိုတော့ သူရမယ့်နိဗ္ဗာန်ချမ်းသာကို တားမြစ်ရာရောက်မှာစိုးလို့တဲ့"

"စံတော့လို့ မမိန့်တာကကော"

"သေခြင်းတရားကို ချီးမွမ်းရာရောက်မှာ စိုးလို့တဲ့"

"ဩော်. . . ဒါကြောင့်ကိုး"

"ပြီးတော့ ရှိသေးတယ်။ အဲဒီအချိန်ထိအောင် အရှင်သာရိပုတ္တရာရဲ့ မယ်တော်ကြီးက ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှုမရှိသေးဘူးတဲ့ဗျ"

"အေး. . . စိတ်ဝင်စားစရာ ကောင်းသားကွ"

"ဘုရားက အဲဒီလိုမိန့်လိုက်တော့ သူက သွားသတိရတယ်ပေ့ါဗျာ။ သူ့အမေကို ကျေးဇူးဆပ်ရဦးမယ်ဆိုတာ"

"ဘုရားကို မလျှောက်ခင်ကတည်းကလည်း သူကျေးဇူးဆပ်ဖို့ ကျန်သေးတယ်ဆိုတာ သိလောက်ပါတယ်နော်. . ကိုလေး။ ကျွန်တော်က ဘုန်းကြီးဟောတာတွေ အကုန်မမှတ်မိတော့လို့ဗျ"

"အေး. . . သိမှာပေ့ါကွ။ ပညာအရာမှာ ဧတဒဂ်ရထားတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးပဲ"

"အဲဒီအခါကျတော့မှ သူ့အမေကို ကျေးဇူးဆပ်ဖို့ သူ့ကို ဖွားရာတိုက်ခန်းထိကြွပြီးတော့ တရားဟော၊ သူ့အမေလည်း ဗုဒ္ဓဘာသာတရားတော်၌ သက်ဝင်ယုံကြည်သွားကာ သောတာပန်တည်တယ်ပေ့ါဗျာ"

"ပြီးရောလားကွ"

"ကျန်သေးတယ် ကိုလေးရ"

"ဝဋ်ကြွေးရဲ့ ကြောက်စရာကောင်းပုံကလည်း အဲဒီဇာတ်တော်ထဲမှာ ပါတယ်"

**"အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဘဝတစ်ခုတုံးက ငှက်ကလေးတစ်ကောင်ကို လည်ပင်းညှစ်သတ်ခဲ့ဖူးတဲ့ အကုသိုလ်ဝဋ်ကြွေးက ရဟန္တာဘဝနဲ့ ပရိနိဗ္ဗာန်စံတော့မယ့် ဘဝကျတော့မှ အကျိုးပေးတာ"**

**"သွေးအန်ပြီးမှ ပရိနိဗ္ဗာန်စံရတယ်တဲ့"**

"အရှင်သာရိပုတ္တရာကြီးက ဝဋ်ကြွေးခံစားနေရတဲ့အချိန် ခံတွင်းတော်ကထွက်လာတဲ့ သွေးတွေကို ထွေးခံကိုင်ပြီးပြုစုပေးနေတဲ့ ဗြဟ္မာကြီးက အရှင်သာရိပုတ္တရာရဲ့ အစ်ကိုတော်တယ်ပေ့ါဗျာ"

"ကျွန်တော်ကလည်း ဘုန်းကြီးတရားဟောတုန်းက နာလို့ကောင်းကောင်းနဲ့ နာခဲ့ပေမယ့် ဘုန်းကြီးဟောသလို ပါဠိတွေ မပါတော့ဘူး၊ ပါဠိမပါရင်နေကွာ၊ မြန်မာလို ပြောပြတော်ပါပြီ၊ မြန်မာလိုပြေပြပါဆိုရင်တောင် ကျွန်တော်က

**စာမျက်နှာ ၃၈ သို့**

# အို ပုဂံရယ်

တက္ကသိုလ်လှမောင်



ပုဂံအကြောင်းတွေ တွေးမိလေတိုင်း ရင်မှာလှိုင်းခတ် တလှပ်လှပ်ဖြစ်ခဲ့ရတာလဲ အကြိမ်ကြိမ်ပါပဲလား။ ပုဂံရဲ့ပထမကာလ မှောင်မိုက်သောညတွေမှာ ရင်နာဖွယ်ရာတွေနဲ့လဲ ကြုံခဲ့ရတယ်၊ အရည်းကြီးဆိုတဲ့ မိစ္ဆာဒိဋ္ဌိအယူတွေရဲ့အောက်မှာ တစ္ဆေခြောက်ခံခဲ့ရတဲ့ပုဂံ၊ ရင်နာဖွယ်ရာတေးတွေနဲ့ ပုဂံပျိုဖြူလေးများရဲ့ ငိုရှိုက်သံလေးများ ယခုတိုင်ကြားယောင်နေမိပါသေးတော့။

မိစ္ဆာအယူဝါဒဆိုတာ ဘယ်ကလောက်ကြောက်မက်ဖွယ်ရာကောင်းလိုက်သလဲ၊ အမှားကိုအမှန်ထင်၊ အမြင်တွေပိတ်ဖုံးနေသမျှ ဒုက္ခသံသရာဘယ်မှာဆုံးတော့မှာလဲ၊ အလင်းရောင်ဆိုတာ နတ္ထိ၊ ကယ်မယ့်သူလဲမရှိဖြစ်နေတဲ့အချိန်မှာမှ အလင်းရောင်လေးတစ်ကွက် လက်ခနဲမြင်လိုက်ရတယ်။ အဲဒါကတော့ အနုရုဒ္ဓါခေါ်တဲ့အနော်ရထာဘုရင်မင်းမြတ်ပေါ်ပေါက်လာခဲ့လို့ပါပဲ။ မိစ္ဆာအယူတွေကိုငြီးငွေ့နေပြီဖြစ်တဲ့ အနော်ရထာ အယူမှန်ဝါဒတစ်စုံတရာကို တမ်းတနေခဲ့တဲ့ ဘုရင်မင်းမြတ်တစ်ပါးရှင်အရဟံကိုဖူးတွေ့လိုက်ရတဲ့အတွက် မိစ္ဆာအယူတွေကို နှိမ်နင်းလို့ ဗုဒ္ဓရဲ့မှန်ကန်သော သမ္မာဒိဋ္ဌိအယူရဲ့ရင်ခွင်မှာ အေးငြိမ်းချမ်းသာခြင်းအစစ်အမှန်ကို တွေ့ခဲ့ရတယ်။ ဘုရင်အနော်ရထာနှင့် ကျန်စစ်မင်းတို့ ကြိုးစားတည်ဆောက်ခဲ့တဲ့ ပုဂံသာသနာ့နယ်မြေကြီးဟာလဲ စည်ကားသိုက်မြိုက်ခဲ့ပါတယ်။

အို ပုဂံရယ်- အဲဒီတုန်းက မြန်မာတို့ရဲ့ကြံ့ခိုင်တဲ့စိတ်ဓာတ် စည်းလုံးညီညွတ်မှုစွမ်းပကားအံ့မခမ်းယဉ်ကျေးမှုအနုပညာရပ်တွေနဲ့ မားမားမတ် ဂုဏ်အထပ်ထပ်နဲ့ လေးစားအပ်တဲ့ပုဂံ၊ ပုဂံဟာ မြန်မာတို့ရဲ့ ဂုဏ်၊ ပုဂံဟာ မြန်မာတို့ရဲ့သိက္ခာ၊ ပုဂံဟာ မြန်မာတို့ရဲ့ အသဲနှလုံး၊ ပုဂံကို ထိပါးရင် မြန်မာတို့ရဲ့အသဲနှလုံးကို နှပ်နှပ်စင်းနေတာနဲ့ အတူတူပါပဲ။

မြန်မာတို့အတွက် မြန်မာတို့၏စိတ်ဓာတ်ကြံ့ခိုင်မှုအရာတွင်လည်းကောင်း၊ စည်းလုံးညီညွတ်မှု အရာတွင်လည်းကောင်း၊ ယဉ်ကျေးမှုအရာတွင်လည်းကောင်း၊ အထူးထွန်းပြောင်ခဲ့သော ခေတ်ကြီးတစ်ခတ်အဖြစ် မွေးဖွားအမွေပေးခဲ့ပါသည်။ သို့သော် မျိုးဆက်သစ်တို့က ထိုအမွေကို ဆက်ခံနိုင်ခဲ့ကြပါသလား ပုဂံရယ်၊ ပုဂံမင်းဆက် (၅၅) ဆက်မှာပဲ အနော်ရထာဘုရင်မင်းမြတ်နဲ့ ကျန်စစ်သားမင်းကလွဲလို့ ပုဂံရဲ့ ခမ်းနားထယ်ဝါခဲ့တဲ့ အနေအထားကို ထိန်းနိုင်ခဲ့လို့လား ပုဂံရယ်၊ တစ်ချို့မင်းတွေဟာ အရည်အချင်းညံ့ဖျင်းလွန်းလို့ ရှက်ဖွယ်လိလိ သိက္ခာတွေပင် ကျခဲ့ရတယ်မဟုတ်လား။ တရုတ်ပြေးမင်းတဲ့၊ နယ်ချဲ့ကျူးကျော်တဲ့ တရုတ်တပ်တွေ ဝင်လာရုံနဲ့ အောက်ပြေအောက်ရွာကို စုန်ပြေးခဲ့ရတယ်မဟုတ်လား။

ပုဂံမင်း (၅၅) ဆက် ရှိသော်လည်း ပုဂံရဲ့ သိက္ခာတစ်သီးမြင့်မားဟီးအောင် ဆောင်ရွက်နိုင်ခဲ့တာကတော့ အနော်ရထာဘုရင်နဲ့ မင်းကျန်စစ်တို့သာလျှင် ဖြစ်ပါတယ်။ မြန်မာတို့သည် အနော်ရထာနှင့် ကျန်စစ်မင်းတို့ကို နည်းယူစံပြုဂုဏ်ယူ နေကြသည်။ စလေမင်းခွေးလို နရသူလို နရသီဟပတေ့မင်းလို အားနည်း ချို့တဲ့သော အုပ်ချုပ်သူများ၏ လက်ထက်တွင် ရှုမြင်မကောင်းအောင် ပြိုလဲကျဆုံးခဲ့ရသော ဖြစ်ရပ်များအတွက် သင်ခန်းစာ ယူကြရမည် မဟုတ်ပါလား။

အနော်ရထာနှင့် ကျန်စစ်သားမင်း လက်ထက်မှာတော့ မြန်မာနိုင်ငံဟာ ဂုဏ်သိက္ခာ အမြင့်ဆုံးနှင့် စည်ကားစည်ပင်ခဲ့ပါတယ်။ စီးပွားရေးမှာလဲ လယ်တွင်းကိုးခရိုင်တစ်မြိုင်မြိုင်နဲ့ ပုဂံသားတို့ရဲ့ အားမာန်ကို မှန်းမျှော်ကြည့်ရုံနဲ့ အားကျဖွယ်ရာတွေချည့်ပါပဲ။ အလှူပွဲတွေ ခြိမ့်ခြိမ့်သဲလို့ မုဆိုးမတောင် ဘုရားတည်နိုင်ခဲ့တယ်လို့ ဆိုရိုးရှိခဲ့ပါတယ်။ လူမှုရေးတို့ ယဉ်ကျေးမှုအနုပညာတို့ စည်ကားစည်ပင် အဘက်ဘက်က ဖွံ့ဖြိုးစည်ပင်နေမှ၊ လူတွေ စိတ်အေးချမ်း စိတ်ကောင်းလေးတွေ ကိန်းနေ မှ အလင်္ကာကျက်သရေ တင့်ဖြိုးဝေနိုင်တာမျိုးဆိုတော့ အို ပုဂံရယ်-

ပုဂံရဲ့ယဉ်ကျေးမှု အနုပညာအလှတွေကို မြင်ရရုံနဲ့ပဲ ပုဂံပြည်သူတို့ ကြည်ဖြူရိုင်းပင်း ညီညွတ်ခြင်းတွေကိုလဲ မြင်လိုက်ရတယ်။ စစ်ထိုးစစ်ဟန်အားမာန်တွေက ပုဂံရဲ့ခန့်ထည်လေးစားဖွယ်တွေပဲမဟုတ်ပါလား။ သိမ်မွေ့လှတဲ့ အနုပညာဖော်ကျူးချက်တွေက ပုဂံရဲ့ အဆင့်မြင့်လှတဲ့ လူနေမှုနှင့်တကွ အတုယူဖွယ်ရာ ချစ်ခင်ဖွယ်ရာ စိတ်နေစိတ်ထားလေးများကို ဆေးခြယ်ပြသနေသလိုပါပဲလား။

အံ့မခန်းဖွယ်ရာစေတီပုထိုးဘုရားများက သာသနာအရောင် ထွန်းပြောင်ဂုဏ်ရှိန် တစ်ထိန်ထိန်နှင့် အသရေတင့် အခြေတွေမြင့်ခဲ့တာများ ကြွားရရားမို့ မေ့နိုင်ပါတော့မလား ပုဂံရယ်။

ပုဂံစည်ပင်စည်ကားစဉ်က အမေရိကားဆိုတာ မွေးဖွားဖို့ အိပ်မက်တောင် မမက်ရသေးပါဘူး။ အင်္ဂလန်ဆိုတာလဲ အင်မတန်သိမ်ငယ်တဲ့ ကျွန်းနိုင်ငံ လေးတစ်ခုမျှသာ ဖြစ်ပါလိမ့်မယ်။ ပုဂံခေတ်အခါ အရာရာသာခဲ့ပေမယ့် ပုဂံရဲ့ စိတ်ဓာတ် ပုဂံရဲ့ အစဉ်အလာအမွေကို မဆက်ခံနိုင်လေသောအခါ ပုဂံရဲ့အခြေအနေတို့ ပြေလျော့ပျက်ယွင်းလို့လာခဲ့ပါတော့တယ်။ ထို့ကြောင့် အစဉ်အလာကောင်းမွေတို့ဆိုတာ ထိန်းသိမ်းစောင့်ရှောက်မှုလည်း ကောင်းပါမှ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ အရည်အချင်းရှိတဲ့ သားကောင်းသမီးကောင်း မျိုးဆက်ကလေးတွေ သိပ်အရေးကြီးလှပါတယ်။

ကျွန်တော်တို့ ပုဂံစိတ်ဓာတ်မျိုးတွေ ပြန်လည်ထွန်းကားလာအောင် မနိုးကြားနိုင်ကြတော့ဘူးလား၊ စိတ်ဓာတ်တွေ ဒီလောက်ပဲချွတ်ခြုံကျကုန်ပြီလား၊ ကျွန်တော် အဆိုတော်ညီညီလေးသီဆိုသွားခဲ့တဲ့ "ကျွန်တော်တို့ဌာနီ ပုဂံပြည်" ဆိုတဲ့ သီချင်းစာသားလေးတွေ ကျွန်တော့်ခေါင်းထဲရောက်လာတယ်-

**"စူဠာမဏိစေတီ×× အာနန္ဒာစေတီ×× ရှင်ဗောဓိ သဗ္ဗညု×× အထွတ်အထိပ်ရှိလှသည်×× ထီးလိုမင်းလို ဘုရားနဲ့**

**အတည်× မင်းအိုချမ်းသာ ဘုရားရှိသည်×× တွေးချင့်မကုန် ထူးခြားတဲ့×× ဗူး ဘုရားနဲ့ ရွှေစည်းခုံစေတီ×× အထင်ကရတည်ထား ××မြင်ရမည်တကား×× ဓမ္မရုံကြီး ကျောက်စာနဲ့ မြစေတီကျောက်စာ×× ကြည်ညိုမဆုံးရှုစရာအတည် ×× ဥပါလိ သိမ်တော်လည်းရှိသည်×× မြေသားဥမင် ရှုမြင်ဘယ်မဆုံးသည်--စေတီတန်ဆောင်း ဆည်မြောင်း ပေါတဲ့×× ညီလေးတို့ရဲ့ ပုဂံဌာနီ×× ပြန်လာပါ့မယ် တေးဆိုတေးသီ--"**

ပြင်ဦးလွင်က ညီမပို့ပေးလို့ ကျွန်တော် ပုဂံသာသနာမြေကို ရောက်ခဲ့ပါတယ်။ ရွှေစည်းခုံ အာနန္ဒာ၊ ထီးလိုမင်းလို၊ ဓမ္မရုံကြီး၊ ဓမ္မရာဇက၊ အလို တော်ပြည့်၊ စူဠာမဏိ၊ ဗူးဘုရား၊ ငှက်ပစ်တောင်၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ စုံလင်အောင်ဖူးခဲ့ရပြီ။ ခမည်းတော်မယ်တော် ဘိုးတော်ဘွားတော်များကို ပစ်မှားကျူးလွန်မိ ခဲ့တာများကို ခွင့်လွှတ်ဖို့ရန် ကန်တော့ပန်းဆင်ခဲ့တဲ့ ကန်တော့ပလ္လင်ဘုရားကိုလဲ ဖူးခဲ့ရပါတယ်။ ညီမဖြစ်သူက ကွယ်လွန်သွားကြပြီ ဖြစ်တဲ့ မိဘကျေးဇူးပေးဆပ်အလှူတွေလဲ ဇာတိရွာ ဖြစ်တဲ့ ရေတာရှည်မြို့နယ် စိုင်တမော့ကျေးရွာမှာ လုပ်ခဲ့ပြီး အမိအဖတို့ရဲ့ သားသမီးမြေးမြစ် မျိုးဆက် သစ်ကလေးများကို စုစည်းပြီး ဘုရားဖူးပို့ခဲ့ရာမှာ ကျွန်တော်တို့ဇနီးမောင်နှံလဲ လိုက်ပါဘုရားဖူးဖြစ်ခဲ့ ရခြင်းဖြစ်ပါတယ်။ ဒါလဲအမွေကောင်းလေးတွေကို လက်ဆင့်ကမ်းခဲ့ခြင်းပဲ မဟုတ်ပါလား။ အခုလဲ အရိမဒ္ဒနပူရပြည့်ရှင် အနော်ရထာဘုရင်နဲ့မင်း ကျန်စစ်တို့က အမွေကောင်းတွေ ပေးခဲ့တယ်လေ။

အနော်ရထာနင်းခဲ့တဲ့ "အောင်မြေ" ကိုလဲ နင်းခဲ့ပြီးပါပြီ။ ကျန်စစ်သားထောက်ခုန်ခဲ့တဲ့ အရိန္ဒမာလှံထောက်ရာတွေလဲ တွေ့ခဲ့ရပြီ။ ရွှေစည်းခုံ စိန်ဖူးတော် ဖူးမျှော်ရတဲ့ရေချိန်ကိုလဲ တွေ့ခဲ့ရတယ်။ နရသူရဲ့ ဓမ္မရုံကြီး ပုထိုးတော်ကြီးမှာ လက်ရာပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ပညာသည်အနုပညာရှင်ကြီးများ ကို နောင်အခါ ဒီလိုလက်ရာမျိုးမတည်နိုင်အောင် သူ့လိုတည်နိုင်တဲ့ဘုရားမျိုးမပေါ်ထွန်းအောင် ကောက်ကျစ်စွာ ပညာသည်မျိုးဖြုတ်ပစ်ခဲ့တဲ့အနေ နဲ့ စက်ခုံမှာ လက်အစုံတွေကိုတင်ကာဖြတ်ခဲ့တဲ့ လက်ဖြတ်စက်လို့ဆိုပါတယ်။ **သက်ဦးဆံပိုင်ဘုရင် စနစ်ရဲ့ အားနည်းချက်ကြီးကတော့ အဆင် ခြင်မဲ့ ဗရမ်းပတာဆောင်ရွက်တတ်သူများရဲ့ လက်ထဲ အာဏာရောက်သွားသည့်အခါ မဖြစ် သင့်တာတွေဖြစ် သမိုင်းရဲ့အမဲကွက်အမဲစက် ကြီးတွေ ထင်သွားစေတော့တာပါပဲ။** ဒါပေမယ့် လည်း နရသူဟာ ထုထည်မှာအကြီးဆုံးဖြစ်တဲ့ ဓမ္မရုံ ကြီး ပုထိုးတော်ကြီးကို တည်ခဲ့လိုက်နိုင်တာပါပဲ။

**ဉာဏ်တော်မှာအမြင့်ဆုံး သဗ္ဗညု၊ ထုထည်မှာဓမ္မရုံကြီး၊ အနုလက်ရာမှာအာနန္ဒာ၊ အကျဉ်းကျပ်ဆုံး မနူဟာ"** တဲ့ မနူဟာဘုရား ဟာလဲ အနုလက်ရာဘယ်လောက်တော်ပါသလဲဆို လျှင် ဖူးရသူများသည်ပင် ကျဉ်းကျပ်တဲ့ဝေဒနာကို ခံစားနေရသလိုပါပဲ။ မနူဟာဘုရားကိုဖူးပြီးတဲ့အခါ စိတ်မသက်မသာဖြစ်ရလွန်းလို့ သတ္တဝါအားလုံး ကျဉ်းကျပ်တဲ့ အဖြစ်မျိုးတွေမဖြစ်ကြပါစေနဲ့၊ ဘေးဒုက္ခအပေါင်းတို့မှ ကျော်လွှားနိုင်ကြပါစေ စစ်မှန်သောချမ်းသာသုခကိုရနိုင် မျက်မှောက်ပြုနိုင် ပါစေသတည်းဟု ဆုတွေတောင်းမေတ္တာတွေပို့ဖြစ် ခဲ့ပါသည်။

ရှင်အရဟံအုတ်ကျောင်းရောက်တော့ ရှင်အရဟံ၏ကြီးမားလှတဲ့ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ကြည်ညိုရင်း ပျပ်ဝပ်ရိုကျိုး ရှိခိုးလိုက်မိ ပါတယ်။

**သရပါတံခါးကြီးများနှင့် ခမ်းနား ထယ်ဝါလှတဲ့ အို ပုဂံရယ် နောင်လာနောက် သားတွေဖြစ်တဲ့ ပုဂံသားသမီးမြေးမြစ် ရင်သွေး တော် မျိုးဆက်သစ်ကလေးတွေကို ပုဂံရဲ့ ခမ်းနားကြွယ်ဝမှုဂုဏ်ဒြပ်တွေနဲ့ ခြောက်လှန့် ပေးပါလားပုဂံရယ်၊ ရင်သွေးတော်တွေရဲ့ သွေးထဲကို အမျိုးဂုဏ်ဇာတိဂုဏ် ယဉ်ကျေးမှု ဘာသာ သာသနာ၊ စွမ်းအားဂုဏ်ရှိန်ဓာတ်တွေ ရစ်ပတ်စီးဆင်းနေပါစေတော့လား ပုဂံရယ်၊ ပျက်စီးယိုယွင်းလာရခြင်းရဲ့အကြောင်းတရား သင်ခန်းစာတွေလဲရခဲ့ပြီဆိုတော့ မဖြစ်သင့် တာတွေမဖြစ်အောင် အတုခိုးတွေမမှားအောင် ယဉ်ကျေးမှုတွေ ထိုးဖောက်မခံရအောင် အမျိုးဘာသာသာသနာထွန်းကားပြန့်ပွားအောင် ကိုယ့်တိုင်းပြည်ကိုယ်ချစ်တတ်အောင် အလင်း ရောင်ပြလို့ပေးပါလား ပုဂံရယ်။**

ပုဂံဟုပြောလိုက်သည်နှင့် အနော်ရထာ နှင့် ကျန်စစ်သားကို ပြေးမြင်မိသည်။ **ဘုန်းရှင်ကံ ရှင်တို့ အုပ်ချုပ်မှုလည်း တိုင်းကားနိုင်ငံ စည်ပင်ဝ ပြောသည်၊ အုပ်ချုပ်သူဘုရင်သည် အမြော်အမြင်ကြီးရမည်၊ တိုင်းသူပြည်သား ရင်ဝယ်သားကဲ့သို့ ထောက်ကားညှာတာရမည်၊ စည်းရုံးနိုင်စွမ်းရှိရမည်၊ ကာကွယ်နိုင်စွမ်း ရှိရမည်၊ ကိုယ်တိုင်လည်း ယဉ်ကျေး၍ ပြည်သူအများလည်း ယဉ်ကျေးလာအောင် ဘာသာသာသနာပြုသူလည်းဖြစ်ရမည်။ တိုင်းပြည်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်စွမ်း ရှိရမည်။** အနော်ရထာဘုရင်သည် ထိုအရည်အချင်းများနှင့် ပြည့်စုံ နေသည်။ ထို့ကြောင့်လည်း ပုဂံတိုင်းပြည်ကြီး စည်ကားစည်ပင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာလူမျိုး တို့ ယနေ့တိုင်အောင် ထေရဝါဒဗုဒ္ဓဘာသာအေးရိပ် မှာ ယဉ်ကျေးသောလူမျိုးဖြစ်နေရခြင်းသည် အနော်ရထာနှင့် ရှင်အရဟံတို့၏ကျေးဇူးတော် အနန္တကြောင့်ဖြစ်ပါသည်။ အနော်ရထာ၏အမွေ ကောင်းကို ကျန်စစ်သားမင်းက ဆက်ခံနိုင်ခဲ့၏။ အနော်ရထာ၏သွေး စဉ်ဆက်မပြတ်စီးဆင်းစေ၏။ မိမိ၏သမီးတော်ရွှေအိမ်စည်ကို အနော်ရထာ၏ သွေးအစစ် စောလူးမင်း၏သား စောယွန်းနှင့်ပေးစား သွေးဆက်ခဲ့ခြင်းက ကျန်စစ်သားသည် အနော်ရထာ ဘုရင်အပေါ် တိုင်းပြည်အပေါ် မည်မျှသစ္စာကြီးမား ၍ မျိုးချစ်စိတ်မည်မျှပြင်းထန်ခဲ့ကြောင်း ပေါ်လွင်ပါ သည်။ ကျန်စစ်သား၏သမိုင်းသည်ပင် သွေးသမိုင်း သစ္စာသမိုင်း မေတ္တာစေတနာနှင့် သူမတူသော အမြော်အမြင်ကြီးမားမှုသမိုင်းဖြစ်နေချေသည်။

ဒီတော့ ပုဂံရဲ့သွေးသားစဉ်လာရှိန်အဝါ နှင့် ပုဂံရဲ့မြင့်မြတ်စိတ်ဓာတ် မပြတ်စီးလာ သိက္ခာ တစ်သီးမြင့်မားဟီးအောင် ကြိုးပမ်းဆောင်လို့ ဂုဏ် မချို့ရေး ကြံစည်တွေးပြီး ဆရာကြီးမင်းယုဝေ၏ ပုဂံ ကဗျာစာစုလေးဖြင့် သံဝေဂယူရင်း အားမာန် တွေ သွင်းကြပါဦးစို့ - -

"နှစ်အိုရော်ညောင်း၊ ချိန်ခါပြောင်းသော်၊ ဟောင်းပြန်ပျက်ပြန်၊ လောကဓံမို့၊ ပုဂံပြည်ကြီး၊ ပုဂံ ထီးလျှင်၊ ပျက်စီးတိမ်တောရပြီတကား၊ ရှေးကဘိုး ဘွား၊ ပုဂံသားလည်း၊ ယွင်းပါခန္ဓာ၊ ကြွေပျက်ရှာ သည်၊ မြေမှာကွယ်ပျောက်ခဲ့လေပြီ၊ ပုဂံရာဇာ၊ မင်း အာဏာလည်း၊ မြေမှာကျရောက်၊ မြေမှုန်အောက် ဝယ်၊ ကွယ်ပျောက်မေးမှိန်ခဲ့လေပြီ-- သို့တမူလည်း၊ ပြည်သူအင်အား၊ စွမ်းပကားကို၊ ကြီးမားအထု၊ စည်းရုံးပြုသည့်၊ သမ္မုတ္တကြင်ချစ်၊ မင်းကျန်စစ်၏ အားသစ်အားမာန်၊ သူ့စွမ်းဉာဏ်ကား၊ ကြွင်းကျန်စွဲ တည်နေဆဲကို--မင်း၏ဘဝ၊ မတောင့်တသော၊ ရာဇကုမာ၊ သားသည်းချာ၏ ပီတာဖခင်၊ ကျေးဇူး ရှင်တွက်၊ သည်းဘွင်စွဲရစ်၊ မြတ်နိုးချစ်သည့်၊ သစ္စာ ထုံမွှမ်း၊ မေတ္တာပန်းလည်း၊ လန်းဆန်းမွှေးကြိုင်ဆဲကို မင်းဆိုးမင်းဒဏ်၊ ပြည်သူ့ရန်ကို၊ မှုန်ဆန့်ကြံ့ကြံ့၊ တော်လှန်ဝံ့သည်၊ ပုံ့သကူရှင်၊ ထေရ်သခင်၏ ကြည်လင်စိတ်ဝမ်း၊ သူရဲစွမ်းလည်း၊ ညှိုးနွမ်းမရှိ တည်ဆဲကို-- အနုပညာ၊ အဖြာဖြာနှင့်၊ သာယာခိုင် ဖြိုး၊ နိုင်ငံကြီးကို၊ သွေးစည်းရုံးစု၊ ဖန်တီးပြုသည်၊ ပြည်သူ့အားမာန်၊ ပြည်သူ့ဉာဏ်တည်း၊ ပုဂံစိတ်ဓာတ်၊ ထိုစိတ်မြတ်လည်း၊ မားမားကြံ့ခိုင်၊ ကျောက်စာတိုင် သို့၊ မယိုင်မလဲ တည်ဆဲတကား . . "

ကျမ်းကိုး။

ဦးကုလားမဟာရာဇဝင်ကြီး


တက္ကသိုလ်လှမောင်



၁၃၁၅ ခုနှစ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(**Y.M.B.A**)အသင်းကြီးမှ ကြီးမှူးကျင်းပသော

ဗုဒ္ဓဘာသာသင်ခန်းစာဖွင့်ပွဲကြီးအတွက် မြို့မ အမျိုးသမီးကျောင်းတွင်

# ဆရာတော် "အရှင်ဇနကာဘိဝံသ" ဟောကြား ဆုံးမဩဝါဒပေးတော်မူသော တရားတော်



**(ယခင်အပတ်မှအဆက်)**

**ကံတိုင်းက အကျိုးပေးသလား**

ဉာဏ် ဝီရိယ တန်ဖိုးကိုမကြည့်ဘဲ ကံကို ယုံနေတယ်။ ကံကဉာဏ်ဝီရိယရှိရင် ပေးမယ်လေ၊ ဉာဏ်ဝီရိယမရှိရင် မပေးဘူးလေ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုက၊ နဲနဲထပ်ပြောမယ်။ တချို့သော အကုသိုလ်ကံတွေဟာ **ကာလသမ္ပတ္တိ-** ကာလ ကောင်းနဲ့ကြုံလို့ရှိရင် အကုသိုလ်ကံအကျိုးမပေးပါဘူး။ ဆိုပါတော့ ကာလက အင်မတန်ကောင်း၊ မင်းကောင်းမင်းမြတ်တွေအုပ်ချုပ်ပြီး တက်ကပ်ကြီး ဖြစ်နေတာ။ အကုသိုလ်ကံတော့ ပါပါတယ်တဲ့။ ပါပေမယ့်လို့ ကာလကောင်းနဲ့ကြုံနေတုန်းကို အကုသိုလ်ကံတွေ အကျိုးမပေးပါဘူး။ တချို့အကုသိုလ်ကံတွေ ရှိပါတယ်တဲ့။ ဂတိ-နတ်ဘဝတို့ လူ့ဘဝတို့ ကောင်းကောင်းနေရတဲ့အခါကြတော့ အကုသိုလ်တွေ အကျိုးမပေးနိုင်ဘူးတဲ့။ ပါတာပေါ့။ ဘုန်းကြီး သန္တာန်ထဲ အကုသိုလ်ကံတွေပါတာပေါ့။ အားလုံး ပရိသတ်တွေ သန္တာန်ထဲ အကုသိုလ်ကံတွေပါတာပေါ့။ မိမိလူ့ဘဝ ရနေတယ်ဆိုတော့ ငရဲမှာလို အကုသိုလ်မျိုးတော့ မပေးဘူးပေါ့။ တော်တော်တန်တန် လူတွေဆင်းရဲတယ် ပါတယ်ဆိုတဲ့ အကုသိုလ်ကံတွေကတော့ အခါမကောင်း အကြောင်းမသင့်တိုင်းဝင် လာမှာပါ။ ဉာဏ်ဝီရိယ ညံ့ဖျင်းတိုင်း ဝင်လာကြမှာပါ။

**ကာလ၊ ဂတိ၊ ဥပဓိနှင့် ပယောဂတို့ ပြည့်စုံမှသာ**

**ကာလောပဓိပ္ပယောဂါနံ၊ ဂတိယာစ ယာထာရဟံ။** ကာလကောင်းမှ ကုသိုလ်ကံတွေက အကျိုးပေးတယ်။ ဂတိ၊ ဘဝကောင်းမှ ကုသိုလ် ကောင်းမှုတွေ အကျိုးပေးတယ်။ ပယောဂဆိုတဲ့ ဉာဏ်ဝီရိယကောင်းမှ ကုသိုလ်ကံတွေက အကျိုး ပေးတယ်။ ရုပ်အဆင်းလှမှ ကုသိုလ်ကံတွေက အကျိုးပေးတယ်။ လှတာတောင် မဟုတ်ဘူး ကျန်းကျန်းမာမာလည်းရှိမှ ကုသိုလ်ကံက အကျိုး ပေးတယ်။ အကုသိုလ်ကံတွေက ကာလမကောင်း ဘူးဆိုရင် အကုသိုလ်ကံတွေကလာပြီ။ ကာလ မကောင်းဘူးတဲ့ဟော့။ တို့အကျိုးပေးကြစို့ဆိုပြီးတော့ အကုသိုလ်ကံတွေက စိတ်ညစ်အောင်ရယ်၊ ရောင်းလို့ဝယ်လို့ နေလို့ထိုင်လို့မကောင်း အောင်ရယ်၊ အကုသိုလ်ကံတွေက အကျိုးပေး တယ်။ အကျိုးပေးတယ်။

ဘဝမကောင်းလို့ တိရစ္ဆာန်ဘဝတို့ ခွေးဘဝတို့ ရောက်သွားကြတဲ့အခါကြတော့ ခွေးကလေး ကုသိုလ်ကံ မရှိဘူးလို့ မထင်လိုက်နဲ့။ ကုသိုလ်ကံရှိရှာတယ်။ ရှိပေမယ့်လို့ ဂတိက မကောင်းဂတိ ရောက်တော့ ကုသိုလ်ကံတွေက အကျိုးမပေးပြန်ဘူး။ ဟိုက ခဲနဲ့ပေါက်လိုက် ဒီကတုတ်နဲ့ရိုက်လိုက် ဖြစ်နေရရှာတယ်။ အကယ်၍ သာ အဲဒီခွေးကလေး လူ့ဘဝရောက်လို့ရှိရင် ခဲနဲ့ပေါက်ခံရမှာ မဟုတ်ဘူး။ တုတ်ရိုက်လည်း ခံချင်မှခံရမယ်။ ခုတော့ ဂတိ မကောင်းတဲ့ ဘဝရောက်တော့ ခွေးလေးလေ တုတ်နဲ့လည်း ရိုက်ခံရတယ်။ ခဲနဲ့ အပေါက်ခံရတယ်။ အဲဒီလို ကာလကောင်းမှ ဂတိကောင်းမှ။

လုံ့လ၊ ဝီရိယ၊ ဉာဏ်ဆိုတဲ့ . . . ပယောဂ ကောင်းမှ၊ ရုပ်အဆင်းကလည်း လှမှ၊ ကောင်းကောင်းအကျိုးပေးပါတယ်၊ ကုသိုလ်ကံတွေက။ ကာလမကောင်း ဂတိကလည်း တိရစ္ဆာန်ဘဝ ရောက်နေတယ်။ လုံ့လဝီရိယလည်း မရှိဘူး။ တိရစ္ဆာန်ဘဝ ရောက်နေတာတောင်၊ တစ်ချို့ခွေး လေးတွေ ပါးပါးနပ်နပ်နဲ့ ဟိုနားအမြီးနှံ့ ဒီနားအမြီးနှံ့ စားရသေးတယ်။ တော်တော်လိမ္မာသေးတာပေါ့။ ခွေးလိမ္မာလေး အတိုင်းဆို သူစားရသေးတယ်။ ရုပ်ကတော့ မချောလှဘူး။ ကြည့်ရင် သနားစရာ လေး။ အမြီးလေး တနှံ့ နှံ့နဲ့ ပေးလိုက်စမ်းပါဦးဆိုပြီး ကျွေးသေးတယ် မဟုတ်လား။ အဲဒါကြောင့် ကာလဂတိကောင်း၊ ကောင်းသလောက်ဟာတော့ နည်းနည်းကျွေးကြတာပဲ။ မကောင်းမကောင်း သလောက်တဲ့၊ ဒါတွေ ထပ်မချဲ့ပါနဲ့တော့။

**ကံကိုသာလွှဲချလေ့ရှိသော မြန်မာလူမျိုးတွေ အတွက် သင်ခန်းစာ**

လုံ့လမထူ ဉာဏ်မကူဘဲ အယူတစ်ချောင်း ကံတစ်ကြောင်းမျှမကောင်းလည်းကံ ကောင်းလည်း ကံဟု ကံကိုချည်းသာ မကိုးရဘူး။ ဆိုင်လွန်းလို့ မြန်မာလူမျိုးတွေနဲ့ ဆိုင်လွန်းလို့။ ဘုန်းကြီးက ဒီတရားကို ကံနဲ့ဆိုင်တဲ့ အကြောင်းတွေချည်း ပြောနေတယ်။ **"ပညာဉာဏ်ဟု ကောင်းစွာရှု၍ အပြု လုံ့လ ကြီးအပ်စွတည်း"** တဲ့။ ဉာဏ်ပညာလည်း ကြီးရမယ်။ အပြုဆိုတဲ့ လုံ့လဝီရိယလည်း ရှိရမယ်။ ဒါပေမယ့်လို့ အဆင်သင့်အောင် ပြုပြီးတော့မှ လုပ်လို့ရမယ်တဲ့။ မနေ့တုန်းက ဘုန်းကြီး မင်းရန်နောင်အကြောင်း ပြောခဲ့တယ်မဟုတ်လား။ တစ်ချို့ပရိသတ် မကြားဖူးဘူး။

သာသနာကို ဖျက်ဆီးနေတော့ မင်းကြီး ရန်နောင်နဲ့ မှူးကြီး၊ မတ်ကြီးတွေ တော်တော်မကျေနပ်ကြဘူး။ တော်တော်မကျေနပ်ကြတော့ ဒီပြင် မှူးတွေ၊ မတ်တွေက ဒီလောက်မကြံသာဘူး။ မင်းကြီး ရန်နောင်ကတော့ အတွင်းလူလည်းဖြစ်နေတယ်။ အချိန်စောင့်နေတယ်။ ဓား လက်သုံးတော်ဓားကို ကြည့်ချင်တယ်ဆိုတော့. . ကောင်းပါပြီ။ အချိန်တွေ ဘာတွေ အကုန်လုံးဆိုင်းပြီးတော့ ဘေးပတ်ဝန်းကျင်က အစီအစဉ်တွေလုပ်ပြီးတော့ အဲ့ဒီလက်သုံးတော်ဓားပြရင်းနဲ့ဘဲ အဲ့ဒီလူကို သုတ်သင်လိုက်တယ်။ ဒီတော့ သူ့ဟာနဲ့သူ အချိန်သင့်အောင် စောင့်ပြီးတော့မှ ဉာဏ်ရော ဝီရိယရော အသုံးပြုလိုက်တဲ့ ဥစ္စာ အကုန်လုံးအထမြောက်သွားတယ်။ မနေ့ကဘဲ ပြောခဲ့တယ်။ မင်းကြီးရန်နောင်တို့ကိစ္စ **"လုံ့လမထူ ဉာဏ်မကူဘဲ အယူတစ်ချောင်း ကံတစ်ကြောင်းမျှ မကောင်းလည်းကံ ကောင်းလည်းကံဟု ကံကိုချည်းသာ မကိုးရာဘူး"** ကံတော့ပါပါတယ်။ ကံပါပေမယ့်လို့ ဉာဏ်ဝီရိယက အရေးကြီးတယ်။

**ဝီရိယလည်းထူ။ ဉာဏ်လည်းကူ။**

**"ပညာဉာဏ်ကို ကောင်းစွာပြု၍ အပြု လုံ့လရှိအပ်စွာတည်း၊ တံငါလက်တွင်း သက်ဆင်းရောက်ငြား၊ သုံးကောင်ငါးကို မှတ်သားဝမ်းထဲ စိတ်ဝယ်စွဲလို့"** ဒီဝတ္ထု ကလေး

က သက္ကတကလည်းပါတယ်။ ဇာတ်တော်ကလည်းပါတယ်။ တံငါဟာ လှေကလေးနဲ့ ငါးဖမ်းရာက တံငါ ငါး (၃) ကောင် ခပ်ကြီးကြီးလေးရတယ်။ ငါး (၃) ကောင် အနက် တစ်ကောင်က ကံကို ယုံတဲ့ငါး၊ ကံရှိသလို ဖြစ်လိမ့် မပေ့ါလေ။ ကံရှိလည်း လွတ်လိမ့်မပေ့ါလေ။ တစ်ကောင်က ဝီရိယ ယုံတဲ့ငါး၊ ကြိုးစားဦးမှဘဲ။ ငါတော့ တံငါလက်ထဲရောက်သွားပြီ။ ဖုတ်ဖပ်ဖုတ်ဖပ်နဲ့ သူကခုန်တယ်။ ဟိုတစ်ကောင်ကတော့ တိတ်ပြီးတော့ အချိန်ကြည့်ရမှာဘဲဆိုတော့ သူက ကံရော ဉာဏ်ရော ဝီရိယကော ယုံတဲ့သူကိုး။

ဒါနဲ့ ငါး (၃) ကောင် လှေပေါ်မှာ ပါပြီးတော့ သွားတော့ တစ်ကောင်က ဝီရိယကို သိပ်ယုံတယ်။ တဖပ်ဖပ်နဲ့ ခုန်လိုက်တာ၊ လှေသမားက တက်နဲ့ချပြီးတော့ "တယ်ဆိုးတဲ့ငါး" ဆိုပြီးတော့ တက်နဲ့ချလိုက်တာ သေရှာရော ဝီရိယသမား။ သူလွတ်လောက်တဲ့ ကံမပါဘူးလား။ ဉာဏ်မရှိလို့ သေရတာ။ လွတ်လောက်တဲ့ ကံမပါဘူးလို့ မဆိုနိုင်ဘူး။ ဉာဏ်မရှိတာနဲ့ဘဲ တဖတ်ဖတ်ခုန်နေတာနဲ့ဘဲ သူ့အရိုက်ခံရလို့ သေတယ်။

လှေပေါ်မှာ ငါးတစ်ကောင်ကတော့ အခြေအနေကြည့်ပြီးတော့ လှေသမားက ကမ်းနားရောက်တော့ ခပ်ပေ့ါပေ့ါကလေးနဲ့ လှေနံနင်းလိုက်တာ ငါးက တစ်ခါတည်းခုန်ချလိုက်ရာ ငါတစ်ကောင်လွတ်သွားရော။ လွတ်လောက်တဲ့ ကံကလည်းရှိလို့ ဒီလိုသာခုန်ချရင် လွတ်လိမ့်မယ်လို့ ဉာဏ်ကလည်းရှိ၊ ခုန်ချတဲ့ ဝီရိယကလည်း ရှိတယ်။ ကံဉာဏ်ဝီရိယ (၃) ပါးလုံးနဲ့ အဲ့ဒီငါး လွတ်သွားတယ်။

ကံရှိသလို ဖြစ်လိမ့်မပေ့ါလေဆိုတဲ့ ငါးကြီးတော့ ပါသွားလေရဲ့။ ပုခုံးပေါ်တင်ဆွဲပြီးတော့ သေရှာရော။ "တံငါလက်တွင်း သက်ဆင်းရောက်ငြား (၃) ကောင်ငါးကို မှတ်သားဝမ်းထဲ စိတ်ဝယ်စွဲလို့ ကံမွဲ ဉာဏ် နုပ်၊ မလုံ့မလ နတ်မ, မဘူး"တဲ့။

**လူကစွမ်းနိုင်လို့ နတ်က မ,ပေးတာ**

တစ်ချို့က နတ်တင် ဘာတင်နဲ့ နတ်ကို အင်မတန်အားကိုးတယ်။ နတ်ကလည်း သူ့ဟာသူ ချည်းစွမ်းတာ မဟုတ်ဘူး။ လုံ့လဝီရိယကိုကြည့်ပြီး သူကလည်း နာမည်ပျက်မှာစိုးရတယ်မဟုတ်လား။ နင်ကလည်း ငါ့ချည်းတင် ငါ့ဘဲ ပသပြီး သူကတော့ လုံ့လဝီရိယမရှိဘူး။ ဉာဏ်လဲမရှိဘူး။ ပြီးတော့ ငါမ, မဘူးလေး၊ မ, မဘူးလေးနဲ့ သူငှက်ပျောပွဲဆုံးသလို ဘာလိုလိုနဲ့ ထင်နေတယ်။ နတ်ကလည်းဘဲ လုံ့လဝီရိယ မရှိတဲ့လူဆိုတော့ မ,မဘူး။ သူလည်း နာမည်လိုချင်ဦးမှာဘဲ ဟုတ်လား။ ကံရော ဉာဏ်ရော ဝီရိယရောစုံမှ နတ်ကလည်း မ,မယ် "ကံမွဲဉာဏ်နုံ မလုံ့မလ နတ်မ, မဘူး" တဲ့ ဘုန်းကြီးပြောမယ်။ မှတ်စရာတော်တော်ကောင်းမယ်။

**သိကြားမင်းကတော့ ကံအရှိအတိုင်းဟောတာပါဘဲ**

ရှေးတုန်းက ရှင်ဘုရင် (၂)ပါးပေ့ါ လေ။ စစ်ဖြစ်ဖို့ရန် စစ်ဦးချင်းဆိုင်နေကြတယ်။ အရမ်းမဲ့မတိုက်ဘူး။ သူ့ဟာသူ ချိန်ကိုက်ပြီး တိုက် မလို့။ အဿကမင်းတို့ ကလိင်္ဂမင်းတို့ဘာတို့ပေ့ါ။ ဒါနဲ့ စစ်ဦးချင်းဆိုင်ရာက နာမည်အပြောင်းအလဲများပြောသလားမသိဘူး။ ကလိင်္ဂမင်းက ဘယ့်နှယ့်ဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ ဒီတော့ ဟိုမှာ ရသေ့ရှိတယ်။ တောင်ကြားထဲမှာနေတဲ့ ရသေ့သွားပြီးတော့ မေးဦးမှဘဲလို့ ဆိုပြီးတော့။ သူက ရုပ်ဖျက်ပြီးတော့ ရှင်ဘုရင်အနေမျိုးနဲ့မဟုတ်ဘဲ စစ်တိုက်မယ်လို့ ရင်ဆိုင်နေကြတယ်။ ဘယ်ဘက်က နိုင်မတုန်း။ ကလိင်္ဂမင်းက နိုင်လိမ့်မယ် ဆိုပါတော့။ နာမည်တော့ ဘုန်းကြီး သေသေချာချာ သတိမထားမိဘူး။ ကလိင်္ဂမင်းက နိုင်လိမ့်မယ်။ အဲ့ဒီမေးတဲ့မင်းဘဲ။ ဟာ. . ငါက နိုင်မတဲ့လား။ ငါက နိုင်မတဲ့ဆိုတော့ ဝမ်းသာအားရနဲ့ နဂိုက သူက စစ်အင်အားလည်း သာတယ်။ သတ္တိဗျတ္တိလည်း သူတို့က ရှိတယ်။ စစ်အင်အားလည်း ကောင်းတယ်။ နိုင်မယ်လည်း ဟောတယ်ဆိုတော့ သေချာပေါက်ပါပဲလို့ဆိုပြီးတော့ သူက ပြန်သွားတယ်။

မှူးကြီး မတ်ကြီးတွေလည်း ကိစ္စမရှိဘူး။ နိုင်မှာတဲ့။ တို့က သေချာပေါက် နိုင်မှာတဲ့။ ဘာမှ ဂရုမစိုက်နဲ့ နိုင်မှာဘဲ။ တစ်ဆင့် တစ်ဆင့်နဲ့ စစ်သားတွေကလည်း တို့က နိုင်မှာတဲ့လား။ နဂိုကလည်း သူကနိုင်တဲ့ အနေမျိုးနဲ့ တက်လာကြပြီ။ နိုင်မှာတဲ့ဟ၊ နိုင်မှာတဲ့ဟ၊ ဆိုပြီးတော့ သူတို့ကပျော်လို့။ တကတည်း သောက်လို့စားလို့ ပျော်လို့။ ဟိုဘက်က စစ်တပ်က စစ်ဗိုလ်ကြီးက ဘာလဲ။ ဟိုဘက်ကလူတွေ ပျော်လှချည်လား။ ဘာဖြစ်လို့လဲ။ သူတို့စစ်သား အငယ် အငယ်ချင်းဘက်ကတော့ အဆက်အသွယ်ရှိတယ်။ သူတို့က နိုင်မယ်ဆိုတာသေချာနေတယ်။ ဘယ်သူက ပြောသတုန်း။ ရသေ့ကိုသွားမေးတော့ ရသေ့က ဒီလိုလေ ငါသေသေချာချာမသိဘူး။ သိကြားမင်း ငါ့ဆီ လာတတ်တယ်။ သိကြားလာတဲ့အခါကျတော့ ငါမေးလိုက်ဦးမယ်လို့ သိကြားလာတဲ့အခါ မေးလိုက်ဦးမယ်ဆိုတော့။ သိကြားမင်းက ကလိင်္ဂမင်းက နိုင်ပါလိမ့်မယ်လို့။ ဒီတော့ အတိတ်နိမိတ်တွေလည်း ရှိတယ်ကိုး။ ရသေ့က သိကြားပြောတဲ့အတိုင်းဘဲ ပြောလိုက်တယ်။ ပြောလိုက်တော့ ရှင်ဘုရင်က ဝမ်းသာအားရနဲ့ နေပြီးတော့ သူတို့တစ်ဘက်လုံးက ပျော်နေကြတယ်။

**မိမိ၏ဉာဏ်၊ ဝီရိယ၊ ပယောဂ အားကိုး မလား။ ပြင်ပအားကိုးမလား။**

အဲဒါ ပျော်နေတဲ့ဥစ္စာကို ဟိုဘက်စစ်တပ်ကသိတော့။ ဘာဖြစ်လို့လဲ သူတို့နိုင်မှာတဲ့။ ဘယ်သူကပြောတုန်း။ ရသေ့က ပြောသတဲ့။ ဒါဖြင့်လာ ငါလည်း သွားမေးဦးမယ်ဆိုပြီးတော့ စစ်ဗိုလ်ကြီးက သွားမေးတယ်။ နှစ်ဘက် ရင်ဆိုင်နေရတယ် ဘယ်ဘက်ကနိုင်မတုန်း ဆိုတော့ ဟိုဘက်က နိုင်လိမ့်မယ်။ ဘာများ အထိမ်းအမှတ်ရှိလဲ။ ဟိုစစ်တိုက် တဲ့အခါမှာ ရှင်ဘုရင် (၂)ပါးရဲ့ ကိုယ်စောင့် နတ်တွေက၊ ကိုယ်စောင့်နတ်က အင်း ဆင်ယောင်ဆောင်တော့ သူတို့ကလည်းအပေါ်ကနေ တိုက်ကြလိမ့်မယ်။ ဟိုဘက် ရှင်ဘုရင်ရဲ့ ဆင်ကဆင်ဖြူတော်ဖြစ်တယ်။ ဒီဘက် ရှင်ဘုရင်ရဲ့ ဆင်က ဆင်မည်းဖြစ်တယ်။ ဒီတော့ ဆင်ဖြူတော်ကို ကြောက်ပြီးတော့ ဆင်းမည်းက ပြေးတာနဲ့ဘဲ အားလုံး ထောင်းထုသွားကြ လိမ့်မယ်။ ရှုံးသွားလိမ့်မ ယ်။ နတ်ချင်းလည်း တိုက်ဦးမှာကိုး၊ လူချင်းမက ဘူး။ နတ်ချင်းလည်း တိုက်ဦးမှာ။ နောက်စစ်တိုက် တဲ့အခါ နတ်ချင်းတိုက်တဲ့အခါ တို့နတ်က ပြေးလို့ ရှုံးရမှာတဲ့။

သိပြီးတော့. . . ခေါင်းမာတဲ့ စစ်သားတစ်ထောင်၊ ရှင်ဘုရင်အကျိုးလိုလားတဲ့ စစ်သား တစ်ထောင်၊ တိတ်တိတ်ခေါ်ပြီး တောင်ပေါ်ခေါ်သွားတယ်။ "ရဲဘော်တို့ မင်းတို့ ရှင်ဘုရင်အတွက် အသက်စွန့်ရဲလား? "စွန့်ဝံ့တယ်" "စွန့်ဝံ့လို့ရှိရင် ဒီတောင်ပေါ်က ခုန်ချဝံ့လား" ဆိုတော့ ခုန်မယ်လို့ လုပ်ကြတော့ "နေဦး၊ အချည်းအနှီး အသက်မစွန့်နဲ့၊ ကျွန်ုပ် ဒီနေ့ စုံစမ်းလာတယ်။ ရှင်ဘုရင် (၂)ဦးရဲ့ နတ်(၂)ယောက်က အပေါ်ကနေပြီးတော့ကာ သူတို့ကလည်း တိုက်ကြလိမ့်မယ်တဲ့။ တို့ဘက်က နတ်က ညံ့တယ်။ တို့က ရှုံးလိမ့်မယ်လို့ ပြောတယ်။ ဒီတော့ ဘာမှမပြောနဲ့။ စစ်မြေပြင်ကိုထွက်လို့ ရှင်ဘုရင် (၂)ဦးက ရှေ့ဆောင်ထွက်တဲ့ အခါသင်တို့က တို့ရှင်ဘုရင်နားကလိုက်၊ မင်းတို့ တစ်ထောင်က တို့ရှင်ဘုရင်နားက ကပ်လိုက်။ ပြီးတော့ စစ်တိုက်တဲ့အခါ ဟိုဘက်နတ်နဲ့ ဒီဘက်နတ် သူတို့အယောင်ဆောင်တိုက်တဲ့အခါ မင်းတို့တော့ မြင်မယ်မဟုတ်ဘူး။ ရှင်ဘုရင်ချင်းတော့ မြင်လိမ့်မယ်။ တို့ရှင်ဘုရင်ကိုမေး အရှင်မင်းမြတ် ဟိုဘက်နတ်နဲ့ ဒီဘက်နတ် စစ်တိုက်နေကြတယ်။ အရှင်မင်းမြတ်ရဲ့ နတ်က ဘယ်နှယ့်နေတုန်းလို့ မေးပါ။ မေးတော့ ဘယ့်နှယ့်နေတုန်းမေးတော့ ဘယ်နတ်က ဘယ်နားမှာလို့ ပြောလိမ့်မယ်။ ပြောတဲ့နေရာကို မင်းတို့က လှံနဲ့သာ ဝိုင်းထိုးကြပေတော့။ မြင်မြင် မမြင်မြင် ဝိုင်းထိုးရမယ် မင်းတို့ တစ်ထောင်လောက်က ဒီလို အမိန့်ပေးထားတယ်ဆိုပါတော့။

နက်ဖြန်ခါကြတော့ စစ်ဦးထွက်ကြတယ်။ စစ်ဦးထွက်တော့ ရှင်ဘုရင်တွေကထွက် စစ်သား တွေ မှူးမတ်တွေက ဘေးကရံပြီးတော့ ရှင်ဘုရင် နှစ်ယောက် တော်တော်လေးလည်း ရောက်လာရော နတ်နှစ်ယောက်ကလည်းပဲ

စာမျက်နှာ ၃၇ သို့

# ဉာဏ်အမြင်ကြည်လင်စေတတ် ဝိပဿနာအကျင့်မြတ်

**ဟိန်းမင်းထက် (စိန်ကန့်လန့်)**



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ အရွယ်ရောက်လာသောအခါ ဗာရာဏသီပြည်၏ ဒီသာပါမောက္ခဆရာကြီး ဖြစ်လာလေသည်။

ဆရာကြီးထံတွင် မင်းသားများ ပုဏ္ဏားများသည် ဗေဒင်ပညာရပ်ကို လာရောက်သင်ယူကြသည်။ပုဏ္ဏားများထဲမှ ပုဏ္ဏားလုလင်တယောက်သည် ဗေဒင်သုံးပုံကို ထူးချွန်စွာ တတ်မြောက်သည်။သို့အတွက် ဆရာကြီးက ထိုလုလင်ပုဏ္ဏားကို သူ၏ လက်ထောက် ဆရာအဖြစ်တာဝန်ပေးအပ်ခဲ့သည်။ အချိန်ကာလကြာလာသောအခါ ထိုလက်ထောက် ဆရာပုဏ္ဏားသည် အိမ်ထောင်ပြုခဲ့သည်။အိမ်ထောင်သည်ဘဝ၌ လူမှုကိစ္စအဝဝ များပြားလွန်းသောကြောင့် စိတ်မှာကြည်လင်ခြင်း မရှိတော့ဘဲ ထုံထိုင်းနောက်ကျူနေသဖြင့် ဗေဒင်ဆိုင်ရာ စာပေများကို မှတ်မိခြင်းမရှိတော့ဘဲ မေ့လျော့ကုန်တော့သည်။

လက်ထောက်ဆရာ၏ အခြေအနေကို အကဲခတ်မိသောဆရာကြီးက "ဆရာလေး. . . . ဗေဒင်ပညာရပ်များကို အစဉ်တစိုက် လေ့ကျင့်မှု ရှိပါ၏လော"ဟု မေးမြန်းရာ လက်ထောက်ဆရာပုဏ္ဏားလုလင်ကလည်း မကွယ်မထောက်ဘဲ မိမိ၏ ဘဝတွေ့ကြုံရသည်ကို အမှန်အတိုင်းပြောပြလိုက်သည်။ ထိုအခါ ဆရာကြီးက"တပည့် စိတ်နောက်ကျူနေလျှင် လေ့ကျင့်သော်လည်း ဗေဒင်ပညာသည် ဉာဏ်၌ပေါ်လာမည်မဟုတ်၊ စိတ်ကြည်လင်နေပါမူ ဉာဏ်၌ ဗေဒင်ပညာသည် ထင်ထင်ရှားရှားပေါ်လာ၍ ပညာရှိဖြစ်လာပေမည်"ဟု ဆရာကြီးက ပြန်လည်မိန့်ကြားလိုက်သည်။

ထိုအကြောင်းအရာတို့သည် နိပါတ်တော်လာ"ဇာတ်တော်ငါးရာငါးဆယ် "မှ "အနဘိရတိဇာတ်" အကျဉ်းချုပ်ဖြစ်ပါ၏။

လက်ထောက် ဆရာပုဏ္ဏားသည် ယခုအခါ ဗေဒင်သုံးပုံတတ်ကျွမ်းသော ပုဏ္ဏားဖြစ်၍ ဒီသာပါမောက္ခဆရာကြီးမှာ မြတ်ဗုဒ္ဓဖြစ်ပေသည်။

စိတ်ကြည်လင်မှုမရှိပါက အသိဉာဏ်များမေ့ပျောက်ရခြင်းကို အကြောင်းပြု၍ "အနဘိရတိဇာတ်တော်"ကို မြတ်စွာဘုရား ဟောကြားခဲ့ခြင်းဖြစ်ပေ၏။

မြတ်စွာဘုရားသည်"ပဉ္စကနိပါတ် သိင်္ဂါရဝသုတ်"၌လည်း သိင်္ဂါရဝပုဏ္ဏားကို အကြောင်းပြု၍ စိတ်မကြည်လင်သည့်အခါ အသိဉာဏ်များမေ့ပျောက်ရပုံကို ဟောကြားတော်မူခဲ့ပါသေးသည်။

အခါတစ်ပါး၌ သိင်္ဂါရဝ ပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်ထားတော်မူခဲ့သည်။

"အရှင်မြတ်ဘုရားသည် . . . . အကျွန်ုပ်သည် ဗေဒင်အတတ်ကို တတ်ကျွမ်း၍ ဗေဒင်ပညာကိုဟောကြားနေသူ တစ်ဦးဖြစ်ပါသည်။တစ်ခါတစ်ရံ ဗေဒင်ပညာတို့သည် ဉာဏ်၌ထင်ပေါ်လာခြင်းမရှိပါ။နေ့ညဥ့်မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ပါသော်လည်း မှန်ကန်မှုမရှိတော့ပါ။တစ်ခါတစ်ရံ ရွတ်ဖတ်သရဇ္ဈာယ်သည့်အခါ ဗေဒင်ပညာတို့သည် ဉာဏ်အမြင်၌ မှန်ကန်စွာ ထင်မြင်လာပါသည်။ အကြောင်းမည်သို့ကြောင့်ပါနည်းဘုရား"ဟု ရိုသေစွာ လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား. . . . ဟုတ်တိုင်းမှန်စွာသိခြင်း မသိခြင်းဖြစ်ရသည်ကား. . . . ကာမဂုဏ်တို့၌ စွဲမက်နှစ်သက်ခြင်း ဟူသော ကာမရာဂ၊ ဖျက်စီးလိုခြင်းဟူသော ဗျာပါဒ၊ လေးလံထိုင်းမှိုင်းခြင်းဟူသော ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း၊ ကစင့်ကလျားဖြစ်ခြင်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စ၊ မဝေခွဲမဆုံးဖြတ်နိုင်ခြင်းဟူသော ဝိစိကိစ္ဆာတို့ ကြောင့် ပင်တည်း"ဟု ပြန်လည်မိန့်ကြားလိုက်သည်။

မြတ်စွာဘုရား ဟောကြားချက်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သော ပုဏ္ဏားသည် သိရှိနားလည်ခြင်း မရှိ၍ စကားတုံ့ပြန်ပင် မဆိုနိုင်ဘဲ ဆိတ်ဆိတ် သာနေတော့သည်။

သိင်္ဂါရဝပုဏ္ဏား၏ အခြေအနေကို သိတော်မူသော မြတ်စွာဘုရားက"ဥပမာ" ဆောင်၍ ဟောကြားတော်မူပါသည်။

"ပုဏ္ဏား. . . . ဥပမာအားဖြင့် သန့်စင်ကြည်လင် တည်ငြိမ်သောရေပြင်ထဲသို့ ငုံ့ကြည့်လိုက်ပါ. . . . သင်၏အရိပ်ကို ကောင်းစွာမြင်နိုင်ပါရဲ့လား"

"မှန်ပါ့. . . . ကောင်းစွာမြင်နိုင်ပါ သည်ဘုရား. . . ."

"ပုဏ္ဏား. . . . ထိုရေကို အနီ၊အပြာ အစိမ်း စသောဆေးမှုန့်များရောခတ်ထားလျှင်ဖြစ်စေ၊ရေပြင်ပေါ် ပွက်ပွက်ဆူနေသော အခိုးအငွေ့များ ထွက်နေလျှင်ဖြစ်စေ၊ ရေညှိရေမှော်တို့ရောယှက်ရှုပ်ထွေးနေလျှင်ဖြစ်စေ၊ ရွှံ့ညွန်အနည်တို့ဖြင့် နောက်ကျိမဲညစ်နေလျှင်ဖြစ်စေ. . . . ငုံ့ကြည့်ပါမူ မြင်နိုင်ပါသေးရဲ့လား. . . ."

"မှန်ပါ. . . . အရှင်ဂေါတမ. . . မမြင်နိုင်ကောင်းပါဘုရား"ဟု ရိုသေစွာ ပြန်လည်လျှောက်ထားလိုက်လေသည်။

"မြတ်စွာဘုရား ဟောကြားချက်တွင် စိတ်ကြည်လင်မှုသည် သန့်ရှင်းကြည်လင် တည်ငြိမ်သောရေပြင်နှင့် ပမာတူကြောင်း၊ ကာမရာဂ၊ဗျာပါဒ၊ ထိနမိဒ္ဓ၊ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသောငါးပါးသော ကိလေသာတရားတို့သည် အရောင်ဆိုးထားသောဆေးမှုန့် အခိုး အငွေ့၊ရေညှိ၊ ရွှံ့ညွန် ဟူသောအရာဝတ္ထုများနှင့် ဥပမာထပ်တူပြု ဟောကြားထားခြင်း ဖြစ်ပေသည်။

**ကိလေသ**- ကိလေသာဟူသည် စိတ်ကို ညစ်ညူးစေတတ်၊ပူပန်စေတတ်သော တရားဖြစ်သည်။

ကိလေသာ တရား(၁၀)ပါး ရှိလေ သည်။

(၁) လောဘ -လိုချင်တပ်မက်ခြင်း၊
(၂) မောဟ -တွေဝေခြင်း၊
(၃) ဒေါသ -အမျက်ထွက်ခြင်း၊
(၄) မာန -ထောင်လွှားခြင်း၊
(၅) ဒိဋ္ဌိ -အယူမှားခြင်း၊
(၆) ဝိစိကိစ္ဆာ -မဆုံးဖြတ်နိုင်ခြင်း၊
(၇) ထိန -ထိုင်းမှိုင်းခြင်း၊
(၈) ဥဒ္ဓစ္စ -ပျံ့လွင့်ခြင်း၊
(၉) အဟိရိက -အရှက်မရှိခြင်း၊
(၁၀) အနောတ္တပ္ပ-အကြောက်မရှိခြင်း၊

**စာမျက်နှာ ၃၆ သို့**

# ဗုဒ္ဓဘာသာကျင့်စဉ်(၃)

ဟိတေသီနာဂသိန်



ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မိမိတို့သည် ရတနာမြတ်သုံးပါးကို စွဲမြဲစွာ ယုံကြည်ကိုးကွယ်ခြင်း၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း၊ ထိုအချက်နှစ်ချက်နှင့် ပြည့်စုံနေပြီဆိုပါက ဆက်ကျင့်စရာ မည်မျှကျန်ပါသေးသနည်း။ သာကီဝင်မင်းသား မဟာနာမ်မင်းသည် မိမိတို့ကိုယ်စား ဘုရားရှင်အားဆက်၍ လျှောက်ထားလိုက်ပြန်သည်။

"မြတ်စွာဘုရား ဘယ်လိုအချက်အလက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဘာသာဟုခေါ်ရပါမည်လဲ ဘုရား"

"သာကီဝင်ဖြစ်သော မဟာနာမ်မင်းငါကဲ့သို့သော ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတရွှေဉာဏ်တော်တို့ကို ယုံကြည်သည့် သဒ္ဓါတရားနှင့်ပြည့်စုံပါက ဗုဒ္ဓဘာသာဟုခေါ်နိုင်သည်"

ဘုရားရှင်သည် ဗျာဒိတ်ရပြီးသည့် အလောင်းတော်သုမေဓါရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော် တို့ကို ဖြည့်ကျင့်ခဲ့လေသည်။ အဆုံးဘဝတွင် ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင် တော်မူ၍ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဘုရားအဖြစ်သို့ရောက်တော်မူလေသည်။ဘုရားဖြစ်တော်မူခြင်းသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်နှစ်ပါးကိုရရှိတော်မူခြင်းပင်ဖြစ်သည်။ **ထိုအရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတ ဉာဏ်တော် နှစ်ပါး၏တရားကိုယ်ကား ပညာနှင့်ကရုဏာနှစ်ပါးပင်ဖြစ်သည်။**

ပညာဖြင့် အရဟတ္တမဂ်ဉာဏ်ကို ရရှိ၍ ထိုမဂ်ဉာဏ်ဖြင့်တစ်ထောင့်ငါးရာ ကိလေသာတို့ကို ဝါသနာနှင့်တကွမြူမျှမကျန် ရအောင်သုတ်သင်တော်မူခဲ့ခြင်းဖြစ်သည်။ တစ်နည်းကား ဘုရားရှင်သည် ဗောဓိပင်ခြေရင်း၌ သီလတည်းဟူသော မြေပေါ်တွင် ဝီရိယခြေတော်ကို ခိုင်ခိုင်မတ်မတ်ရပ်တည်ကာ သဒ္ဓါလက်ဖြင့် ဉာဏ်ပုဆိန်ကိုကိုင်စွဲတော်မူကာ သံသရာစက်တို့ကို ပယ်ဖြတ်ခုတ်ထွင်တော်မူခဲ့သည်။

သဗ္ဗညုတ ရွှေဉာဏ်တော်သည်ကား မဟာကရုဏာတော်ကြောင့် ရရှိခြင်းပင် ဖြစ်သည်။ ဘုရားရှင်သည် အလောင်းတော် သုမေဓါရှင်ရသေ့ဘဝကတည်းကပင် နိဗ္ဗာန်သို့ ရောက်နိုင်သော်လည်း နိဗ္ဗာန်သို့ကူးတော်မမူခဲ့ချေ။ ဝေနေယျကြွာသတ္တဝါတို့အတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင်ဆက်၍ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။ဝေနေယျသတ္တဝါများအတွက် မျက်လုံးတော် အနန္တ၊ ဦးခေါင်းတော်အနန္တ၊အသွေးတော်အသားတော်အနန္တတို့ကို လှူဒါန်း၍ ပင်ပင်ပန်းပန်းခဲခဲ ယဉ်းယဉ်းပါရမီတော်တို့ကို ဖြည့်ကျင့်နိုင်ခြင်းမှာ ဤမဟာကရုဏာ တော်ကြောင့်ပင်ဖြစ် သည်။

ဘုရားရှင်သည်အလောင်းတော်ဘဝကတည်းကပင်လျှင်"**ဗုဒ္ဓေါဗောဓေယျံ-ငါသစ္စာလေးပါးကိုသိရင် သတ္တဝါတွေလည်းသိစေရမယ်။ မုတ္တောမောစေယျံ-ငါသံသရာမှလွတ်ရင် သတ္တဝါတွေလည်းလွတ်မြောက်စေရမယ်။တိဏ္ဏောတာရေယျံ-ငါသံသရာမှကူး မြောက်နိုင်ရင် သတ္တဝါတွေ လည်းကူးမြောက်နိုင်ရမယ်**" ဟူသည့်စကား သုံးခွန်းကို ကြုံးဝါး ပြောဆို၍ မဆုတ်မနစ်သော ဖွဲလုံ့လတော်တို့ကို အရင်းတည်၍ ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သည်မှာလည်း ဤမဟာကရုဏာတော်ကြောင့် ပင်ဖြစ်ပါ၏။

ဘုရားဖြစ်သည့်အခါတွင်လည်း ဤဉာဏ်တော်နှစ်ပါးကို အစွမ်းကုန်အသုံးချ လျက် ဝေနေယျတို့၏ အဇ္ဈာသယနှင့်အညီ လေးဆယ့်ငါးဝါကာလပတ်လုံး မနားမနေ တရားဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့လေသည်။ **"စတုသစ္စာ ဝိနိမုတ္တော ဓမ္မေ နာမနတ္ထိ"- သစ္စာလေးပါးမှ လွတ်သောတရား ဟူ၍မရှိ။ "ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" - ကမ္မဋ္ဌာန်းမှလွတ်သောတရားမရှိ ဟူသည့် ဓမ္မနှင့်အညီ ဓမ္မက္ခန္ဓပေါင်း ရှစ်သောင်းလေးထောင်ကုန်သော အဆုံးအမတော် တို့ကို ဟောကြားတော်မူခဲ့လေသည်။**

ဤကဲ့သို့ ပညာနှင့်ကရုဏာနှစ်ပါး အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ရွှေဉာဏ်တော်နှစ်ပါး၏တည်နေရာ ဘုရားရှင်၏ကျေးဇူးကို မိမိတို့သည် မြတ်စွာဘုရား ဟောကြားခဲ့၍ တရားတို့ကိုကျင့်သုံးခြင်းဖြင့် ကျေးဇူးပြန်ဆပ်ကြရမည်ဖြစ်သည်။ထို့ကြောင့် အကျဉ်းအားဖြင့် အရဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသော ဂုဏ်တော်၊အကျယ်အားဖြင့် မရေမတွက်နိုင်ကုန်သော ကျေးဇူးတော်၊ ဂုဏ်တော်၊ ဘုန်းတော်၊ ကံတော်၊ဉာဏ်တော် အနန္တတို့ကို မိမိ တို့ဉာဏ်မီသလောက် မှန်းဆကြည်ညိုကာ သဒ္ဓါတရား ပြည့်စုံအောင် အားထုတ်ရမည်ကား မိမိတို့ဗုဒ္ဓဘာသာဝင်များ ကျင့်ရမည့် တတိယ ကျင့်စဉ်ပင်ဖြစ်ပါကြောင်း ရေးသား ဖေါ်ပြလိုက်ရပါသည်။

**(ဟိတေသီနာဂသိန်)**

---

**စာမျက်နှာ ၃၅ မှ**

သိင်္ဂါရဝ ပုဏ္ဏားအားမြတ်စွာဘုရား ဟောကြားခဲ့သော ကာမရာဂ တရားမှာ လောဘတရား၌ အကျုံးဝင်ပြီး ဗျာပါဒ တရားသည်လည်း မနောဒုစရိုက်သုံးပါးတွင် အပါအဝင်ဖြစ်၍ စိတ်ညစ်ညူးစေတတ်သော အကြောင်းတရားထဲတွင် ထည့်သွင်းဟောကြားခဲ့ခြင်းဖြစ်ပါသည်။

ကိလေသာ တရားတို့ကို ဖယ်ရှင်းပြတ်တောက်စေမည့်အကြောင်းကို ဓမ္မပဒယမကဝဂ် နန္ဒတ္ထေရဝတ္ထုတွင် မိုးရေမိုး ပေါက်တို့ဖြင့် ဥပမာပြုဟောကြားထားပေသည်။

**ကောင်းမွန်သေချာ လုံခြုံစွာ မိုးအပ်သောဇရပ်၊တန်ဆောင်း၊အိမ်၊ကျောင်း၊ မဏ္ဍပ်တို့ကို မိုးရေ မိုးပေါက်တို့သည် မထွင်းဖေါက်မယိုကျနိုင်သကဲ့သို့ သမထ ဝိပဿနာတရားတို့ ဖြင့် ကောင်းစွာ ပွားများထားသောစိတ်ကိုလည်း ကိလေသာ မိုးရေမိုးပေါက်တို့သည် မထိုးဖေါက်မဝင်ရောက် မဖျက်ဆီးနိုင်ချေ။**

သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်သော သမထ ဝိပဿနာတရားတို့ကို လက်တွေ့ကြိမ်ဖန်များစွာ လေ့ကျင့်ပွားများခြင်းသည်သာစိတ်ကိုကြည်လင် ဉာဏ်အမြင်ထက်သန် ရင့်ကျက်နိုင်မည်ဖြစ်ပါတော့သတည်း။

**ဟိန်းမင်းထက်**
**(စိန်ကန့်လန့်)**

# အသွားလောဘ အပြန်ဒေါသ ကျောင်းရောက် မောဟ

ခင်သူဇာမြင့်

ဖြူးမြို့နယ် ညောင်ပင်သာဘုတာရွာတွင် သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တိုင်း ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပလေ့ရှိသည်။ ထိုဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ထိုရွာမှ ရဟန်းဘဝသို့ရောက်ကြ သော ရဟန်းငယ်များကိုလည်း အထူးပင့်ကြပါ သည်။

ဒက္ခိဏာရုံစာသင်တိုက်တွင် စာသင်နေ သော ဦးဝဏ္ဏိတသည် ညောင်ပင်သာရွာမှ ရွာသား ဖြစ်၍ ဆွမ်းဆန်စိမ်းအလှူအပင့်ခံရသည်။ ဆွမ်းဆန်စိမ်းအလှူခံပြီး ပြန်လာသော ဦးဝဏ္ဏိတ ကို ဆရာတော်က မောင်ဝဏ္ဏိတ မနေ့က ဆွမ်းဆန် စိမ်းလောင်းလှူပွဲမှာ တော်တော်ကလေး ဖွံ့ဖြိုးလာ မှာပေါ့'

ဟုမေးရာ ဦးဝဏ္ဏိတက စိတ်မသက် မသာနှင့် ပင့်ခံရတာနှင့် ရတာနှင့် မကာမိပါဘူး ဘုရား ပင်ပန်းတာနှင့် အချိန်ကုန်တာပဲ အဖတ် တင်ပါတယ်ဘုရား' ဟု ပြန်လျှောက်ထားသည်။


'ဆွမ်းဆန်စိမ်း သိပ်မလောင်းကြဘူးလား'

'လောင်းတော့ လောင်းပါတယ်ဘုရား ဒါပေမယ့် ဆန်တွေ၊ ပဲတွေ၊ လက်ဖက်ခြောက်တွေ သာများနေပြီး နဝကမ္မက မျှော်မှန်းသလောက် မရ တော့ သွားရတာနှင့် မတန်ပါဘူးဘုရား' ဟုလျှောက်ထားသည်။

'အော် မောင်ဝဏ္ဏိတ မင်းဟာက သစ်ပတ်ရွာက တောထွက်ကိုယ်တော်ကြီးကို မုံရွေး ဆရာတော်က ဆုံးမတဲ့ အသွားလောဘ၊ အပြန် ဒေါသ၊ ကျောင်းရောက်မောဟဆိုတဲ့ ပုံလို ဖြစ်နေ သကိုးကွဲ့' ဟု မိန့်ကြားရာ

ဆရာတော် ထိုစကား ဝေါဟာရ အကျယ်ကလေးကိုသိပါရစေဘုရား' ဟု အနီးရှိ သံဃာတစ်ပါးက လျှောက်ထားသည်။

'အေးရှေးက သစ်ပတ်ရွာမှာ ကျောင်း စောင့်ကျောင်းထိုင်လုပ်နေတဲ့ အသက်ကြီးမှ ရဟန်းဖြစ်လာတဲ့ တောထွက်ကိုယ်တော်ကြီး တစ်ပါးရှိသတဲ့၊ သူက သဒ္ဓါကြောင့် ဘုန်းကြီးဝတ် လာတာမဟုတ်၊ စားဝတ်နေရေးကြောင့် ဘုန်းကြီး ဝတ်လာသူဖြစ်လေတော့ စာပေ ပရိယတ် ဝိနည်း ကလဲ မတတ်၊ တရားဓမ္မအနှစ်သာရကလဲ မသိဖြစ် လေတော့ လာဘ်၊ လာဘကို အလွန်တပ်မက်ပြီး နေသတဲ့။ ဘုန်းကြီးဝတ်ပြီး အနေချောင် အစား ချောင်နေရတာကိုပဲ အလွန်သဘောကျနေတဲ့ ကိုယ်တော်ကြီးပေါ့ကွယ်၊ တစ်နေ့တော့ အဲဒီကိုယ် တော်ကြီးဟာ အင်းပင်သာရွာသို့ သာရှင်ပြုပွဲ



ကြွရသတဲ့၊ အင်းပင်သာရွာက သူကြီးက သားရှင် ပြုပွဲမှာ ပဝါရဏာလိုက် သံဃာများအားလုံးကို ပင့်ဖိတ်သတဲ့၊ ကိုယ်တော်ကြီးက သူကြီးရဲ့သား ရှင်ပြုပွဲအလှူဆိုတော့ မြက်မြက်ကလေး ရမှာပဲဆို ပြီး တွက်ကိန်းနှင့် ကြွလာတော့တာကိုးကွဲ့၊ သူကြီး အလှူက လှူရန်ဝတ္ထုပစ္စည်းမှာ သူမျှော်မှန်းထား သလောက်မရတော့ ဆရာတော်တွေရှေ့မှာ အင်း လှူတာက သူကြီး လှူဘွယ်က ညောင်သီးကိုးကွဲ့' ဟု ပြောသတဲ့။

ထိုစကားကို မုံရွေးဆရာတော်က ကြား တော့ အင်း သစ်ပတ်က တောထွက်ကတော့ အသွားလောဘ၊ အပြန်ဒေါသ၊ ကျောင်းရောက် မောဟပုဂ္ဂိုလ်ကိုးကွဲ့ ဟု ပြောသတဲ့။ အဓိပ္ပါယ်ရှင်း ပါဦး ဘုရားလို့လျှောက်တော့ အင်း သစ်ပတ် တောထွက်က သူကြီးအလှူလာတုန်းက သူကြီးမင်း အလှူဆိုတော့ ငါလှူဘွယ်ဝတ္ထုတွေ အများကြီး ရမှာပဲဆိုပြီး လောဘနှင့် ကြွလာတယ်၊ ယခု သူကြီးအလှူက လှူဖွယ်ဝတ္ထုနည်းတော့ မကျေမနပ်ဖြစ်ပြီး ဒေါသဖြစ်ရတော့တာပေါ့၊ အလှူကနေ ကျောင်းပြန်ရောက်တော့ မောပြီး အိပ်တော့ မောဟဖြစ်တော့တာပေါ့ကွဲ့ ဟု ရှင်းပြ ရာ အားလုံးသော အလှူခံကြွဆရာတော်များမှာ တသောသော ရယ်မောကြလေတော့တာပေါ့ကွယ်' ယခုလဲဘဲ ဝဏ္ဏိတက ညောင်ပင်သာရွာဆွမ်းဆန် စိမ်းအလှူခံ လောဘနှင့်သွား၊ ယခုပြန်လာတော့ ငွေမရ ဆန်တွေသာရတော့ မကျေမနပ်ဒေါသ၊ ဆွမ်းဆန်စိမ်းခံကြွရတော့ မောလာတော့ အိပ်တော့မှာဖြစ်သည့်အတွက် မောဟဖြစ်တော့မှာ ပေါ့ကွယ်' ဟု မိန့်ကြားရာ သံဃာတော်များမှာ ဦးဝဏ္ဏိတကို ကြည့်ပြီးတသောသော ရယ်မောကြ လေတော့သည်။

ခင်သူဇာမြင့်

စာမျက်နှာ ၃၄ မှ

အခုနလို သူတို့ကလည်းဘဲ တိုက်ခိုက်မယ် ဆိုတဲ့အနေနဲ့ ယှဉ်ကြတော့ သူတို့ နတ်က ကြောက်ကြောက်ရွံ့ရွံ့နဲ့။ ရှင်ဘုရင်က မကျေနပ်လိုက်တာ ဒီဘက်ရှင်ဘုရင်က "အရှင်မင်း မြတ်၊ မြင်ရဲ့လား ဟိုဘက်နတ်" "မြင်တယ်၊ တို့နတ် က ကြောက်နေတယ်" "ဘယ်နားမှာတုန်း ဟိုနတ်က။ ဒီနားမှာလို့ဆိုတော့ "ပြေးပြေးပြီး မမြင်တဲ့နတ်ကို ဝိုင်းထိုးလိုက်ကြတာ၊ လူပေါင်းတစ်ထောင် ဝိုင်းထိုးတာ ဒီနတ်လွတ်မလားလို့ ဆိုတယ်။ တစ်ခါတည်း သေတာတဲ့၊ အဲဒီနတ်ဟာ။ အဲ့ဒီနတ်လည်းသေရော ဟိုဘက်က စစ်တပ်လည်း ဖရိုဖရဲဖြစ်ပြီးတော့ ပြေးတာပဲ။ အဲဒီတော့ သိကြားမင်းက နိုင်မယ်လို့ ဟောထားတဲ့ဘက်က တစ်ခါတည်းရှုံးတယ်။

ရှုံးတဲ့ဘက်က ဆဲဆိုပြီးတော့ ရသေ့ညာ တယ်။ ရသေ့ညာတယ်ဆိုပြီး ဆဲဆိုပြီးပြေးကြရော။ ရသေ့ကလည်း စိတ်မကောင်းဖြစ်လို့ ငါကညာတာ မဟုတ်ဘူး။ သိကြားမင်းလာမှ ပြောဦးမယ်။ နောက် သိကြားမင်းက လာတယ်။ သိကြားဆိုတာ လိမ် ကောင်းသလား နတ်ဆိုတာ လိမ်ကောင်းသလား ပြောစမ်းပါဦး။ နတ်လိမ်သလား။ နိုင်တဲ့နတ်က ရှုံးပါ ကော။ နတ်က လိမ်ကောင်းသလားဆိုတော့။

"အရှင်ဘုရား မကြားဖူးဘူး လား" ဒေဝါ- နတ်တို့သည် ပုရိသ ပရက္ကမဿ ယောကျ်ားတို့၏ လုံ့လဝီရိယကို၊ နက္ကသရန္တိ- မပြုစုကြကုန်" လုံ့လဝီရိယကို တပည့်တော်တို့ နတ် တွေကအင်မတန်ကြိုက်တယ်။ ပြုစုလို့မကောင်းဘူး။ လုံ့လဝီရိယရှိရင် တပည့်တော်တို့နတ်တွေက သိပ် သဘောကျတာဘဲ။ ခုတော့ တပည့်တော်တို့က နိုင် မယ် ဟောထားတဲ့နတ်ဘက်က လုံ့လဝီရိယ ရှိမှ မရှိဘဲဆိုတော့ ဟိုက လုံ့လဝီရိယနဲ့ ဝိုင်းထိုးတဲ့ဥစ္စာ နတ်မသေဘဲ နေပါ့မလား။ ဒီတော့ တပည့်တော်တို့ က လုံ့လဝီရိယကိုပဲ ချီးမွမ်းတာဆိုတော့ နဂိုအတိုင်း တော့ မှန်တာပဲ တပည့်တော်တို့ပြောတဲ့ဘက်က နိုင်မှာပဲ။ လုံ့လဝီရိယညံ့တာနဲ့ပဲ တပည့်တော်တို့ ပြောတဲ့ဘက်က ရှုံးရတယ်။ နတ်တွေကလည်း လုံ့လဝီရိယကို အင်မတန်မှ အားပေးပါတယ်။

အရှင်ဇနကာဘိဝံသ

အကုန်မှန်အောင် မပြော တတ်ဘူးဗျ"

"အေး. . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ဒီဇာတ်တော်ကပေးတဲ့ သင်ခန်းစာတွေ၊ လိုက်နာစရာတွေတော့ တို့ရတာပဲမဟုတ်လား"

"ဟုတ်တယ်နော်. . . ကိုလေး"

**"အေး. . ဘုရားရှင်က အစွန်းနှစ်ပါး လွတ်အောင် မိန့်တာတွေ၊ ကျေးဇူးဆပ်သင့်ပုံတွေ၊ ပြီးတော့ ဝဋ်ကြွေးရဲ့ ကြောက်စရာကောင်းပုံတွေ တို့သိလိုက်ရတာပဲလေ"**

"ပြီးတော့ ကျန်သေးတယ် ကိုလေးရ"

"အရှင်သာရိပုတ္တရာရဲ့ မယ်တော်ကြီးက နောင်တရတယ်တဲ့"

"ဘုရားသာသနာမှာ တကယ်အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ကြီး သူ့ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့သားကိုယ်တော်မြတ်ကြီး ရှိခဲ့တာတောင် သူ့ဆွမ်းတစ်နပ်မှ မကပ်လိုက်ရလို့တဲ့လေ"

"အေးပေါ့. . . သနားစရာပေါ့ကွာ"

"ပြောမယ့်သာ ပြောရတာပေါ့ကွာ။ အဲဒီအရှင်သာရိပုတ္တရာ မယ်တော်ကြီးထက် သနားစရာကောင်းတာက ငါကွ"

"ဟာ. . ကိုလေးကလည်း ဘာဆိုင်လို့လဲ"

"အေး. . မင်းကရွာမှာနေတာဆိုတော့ ဘုန်းကြီးနဲ့ ဘုန်းကြီးကျောင်းနဲ့ မကင်းကွာဘူး"

"အခုလို ရံဖန်ရံခါ တရားနာရတာလေးတွေတော့ ရှိသေးတာပေါ့ကွာ။ ငါ ရန်ကုန်ရောက်ကတည်းက တရားနာဖို့မပြောနဲ့ ဘုန်းကြီးကျောင်းကို တစ်ခေါက်မှ မရောက်ဖြစ်တော့ဘူး"

"ဘုန်းကြီးကျောင်းတွေနဲ့က ဝေးလို့လား ကိုလေး"

"ဘယ်ဝေးမလဲကွာ။ အခု ငါလုပ်နေတဲ့ ကားဝပ်ရှော့ဆိုင်ရှိတဲ့ လမ်းထိပ်က ဘုန်းကြီးကျောင်းပဲ။ မိုးကုတ်ဝိပဿနာ တရားတွေပြတယ်"

"ငါ ရွာကထွက်လာပြီးကတည်းက တရားနာဖြစ်တာ။ အခု မင်းပြောပြတဲ့ တရားပဲ"

"ဟာ. . ကိုလေးကလည်း"

"တကယ်ပြောတာပါကွာ။ ငါ မလိမ်ပါဘူး။ ငါ့အတွက်တော့ ငါ့ညီက ဟိုး. . ဘုရားရှင်လက်ထက်တော်က ခုဇ္ဇုတ္တရာ ခါးကုန်းမလေးပါပဲ"

"ငါ ရွာကထွက်မယ့် နှစ်တုန်းက ရွာကျောင်းကထိန်ပွဲ မင်းမှတ်မိသေးလား"

"မှတ်မိတာပေါ့ ကိုလေးရ"

"အေး. . အဲဒီကထိန်တုန်းက ဘုန်းကြီးပြောတဲ့ စကားတစ်ခွန်းက အခုထက်ထိ မမေ့ဘူး"

"ဘာများလဲ ကိုလေးရ"

**"မင်းတို့လူတွေက စီးပွားရေးလေးများ အဆင်ပြေလို့ကတော့ ဘုန်းကြီးနဲ့ ဘုန်းကြီးကျောင်းရှိတယ်ကို မထင်ဘူး။ အဆင်မပြေမှ ဘုန်းကြီးကျောင်းကို သတိရတယ်တဲ့"**

"ဟုတ်လည်း ဟုတ်တာပဲကွ၊ တို့လူတွေက"

"ငါ စဉ်းစားထားတယ်ကွ။ ဆုံးဖြတ်ချက်ကတော့ မချရသေးဘူး"

"ဘာကိုလဲ ကိုလေး"

"တို့ ဆိုင်ရှင်ကပြောတယ်။ အခုလာမယ့် သင်္ကြန်မှာဒုလ္လဘဝတ်ချင်ရင် ဆိုင်ကအလုပ်သမားတွေ ဘယ်သူမဆို အကုန်ဝတ်လို့ရတယ်တဲ့"

"အခု တို့လမ်းထိပ်က ဘုန်းကြီးကျောင်းမှာပေါ့ကွာ။ သင်္ကြန်ရက်ကျရင် တရားစခန်းကလည်း ရှိတယ်ကွ။ အဲဒီ (၁) လ အတွင်း ပစ္စည်းလေးပါး တာဝန် သူယူမယ်ပေါ့ကွာ"

"ကိုလေးကလည်း ဒီလောက်ကောင်းတဲ့ အခွင့်အရေးကိုများ ဆုံးဖြတ်ချက် မချရသေးဘူးလို့ လက်လွှတ်မခံနဲ့နော်"

"အေးကွာ. . အခု ငါဆုံးဖြတ်ချက်ချလိုက်ပြီ"

"တကယ်နော်"

"တကယ်ပေါ့ကွ"

" အဲဒီလိုဆိုရင် သင်္ကြန်ကျရင် ပုသိမ်က အစ်ကိုကြီးနဲ့ ကျွန်တော် ကိုလေးကို သင်္ကန်းဝတ်နဲ့ ဖူးရင်း လာခဲ့မယ်နော်"

"အေး. . လာခဲ့ပေါ့ကွာ"

"ကဲ. . ကဲ. . ခရီးသည်တွေအားလုံး ဒီမှာ ခဏနားမယ်။ နေ့လည်စာ ဒီမှာစားလို့ရတယ်။ ကျန်းမာရေးကိစ္စလည်း ဒီမှာလုပ်လို့ရတယ်။ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို ကိုယ်နဲ့တစ်ပါတည်းယူသွားပြီးမှ ဆင်းကြပါ"

စပယ်ယာရဲ့ အော်သံကြားလိုက်မှ ကျွန်တော်တို့ ညီအစ်ကို စကားပြတ်သွားပါတော့တယ်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိကြပါစေ။

**လူအေး (တမာမြေ)**




## ဓမ္မစာရေးဆရာကြီး ဦးမြတ်ဝေအတွက် အလှူငွေ လှူဒါန်းခြင်း

မေလ (၂) ရက်နေ့က ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့သော ဓမ္မဝီရဂျာနယ် ပင်တိုင်ဆောင်းပါးရှင် ဓမ္မစာရေးဆရာကြီး ဦးမြတ်ဝေ (ရွှေပြည်သာ) ၇၇-နှစ်အား ရည်စူး၍ ရွှေပြည်သာမြို့၊ အမှတ် (၈) ရပ်ကွက်၊ သီရိပန်းခြံ၊ ကျန်စစ်သားလမ်းနေ ဇနီးသည် အငြိမ်းစား အထက်တန်းပြဆရာမကြီး ဒေါ်လေးယဉ်နှင့် သားသမက် ဗိုလ်မှူး ကိုကိုအောင် (ငြိမ်း)-သမီးဒေါက်တာ သီသီစိုး (ဇီဝကဆေးကုခန်း) တို့က၊ ရွှေပြည်သာမြို့ မေတ္တာရွှေပြည်နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အသင်းမှ တာဝန်ရှိသူ ပုဂ္ဂိုလ်များဖြစ်ကြသော ဒုတိယဥက္ကဋ္ဌ-ဦးထွန်းတင်၊ ဘဏ္ဍာရေးမှူး ဦးထွန်းမြင့်နှင့် အမှုဆောင်ဦးမျိုးသက်အောင်တို့က လက်ခံရယူကြသည်။

# ရတနာသိုမိုး တွင်းဟောင်းကြီး

**ဇော်နောင်**



* တရံရောအခါ ပြည်ဗာရာ၊
ဗြဟ္မဒတ်မင်း မင်းပြုခါ။
ဗုဒ္ဓလောင်းလျာ ထိုစဉ်က၊
ကုန်သည်မှူးကြီးသူ့ဘဝ။

* တစ်နေ့ကာလ ရောက်သောအခါ၊
ကုန်သည်အပေါင်း ခြံရံကာ။
ခက်ခဲကန္တာ ခရီးကြမ်း၊
လှည်းတပ်ကြီးနဲ့ သူဖြတ်သန်း။

* ခရီးလမ်းပန်း တစ်နေရာ၊
ရေတွင်းဟောင်းတစ်ခု တွေ့တဲ့အခါ။
ရေသောက်ပါမည် ကြံစိတ်ကူး၊
ထိုရေတွင်းကိုတူး။

* ကုသိုလ်ထူးလှ ကုန်သည်တွေ၊
အဖိုးတန်တဲ့ စိန်၊ ရွှေ ငွေ။
ရေတွင်းထဲက သူတို့ရ၊
ကခုန်မြူးထူး အော်ဟစ်ကြ။

* ရပြီးရင်းရ ထပ်ရချင်၊
သူတို့စိတ်ထဲ လောဘဝင်။
လှည်းမှူးကြီးလျှင် သတိပေး၊
လောဘတက်က ရလိမ့်ဘေး။

* သတိပေးလည်း ချည်းနှည်းသာ၊
လောဘစေခိုင်း ဆက်တူးရာ။
မြေအောက်မှာနေ နဂါးမင်း၊
မြေကြီးခဲတွေ သူ့အပေါ်ဆင်း၊
ဒေါသမာန်ဟုန် တဝင်းဝင်း။

* လှည်းမှူးမှကြွင်း အားလုံးပင်၊
လောဘစိတ်ကြောင့် ကြမ္မာငင်။
နဂါးမင်းလျှင် လေဖြင့်မှုတ်၊
အသက်ဇီဝိန်ချက်ချင်းချုပ်။

* ရုတ်တရက်ကြီးပေါ်ထွက်လာ၊
မြေအောက်စံပျော် နဂါးမင်းပါ။
လှည်းတွေပေါ်မှာ တင်ကာဖြည့်၊
လှည်းတိုင်းရတနာအပြည့်။

* ဤသို့ဖြည့်၍ ပြီးပါလျှင်၊
ဘုရားလောင်းကို လှည်းပေါ်တင်၊
နဂါးလုလင် အပေါင်းတို့၊
အိမ်တိုင်ရာရောက် လိုက်လံပို့။

**အတိတ်၏ ပုံရိပ်**

ဤဇရူဒပါနဇာတ်ကို အခါတစ်ပါး မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်၊ သာဝတ္ထိပြည် ကုန်သည်တို့ကို အကြောင်းပြုပြီး ဟောကြားတော်မူခြင်းဖြစ်သည်။ ထိုကုန်သည်တို့သည် သာဝတ္ထိပြည်မှနေ၍ အရပ်တစ်ပါးသို့ ကုန်ရောင်းကုန်ဝယ်သွားမည်ရှိသောအခါ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီး သရဏဂုံနှင့်တကွ သီလတို့ကို ခံယူပြီးမှ လိုရာခရီးကိုသွားကြသည်။ ထိုကုန်သည်တို့သည် လမ်းခရီး၌ ရေတွင်းဟောင်းကို မြင်၍ ရေရစိမ့်သောငှာ ထိုရေတွင်းဟောင်းကို ဝိုင်းဝန်းတူးဖော်ကြသည်။ ထိုရေတွင်းမှ ရေကိုမရဘဲ ကြေးနီ ကြောင်မျက်ရွဲတို့ကိုရသည်။ ထိုဥစ္စာရတနာတို့ကို လှည်းအပြည့်တင်၍ ပြန်လာကြသည်။ မိမိနေရာ ဌာနပြန်ရောက်သော် မြတ်စွာဘုရားကို ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီး ၎င်းတို့ပစ္စည်းဥစ္စာ ရတနာတို့ကို ရရှိခဲ့သည့်အကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက 'သင်တို့မှာ ရရှိသည့် ဥစ္စာဖြင့် ရောင့်ရဲသည်ဖြစ်၍ ဥစ္စာလဲရသည်။ အသက်အန္တရာယ်လည်း မရှိ။ ဟိုရှေးက လူများမှာမူ ရောင့်ရဲမှု မရှိ၊ ပညာရှိ၏ စကားကိုလည်း နားမထောင်သဖြင့် အသက်ကုန်ခြင်းသို့ ရောက်ရသည်' ဟု မိန့်တော်မူရာ ကုန်သည်တို့မှ လျှောက်ထားတောင်းပန်သဖြင့် အတိတ်ကိုဆောင်တော်မူပါသည်။

တစ်ခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းသည် ကုန်သည်မှူးကြီးဘဝ၌ဖြစ်သည်။ တစ်နေ့သော် ကုန်သည်အပေါင်းနှင့် ကန္တာရခရီးတစ်ခုကို ထွက်ခဲ့သည်။ လမ်းခရီးတစ်နေရာတွင် ရေတွင်းဟောင်းတစ်ခုကိုတွေ့၍ သောက်ရေရစိမ့်သောငှာ ထိုရေတွင်းဟောင်းကို ဝိုင်းဝန်း၍ တူးကြသည်။ ကုန်သည်တို့က ကုသိုလ်ထူးလှသည်။ ရေတွင်းထဲမှ မြောက်မြားစွာသော အဖိုးတန် ရတနာများကို ရလေသည်။ ကုန်သည်တို့သည် ရပြီးရင်း ရချင်သဖြင့် ရေတွင်းဟောင်းကြီးကို ဆက်၍ တူးမြဲတူးသည်။ ထိုအခါ ကုန်သည်မှူးကြီးက **'လောဘကို သတ်ကြ၊ လောဘသည် ပျက်စီးခြင်း၏ အရင်းခံဖြစ်သည်'**ဟု သတိပေးသည်။ သို့သော် လောဘတက်နေကြသော ကုန်သည်တို့က ကုန်သည်မှူးကြီး၏ စကားကို မနာယူကြ၊ ထိုရေတွင်းဟောင်းကြီး၏ အောက်၌ နဂါးမင်း နေလေသည်။ ကုန်သည်တို့ တူးသဖြင့် မြေကြီးခဲတို့ ၎င်းအပေါ်သို့ ကျရောက်ထိမှန်လျှင် နဂါးမင်းသည် အလွန်ဒေါသထွက်သည်။ ထို့ကြောင့် ဘုရားအလောင်း ကုန်သည်မှူးကြီးမှတစ်ပါး ကျန်သော ကုန်သည်အားလုံးကို ၎င်း၏နှာခေါင်းလေဖြင့်မှုတ်ကာ အသက်ဆုံးစေလေသည်။ ထို့နောက်တွင်မူ နဂါးမင်းကိုယ်တိုင် တက်လာပြီး နဂါးလုလင်တို့နှင့်အတူ လှည်းအားလုံးကို ရတနာ အပြည့်တင်စေပြီး နဂါးလုလင်တို့က လှည်းမောင်းကာ ဘုရားအလောင်း ကုန်သည်မှူးကြီးအား အိမ်တိုင်ရာရောက် လိုက်ပို့ကြသည်။ ဇာတ်ပေါင်းသော် ထိုစဉ်အခါက နဂါးမင်းကားယခု ရှင်သာရိပုတ္တရာ၊ ထိုစဉ်အခါက ကုန်သည်မှူးကြီးကား ယခုငါဘုရားရှင်ဟု ဇာတ်ပေါင်းတော်မူသည်။

**ကျမ်းကိုး**

ဇရူဒပါနဇာတ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု
(ညောင်ကန်ဆရာတော်)
ဇော်နောင်

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

ဓမ္မဝီရဂျာနယ်

DhammaVira Journal

ဓမ္မဝီရ
ရသအမှန်၊ တရားမှန်သာ
အားခွန်ပြည့်ဝ နှလုံးလှ၍
ဘဝအနေ၊ အလှဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မချွတ်ဆောက်ပုံ၊ ကူညီအုံး
ဖော်နေခြင်

International Religious network media NEWS

**The Truth is Unbelievable**

# A Momemtous Meeting gives Reel Life to Extraordinary Monk

# ထူးခြားဆန်းကြယ်သော ရဟန်းတော်တစ်ပါး၏ ဘဝနက်ရှိုင်းမှုကို ထင်ဟပ် ဖော်ပြခြင်း။

**By Kumudini Hettiarachchi, Sunday Times (Sri Lanka), May 3, 2009**

**TRANSLATED Into Myanmar language**
**By Dhamma Vira Thandar, ITBM University, Yangon.**

ဓမ္မဝီရ- သန္တာ ပြန်ဆိုတင်ပြသည်။

(Continue From Last Week)

The exhibition was held in the meditation room of the Sumbodhi Viharaya in Colombo 7, but he had passed away by that time, recalls Cora.

If certain things were not meant to be they were not meant to be, she says adding that it was as if he was guiding the whole thing.

ဘိက္ခုသုမေဓာအရှင် စီစဉ်ညွှန်ကြားတော်မူသည့်အတိုင်း ၎င်းပြပွဲကြီးကို သီရိလင်္ကာနိုင်ငံ ကိုလန်ဗိုမြို့ သမ္ဗောဓိ ဝိဟာရယ ဗိမာန်အခန်း အမှတ် (၇) ဝိပဿနာဘာဝနာပွားများအားထုတ်ရာ ခန်းမဆောင်ကြီးတွင် ခမ်းနားသိုက်မြိုက်စွာ ခင်းကျင်းပြသခဲ့ကြလေသည်။

သို့သော် ထိုရဟန်းတော် အရှင်မှာမူကား ထိုအချိန်တွင် ပျံလွန်တော်မူရှာလေပြီ။ ပန်းချီ အနုပညာရှင် ဆရာမကိုရာအဖို့ အရာမေ့မရနိုင်လောက်သော အမှတ်တရတစ်ရပ်ဖြစ်ခဲ့ရပြီဖြစ်သည်။

ဤကမ္ဘာလောက၌ ရေရာသေချာမှုမရှိကြသော အရာမှန်သမျှတို့သည် အတည်မမြဲ အမြဲမတည်နိုင်ကြပေ။ ယင်းအတည်မမြဲ အမြဲမတည်သော ဓမ္မတရားသည် ကြင်နာမှုဆိတ်သုဉ်းကင်းမဲ့သော ဓမ္မသာဖြစ်သည်။

ဘိက္ခုသုမေဓာအရှင်မြတ်သည် ကျွန်ုပ်တို့အား လောကဓမ္မတရားနှင့် စပ်၍ အလုံးစုံလွှမ်းခြုံသော လမ်းညွှန်မှုဖြင့် ဆုံးမတော်မူခဲ့သည်တွင် ယင်းလေးနက်နက်ရှိုင်းသော မမြဲခြင်း ဓမ္မသဘောကို ထပ်လောင်းဖြည့်စွက်လျက် လိုက်နာကျင့်ဆောင်ကြရန် ချမှတ်ပေးတော်မူခဲ့ပြီဟု အနုပညာ ဆရာမကိုရာက ပြောကြားလေသည်။

She cites the example of a huge table that couldn't be taken out of the room, Wracking her brains how to deal with it she had decided to cover it with white cloth, bought metres of it and hired a tailor to stitch it up.

The day before the exhibition when they attempted to fit the cloth, it just would not. Desperate she wondered what to do when an idea crossed her mind- why not use his robes and "that was perfect".

ပျံလွန်တော်မူသော ရဟန်းတော် ဘိက္ခုသုမေဓာအရှင်၏ အလောင်းပေါ်၌ လုံခြုံစွာ ခြုံလွှမ်းပေးရန်အတွက် ရှည်လျားသော ပိတ်ဖြူစကြီးတစ်စ



စီမံချုပ်လုပ်ရန် ကိစ္စနှင့် စပ်လျဉ်း၍ သူမ (ဆရာမကိုရာ)အဖို့ ဦးနှောက်ခြောက်ခန်းလောက်အောင် စဉ်းစားခန်းထုတ်နေရပေသည်။ အလောင်းတော်တစ်ခုလုံးကို လုံခြုံစွာဖုံးလွှမ်းနိုင်လောက်သည့် ဖျဉ်ပိတ်ဖြူစမှာ ရှည်ရှည်လျားလျားရှိရမည့် အထည်စကြီးဖြစ်၍ အပ်ချုပ်သည် တစ်ယောက်ယောက်ထံ ပိတ်စဝယ်ယူချုပ်လုပ်စေရသော်ကောင်းမည်လော၊ သို့တည်းမဟုတ် ၎င်းအပ်ချုပ်သမားထံတွင် အရံသင့်ရှိမည့် ပိတ်စတစ်စကို ခေတ္တခဏ ငှားရမ်း၍ လိုအပ်သလို စီမံရသော်လည်းကောင်းမည်လောဟု အမျိုးမျိုး စဉ်းစားလျက်ရှိနေလေ၏။

ဤနေရာ၌ ဆရာမက ဥပမာအကိုးသာဓက တစ်ရပ်ကို ထုတ်ဖော်ပြောပြသေး၏။ အလွန်တရာကြီးမားစွာ စီမံပြုလုပ်တပ်ဆင်ထားသော စားပွဲခုံကြီး တစ်လုံးကို အခန်းတွင်းမှ အခန်းပြင်သို့ ရုတ်ချည်းချက်ချင်းထုတ်ယူပြောင်းရွှေ့၍ မရနိုင်သည့်အတွက် ထိုစားပွဲခုံကြီးအား မည်သို့မည်ပုံထုတ်ယူပြောင်းရွှေ့ရမည်ကို စဉ်းစားမရဖြစ်နေသကဲ့သို့ ယခုဘိက္ခုအရှင်၏ အလောင်းပေါ်တွင် လွှမ်းခြုံပေးရမည့် အပေါ်ယံခြုံထည်ကိစ္စမှာလည်း ခေါင်းခဲစရာ ပြဿနာ တစ်ရပ်ဖြစ်နေသည်ဟု ပြောသည်။

၎င်းတို့ ခင်းကျင်းပြသရန် စီစဉ်ထားသော ပြပွဲကြီး မတိုင်မီရက် အနည်းငယ်အလို တစ်နေ့တွင် အလောင်းနှင့် အတိအကျ တိုင်းတာချုပ်လုပ်

● စာမျက်နှာ ၂၃ သို့